ကြေးမုံ
The Mirror Daily
Established in 1957
၁၉၅၇ ပြေ ၁၆ တွင် စတင်တည်ထောင်သည်။

e – paper ဖတ်ရှုရန်

၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက် ကြာသပတေးနေ့။ Thursday, 8 October 2026 ၁၂၃၂၅

မိမိကိုယ်ကို ကောင်းစွာစောင့်ရှောက်

မိမိကိုယ်ကိုချစ်လျှင် (အကုသိုလ် မဖြစ်စေရအောင်၊ ကုသိုလ်ပွားများအောင်) မိမိကိုယ်ကို ကောင်းစွာစောင့်ရှောက်ရာ၏၊ အရွယ်သုံးပါးတို့တွင် (အနည်းဆုံး) တစ်ပါးပါးသော အရွယ်၌ ပညာရှိသော သူသည် မိမိကိုယ်ကို အကုသိုလ်မှ စင်ကြယ်အောင် စောင့်ရှောက်ရာ၏။

အတ္တဝဂ်(ဓမ္မပဒ–၁၅၇)

Bilateral Trade and Investment
Myanmar to Malaysia
Ninth Largest Investor
Mutual Complementarity
Trade
US Dollar (USD) $ 1.02 Billion
A Total of 32 Investment Projects
Malaysia to Myanmar

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာ–မလေးရှား နှစ်နိုင်ငံ စီးပွားရေးဆိုင်ရာ အဆင့်မြင့်ဆွေးနွေးပွဲသို့ တက်ရောက်၍ နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာ-မလေးရှား နှစ်နိုင်ငံ စီးပွားရေးဆိုင်ရာ အဆင့်မြင့်ဆွေးနွေးပွဲသို့ တက်ရောက်၍ နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေးဆိုင်ရာများ ဆွေးနွေးပြောကြား

နေပြည်တော် အောက်တိုဘာ ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် မလေးရှားနိုင်ငံတို့အကြား ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်နိုင်ရန် ရည်ရွယ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) နှင့် မလေးရှားနိုင်ငံ ကုန်သည်စက်မှုအသင်းချုပ်(NCCIM)တို့က ဦးစီးကျင်းပပြုလုပ်သည့် မြန်မာ–မလေးရှား နှစ်နိုင်ငံ စီးပွားရေးဆိုင်ရာ အဆင့်မြင့် ဆွေးနွေးပွဲ (Myanmar–Malaysia High Level Business Dialogue 2026)ကို ယနေ့မွန်းလွဲပိုင်းတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ InterContinental Kuala Lumpur Hotel ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ပြီး နှစ်နိုင်ငံအကြားရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေးဆိုင်ရာများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ယနေ့မိုးလေဝသ

နေပြည်တော်နှင့် အနီးတစ်ဝိုက်

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်

တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

MSMEs စဉ်ဆက်မပြတ် တိုးတက်မှုနည်းလမ်းများ

ဆောင်းပါး စာမျက်နှာ » ၁၀

ထူးချွန်ထက်မြက်သည့် ကျောင်းသားကျောင်းသူများ ဖြစ်လာစေရန် ရည်ရွယ်၍ အိမ်တွင်းမှုစက်ချုပ်သင်တန်း၊ ဇာထိုးပန်းထိုးသင်တန်း၊ စက်မှုလက်မှုသင်တန်း၊ ပန်းချီသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိ

စာမျက်နှာ » ၁၂

ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာသည့် DPLA နှင့် KNPP အမည်ခံအဖွဲ့ဝင် ၄၈ ဦးတို့အား မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးအပ်

စာမျက်နှာ » ၁၉

ကျွန်းလှမြို့နယ်၌ မိုးမြေပဲစိုက်ကေအားလုံး ရိတ်သိမ်းပြီးစီး

ကျွန်းလှ အောက်တိုဘာ ၇

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် ဆီထွက်သီးနှံမျိုးစုံစိုက်ပျိုးထုတ်လုပ်ကြရာ ယခုနှစ် မိုးရာသီစိုက်ပျိုးခဲ့သော မိုးမြေပဲစိုက်ကေအားလုံး ရိတ်သိမ်းပြီးဖြစ်သည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ○

မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အားကစားကွင်း၊ အားကစားရုံများ အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိ

နေပြည်တော် အောက်တိုဘာ ၇

မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ပြင်ဦးလွင်မြို့နယ် အားကစားကွင်း အခြေအနေ၊ ခရိုင်အားကစားကွင်း အတွင်းရှိ တင်းနစ်ကွင်း၊ ဖူဆယ်ရုံ၊ တိုက်ကွမ်ဒိုရုံ၊ ကြက်တောင်ရုံ၊ လက်ဝှေ့ရုံ၊ စားပွဲတင်တင်းနစ်ရုံ၊ GYM ခန်းမ၊ ဘောလုံးကွင်းနှင့် Synthetic ပြေးလမ်းနှင့် အားကစားကွင်း၊ အားကစားရုံများတွင် အားကစားနည်းများအလိုက် အားကစားသမားများ လေ့ကျင့်နေမှုကို ယနေ့နံနက်ပိုင်းတွင် အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီ

စာမျက်နှာ ၆ ကော်လံ ၂ သို့ ✳

ကြေးမုံ

အစွန်းရောက်ရာသီဥတုပြောင်းလဲမှု ကြိုတင်ကာကွယ်သတိပြုဆင်ခြင်

မြန်မာနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ချက်အရ ၂၀၂၆ ခုနှစ် အောက်တိုဘာလ ၆ ရက်နေ့မှစတင်၍ အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ဆုတ်ခွာသွားပြီဖြစ်ကြောင်း သိရသည်။ ပုံမှန်အားဖြင့် မိုးရာသီကာလကုန်ဆုံးပြီးနောက် ဆောင်းရာသီကာလသို့ ရောက်ရှိလာပြီဖြစ်သော်လည်း လက်ရှိအချိန်တွင် ဖြစ်ပေါ်နေသော အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် အပူရှိန်လွန်ကဲသည့် ရာသီဥတုဒဏ်ကို ခံစားကြရမည်ဖြစ်ကြောင်း မိုးလေဝသပညာရှင်များက အသိပေးထားသည်။

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် အနောက်တောင်မုတ်သုံလေ ဆုတ်ခွာပြီးသည်နှင့် အပူရှိန်မြင့်မားမှုကို ချက်ချင်းကြုံတွေ့လာရသည်။ မြန်မာနိုင်ငံအောက်ပိုင်း ပင်လယ်ကမ်းရိုးတန်းနှင့် နီးစပ်သည့်ဒေသများ၌ အပူချိန်မြင့်မားလာသည်နှင့် မိုးတိမ်တောင်များ၊ လေပွေလှိုင်းများဖြစ်ပေါ်လာမှုနှင့်အတူ လေပြင်းတိုက်ခတ်မှုများ၊ မိုးရွာသွန်းမှုများဖြစ်ပေါ်လာနိုင်သည်ဟုဆိုသော်လည်း မိုးရွာသွန်းမှုသည် ခေတ္တခဏမျှသာဖြစ်နိုင်သည်။ သေချာသည်မှာ အပူရှိန်ပြင်းထန်မှုကိုကြုံတွေ့နေရသည်ဖြစ်၍ အပူဒဏ်အန္တရာယ်ကာကွယ်ရေး ကြိုတင်သတိပြုကာဆောင်ရွက်ဖွယ်ရာများကို ပြင်ဆင်ဆောင်ရွက်ထားကြရမည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် အောက်တိုဘာလ ၅ ရက်နေ့က ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအား လိုအပ်သည်များကို လမ်းညွှန်မှာကြားရာတွင် အယ်လ်နီညိုရာသီဥတုကြောင့် ဖြစ်ပေါ်လာနိုင်သည်များအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန် လမ်းညွှန်မှာကြားခဲ့သည်။ အယ်လ်နီညိုရာသီဥတုနှင့်ပတ်သက်၍ ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံသည်လည်း ပြင်းပြင်းထန်ထန် ဆိုးရွားသည့်အပူဒဏ်လွန်ကဲမှုကို ရင်ဆိုင်ကြုံတွေ့လာနိုင်သည်ဟု သုံးသပ်မှုများနှင့်အတူ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်များအတိုင်း သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ပြည်သူများ အပူဒဏ်ကြောင့်ဖြစ်ပေါ်လာနိုင်သည်များကို လျော့နည်းသက်သာအောင် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်သည်။

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်သည် လက်ရှိတွင် ကမ္ဘာတစ်ဝန်းလုံး၌ အားအလွန်ကောင်းနေပြီး ယခုနှစ်အကုန်တွင် အလွန့်အလွန်အင်အားကြီးမားသော အယ်လ်နီညိုဖြစ်စဉ်နှင့် ကြုံတွေ့ရမည်ဖြစ်ရာ တိုက်ရိုက်ထိခိုက်ခံစားကြရမည့်နိုင်ငံများတွင် မြန်မာနိုင်ငံမပါဝင်သော်လည်း အယ်လ်နီညိုဖြစ်စဉ်ကို အနည်းနှင့်အများ ခံစားကြရမည်ဖြစ်သည်။ မကြာမီကာလတွင် မြန်မာနိုင်ငံအနေဖြင့် ဆောင်းရာသီကာလသို့ ရောက်ရှိတော့မည်ဖြစ်သော်လည်း အယ်လ်နီညိုဖြစ်စဉ်ကြောင့် ပူပြင်းခြောက်သွေ့မှုများ၊ မြေအောက်ရေခန်းခြောက်မှုများ ကြုံတွေ့လာနိုင်ပေသည်။ လက်ရှိအချိန်တွင် အချို့သောမြို့နယ်များ၌ ပုံမှန်ထက် အပူချိန်ပိုမိုမြင့်မားမှုများ ကြုံတွေ့နေကြသည်။

မြန်မာနိုင်ငံသည် အပူပိုင်းနိုင်ငံဖြစ်ပြီး အပူချိန်မြင့်မားမှုကို နှစ်စဉ်ကြုံတွေ့ကြရကာ အပူဒဏ်ကို ခံနိုင်ရည်ရှိသည်ဆိုသော်လည်း အပူချိန်မြင့်မားမှုကြောင့်ဖြစ်ပေါ်လာနိုင်သော ကျန်းမာရေး၊ စီးပွားရေးပြဿနာများကို သတိပြုကြရမည်ဖြစ်သည်။ လာမည့် ၂၀၂၇ ခုနှစ် မိုးရာသီကာလမတိုင်မီအထိ အယ်လ်နီညိုရာသီဥတုပူပြင်းမှုဒဏ်ကို ကျော်ဖြတ်နိုင်ရေးအတွက် သောက်သုံးရေနှင့် စိုက်ပျိုးရေတို့ကို သိုလှောင်ထိန်းသိမ်းသုံးစွဲခြင်း၊ မြို့နယ်အလိုက် အပူရှောင်စခန်းများဖွင့်လှစ်ပေးခြင်း၊ ဆည်၊ တာတမံ၊ ကန်များ၌ ရေသိုလှောင်စုဆောင်းထားခြင်း၊ မလိုလားအပ်ဘဲ သောက်သုံးရေများကို လေလွင့်ဆုံးရှုံးမှုမဖြစ်အောင် ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ခြင်း၊ ကြာရှည်ခံထားနိုင်ပြီး စားသောက်၍ရနိုင်သော အသီးအနှံနှင့် စားရေရိက္ခာများကို စုဆောင်းထားရှိခြင်းနှင့် မိုးနှောင်းရာသီသီးနှံများကို ပန်းတိုင်ရည်မှန်းချက်ရသည်အထိ စိုက်ပျိုးခြင်း၊ မွေးမြူရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဖြစ်အောင် စီမံဆောင်ရွက်ခြင်းတို့ကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်သည်။

အထူးသဖြင့် အပူဒဏ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေးထိခိုက်မှုအန္တရာယ်များကို ကျန်းမာရေးဝန်ကြီးဌာန၏ စဉ်ဆက်မပြတ် သတိပေးမှုများနှင့်အညီ လိုက်နာဆောင်ရွက်ရမည့်အချက်များကို ပြည်သူများ သိရှိနားလည်ဆောင်ရွက်နိုင်အောင် ဝိုင်းဝန်းလုပ်ဆောင်ကြရမည်ဖြစ်သည်။ နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း ပူပြင်းသောနေရောင်အောက်တွင် အပူဒဏ်အကာအကွယ်များမပါရှိဘဲ သွားလာလုပ်ကိုင်ခြင်းကို ဆင်ခြင်ဆောင်ရွက်ကြရန်၊ သောက်ရေသန့်ကို လုံလောက်စွာသောက်သုံးရန်၊ အလွန်ပူပြင်းသော နေရောင်အောက်မှ အလွန်အေးသောအခန်းအတွင်း၊ ယာဉ်များအတွင်း ချက်ချင်းဝင်ရောက်ခြင်းကို သတိပြုဆောင်ရွက်ရန်၊ နေခင်းနေ့လယ်တွင် ရေချိုးခြင်းကို ရှောင်ကြဉ်ကြရန်၊ သက်ကြီးရွယ်အိုများနှင့် မကျန်းမာသူများ၊ ကလေးသူငယ်များကို အပူဒဏ်သက်သာသောနေရာများတွင် ထားရှိပေးရန် လိုအပ်ပါသည်။

သို့ဖြစ်ရာ အယ်လ်နီညို အစွန်းရောက်ရာသီဥတုဖြစ်စဉ်သည် အချိန်ကာလအားဖြင့် တစ်နှစ်နီးပါးကြာမြင့်မည်ဖြစ်၍ ယခုအချိန်ကာလမှ နောက်နှစ်မိုးရာသီကာလမတိုင်မီအထိ စားရေရိက္ခာလုံခြုံမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို သက်ဆိုင်ရာအဖွဲ့အစည်းများ၏ ကမကထ ဦးဆောင်ဦးရွက်ပြုလုပ်မှုများဖြင့် အများပြည်သူဘေးကင်းလုံခြုံမှုအတွက် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

၂၀၂၆ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့

World Food Day 2026

"ယနေ့တီထွင်ဆန်းသစ်မှ အာဟာရပြည့်ဝ အနာဂတ်လှ"

(Innovate today. Nourish tomorrow.)

အောက်တိုဘာလ ၁၆ ရက်နေ့

Food and Agriculture Organization of the United Nations
FAO 80
16 October 2026
World Food Day
Innovate today. Nourish tomorrow.
#WorldFoodDay

အင်အား အနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် အောက်တိုဘာ ၇

ယနေ့နံနက် ၉ နာရီ ၅၉ မိနစ် စက္ကန့် ၂၀ တွင် တမူးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် ငါးမိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (တမူးမြို့၏ အရှေ့မြောက်ဘက် လေးမိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၄ ဒသမ ၂၆ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၃၇ ဒီဂရီ၊ အနက် ၁၁၁ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၃ ဒသမ ၈ (M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

(၇-၁၀-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၆၂.၇ ~ ၃၆၆၆.၅	၅၅၈.၂ ~ ၅၅၈.၄	၁၂၅.၃ ~ ၁၂၅.၅	၄၃.၆၀
ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၁၃,၂၄၁,၈၁၉.၈၇	၃၇,၆၆၉,၄၀၃.၆၄	-	-

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

---

၇ - ၁၀ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၁၀၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၇ - ၁၀ - ၂၀၂၆

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၁၉,၀၀၀	၁၈,၅၀၀	၁,၄၁၇	၂၆,၃၇၃,၀၀၀
MTSH	၈,၀၀၀	၈,၇၀၀	၂,၉၃၀	၂၄,၈၂၃,၅၀၀
MCB	၁၂,၅၀၀	၁၂,၅၀၀	၄၅၆	၅,၇၀၀,၀၀၀
FPB	၆,၉၀၀	၇,၀၀၀	၅၄	၃၇၇,၈၀၀
TMH	၃,၃၅၀	၃,၃၅၀	၄၀	၁၃၄,၀၀၀
EFR	၁,၇၀၀	၁,၇၅၀	၁,၅၉၂	၂,၇၀၆,၄၅၀
AMATA	၄,၃၀၀	၄,၃၀၀	၁	၄,၃၀၀
MAEX	၆,၅၀၀	၆,၅၀၀	၂၀၀	၁,၃၀၀,၀၀၀
MADPL(PLB)	၆,၄၀၀	၆,၄၀၀	၁၀၁	၆၄၆,၄၀၀
ASPGB(PLB)	၅,၈၀၀	၅,၉၀၀	၁,၅၇၉	၉,၂၅၁,၅၀၀

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ **ရှေ့ဖုံးမှ**

အဆိုပါ မြန်မာ-မလေးရှား နှစ်နိုင်ငံ စီးပွားရေးဆွေးနွေးပွဲသို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မလေးရှားနိုင်ငံ အစိုးရအဖွဲ့မှတာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) ဥက္ကဋ္ဌ ဦးအေးဝင်းနှင့် အဖွဲ့ဝင်များ၊ မလေးရှားနိုင်ငံ ကုန်သည်စက်မှုအသင်းချုပ်(NCCIM) ဥက္ကဋ္ဌ Mr. Norsyahrin Hamidon နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ ထိပ်သီးစီးပွားရေး လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မြန်မာ-မလေးရှား နှစ်နိုင်ငံစီးပွားရေးဆိုင်ရာ အဆင့်မြင့်ဆွေးနွေးပွဲသို့ ရောက်ရှိလာရာ တာဝန်ရှိသူများနှင့် နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် မြန်မာ-မလေးရှား နှစ်နိုင်ငံ စီးပွားရေးဆွေးနွေးပွဲကို အခမ်းအနား အစီအစဉ်အတိုင်း စတင်ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI)ဥက္ကဋ္ဌ ဦးအေးဝင်းနှင့် မလေးရှားနိုင်ငံ ကုန်သည်စက်မှုအသင်းချုပ်(NCCIM) ဥက္ကဋ္ဌ Mr. Norsyahrin Hamidon တို့က ကြိုဆိုဂုဏ်ပြု နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေး ဆိုင်ရာများနှင့် ပတ်သက်၍ အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့နှစ်နိုင်ငံသည် တူညီသည့် သမိုင်းကြောင်းများရှိပြီး ပထဝီအနေအထားအရ အရှေ့တောင် အာရှကျွန်းဆွယ်၌ အတူတည်ရှိနေသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများလည်း ဖြစ်ကြကြောင်း၊ ယနေ့အချိန်အခါတွင် နှစ်နိုင်ငံဆက်ဆံရေးသည် နိုင်ငံရေးနှင့် သံတမန်ရေးရာကဏ္ဍများအပြင် စီးပွားရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ဆက်သွယ်ရေးနှင့် နည်းပညာ၊ စွမ်းအင်၊ ခရီးသွားလုပ်ငန်း၊ ပညာရေးနှင့် ယဉ်ကျေးမှုစသည့် ကဏ္ဍများအထိ တဖြည်းဖြည်း ပိုမိုကျယ်ပြန့်လာလျက်ရှိကြောင်း၊ ထို့ကြောင့် အနာဂတ်တွင် မြန်မာ-မလေးရှား နှစ်နိုင်ငံဆက်ဆံရေး ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကိုအခြေခံပြီး ပိုမိုခိုင်မာအားကောင်းစေသည့် စီးပွားရေးမိတ်ဖက်ဆက်ဆံရေး တစ်ရပ်အဖြစ် တည်ဆောက်သွားရန် အချိန်အခါကောင်းကို ရောက်ရှိလာပြီဖြစ်ကြောင်း။

ယနေ့ကမ္ဘာကြီးသည် စီးပွားရေးနှင့် နည်းပညာတိုးတက်ပြောင်းလဲမှုများ အချိန်နှင့်တစ်ပြေးညီဖြစ်ပေါ်နေပြီး ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်နေရကြောင်း၊ ယခုကဲ့သို့စိန်ခေါ်မှုများနှင့်အတူနိုင်ငံများ၏ စီးပွားရေးခံနိုင်ရည်စွမ်းအား (Economic Resilience) ရှိရေးသည်လည်း အရေးကြီးလာကြောင်း၊ ယခုအချက်များကြောင့် ဒေသတွင်း နိုင်ငံများအကြား အပြန်အလှန်ယုံကြည်မှု၊ လေးစားမှုနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများသည် ပိုပြီးအရေးပါလာကြောင်း၊ နှစ်နိုင်ငံအကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် လက်ရှိတွင် မလေးရှားသည် မြန်မာနိုင်ငံ၏ အရေးပါသည့် ကုန်သွယ်ဖက်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ပြီးခဲ့တဲ့နှစ်တွင် နှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၆၂ ဘီလီယံရှိပြီး ယခုနှစ် ဩဂုတ်လအထိ ၁ ဒသမ ၇၁ ဘီလီယံကျော်ရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံမှ လယ်ယာထွက်ကုန်များ၊ ရေထွက်ကုန်များ၊ ရော်ဘာနှင့် ကုန်ကြမ်းများ၊ ချုပ်ပြီးအထည်များ မလေးရှားနိုင်ငံကို တင်ပို့လျက်ရှိပြီး မလေးရှားနိုင်ငံမှ စက်ဆီ၊ ချောဆီနှင့် ရေနံထွက်ပစ္စည်းများ၊ စားအုန်းဆီ၊ စားသောက်ကုန်၊ စက်မှုကုန်ချောများ၊ အီလက်ထရောနစ်ပစ္စည်းနှင့် ပလတ်စတစ်ကုန်ကြမ်းပစ္စည်း၊ ဓာတုကုန်ကြမ်းနှင့် ဆေးဝါးပစ္စည်း စသည်တို့ကို တင်သွင်းလျက်ရှိကြောင်း။

နှစ်နိုင်ငံ ကုန်သွယ်မှုကိုကြည့်ခြင်းအားဖြင့် ထုတ်ကုန်များသည် အပြန်အလှန် ဖြည့်ဆည်းနိုင်သည့် သဘောသဘာဝရှိသည့် အတွက် နှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏကို မြှင့်တင်ရန်နှင့် တန်ဖိုးမြင့်ထုတ်ကုန်များ၏ အချိုးအစားကို တိုးမြှင့်နိုင်ရန်အတွက် နှစ်နိုင်ငံအစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့အတူ ပူးပေါင်း ဆောင်ရွက်သွားနိုင်မည်ဟုယုံကြည်ကြောင်း၊ အထူးသဖြင့် နှစ်နိုင်ငံကုန်သွယ်မှုကို တိုးမြှင့်ရာတွင် ကုန်သွယ်မှုပမာဏ တိုးမြှင့်ရုံသာမက မြန်မာနိုင်ငံမှထွက်ရှိသည့် ကုန်ကြမ်းနှင့် လယ်ယာ၊ မွေးမြူရေးနှင့် ရေထွက်ကုန်များကို အရည်အသွေး၊ ထုပ်ပိုးမှု၊ အစားအစာ ဘေးကင်းလုံခြုံမှုနှင့် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် ကိုက်ညီအောင် တန်ဖိုးမြင့်ထုတ်ကုန်များ အဖြစ် ပြောင်းလဲထုတ်လုပ်ပြီး နိုင်ငံတကာဈေးကွက်များကို ပိုမိုတင်ပို့နိုင်ရေးကို မလေးရှားနိုင်ငံ၏ နည်းပညာ၊ စီမံခန့်ခွဲမှု၊ အရည်အသွေးစံနှုန်း၊ ဈေးကွက်ချိတ်ဆက်မှုနှင့် ဖြန့်ဖြူးရေးကွန်ရက်တို့ကို ပေါင်းစပ်အသုံးချသည့် Joint Venture နှင့် Business-to-Business ပူးပေါင်းဆောင်ရွက်မှုပုံစံများကို ပိုမိုဖော်ဆောင်နိုင်မည်ဟု ယုံကြည်ကြောင်း။

ရင်းနှီးမြှုပ်နှံမှုသည် နှစ်နိုင်ငံဆက်ဆံရေးနှင့် နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာအားကောင်းရန်အတွက် အဓိကကျသည့် အခန်းကဏ္ဍက ပါဝင်နေကြောင်း၊ ရင်းနှီးမြှုပ်နှံမှုအတိုင်းအတာကို လေ့လာကြည့်ပါက လက်ရှိတွင် မလေးရှားနိုင်ငံသည် မြန်မာနိုင်ငံတွင် နဝမမြောက် ရင်းနှီးမြှုပ်နှံမှုအများဆုံး ပြုလုပ်ထားသည့် နိုင်ငံဖြစ်ပြီး အမေရိကန်ဒေါ်လာ ၁ ဘီလီယံကျော်တန်ဖိုးရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၃၂ ခုကို ဆောင်ရွက်လျက်ရှိကြောင်း၊ မလေးရှားရင်းနှီးမြှုပ်နှံသူများ အတွက် မြန်မာနိုင်ငံ၏ အားသာချက်မှာ ကုန်ကြမ်း အရင်းအမြစ်နှင့် ထုတ်လုပ်မှုအခြေခံများ ရှိခြင်းသာမက တန်ဖိုးမြင့်ထုတ်လုပ်မှုလုပ်ငန်းများဖော်ဆောင်ရန်နေရာနှင့် ဈေးကွက်အလားအလာများ ရှိနေကြောင်း၊ နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ ကျွမ်းကျင်လုပ်သားဖွံ့ဖြိုးရေး၊ ဒေသတွင်း Supply Chain ချိတ်ဆက်မှုနှင့် Export Market Access တို့ပါဝင်သည့် ရေရှည်မိတ်ဖက် ပူးပေါင်း ဆောင်ရွက်မှုအဖြစ် ဖော်ဆောင်သွားကြရမည် ဖြစ်ကြောင်း၊ အထူးသဖြင့် အစားအစာထုတ်လုပ်မှု၊ လယ်ယာထွက်ကုန်ပြုပြင်ထုတ်လုပ်မှု၊ Halal အစားအစာ၊ ရေထွက်ကုန်၊ ရော်ဘာနှင့် ရော်ဘာ အခြေခံထုတ်ကုန်၊ ထုပ်ပိုးမှု၊ အအေးခန်းနှင့် ထောက်ပံ့ပို့ဆောင်ရေး၊ စက်မှုထုတ်ကုန်နှင့် အခြားတန်ဖိုးမြင့်ထုတ်ကုန်များသည် နှစ်နိုင်ငံ၏ အားသာချက်များကို ပေါင်းစပ်အသုံးချသွားရမည်ဖြစ်ကြောင်း။

ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုအနေဖြင့် မြန်မာနှင့် မလေးရှားနိုင်ငံတို့သည် အာဆီယံမိသားစုဝင်နိုင်ငံများဖြစ်ကြပြီး ဒေသတွင်း စီးပွားရေး ပေါင်းစည်းမှုနှင့် တည်ငြိမ်အေးချမ်းရေး အတွက် အတူတကွ ပူးပေါင်းဆောင်ရွက်လျက်ရှိကြကြောင်း၊ ထို့ပြင် နှစ်နိုင်ငံစလုံးသည် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၅ နိုင်ငံ ပါဝင်လက်မှတ်ရေးထိုးထားပြီး ကမ္ဘာ့လူဦးရေ၏ ၃၀ ရာခိုင်နှုန်း၊ ကမ္ဘာ့ထုတ်လုပ်မှုတန်ဖိုး၏ ၃၀ ရာခိုင်နှုန်းခန့်နှင့် ကမ္ဘာ့စုစုပေါင်း ကုန်သွယ်မှုပမာဏ၏ ၂၈ ရာခိုင်နှုန်းခန့်ကို ကိုယ်စားပြုနေသည့် ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (RCEP) သဘောတူစာချုပ်တွင်လည်း အတူပါဝင်လက်မှတ် ရေးထိုးထားကြကြောင်း၊ ယခုကဲ့သို့ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်နှင့် မူဘောင်များသည် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပေါင်းစည်းမှုကို ပိုမိုမြှင့်တင်နိုင်မည့် အခွင့်အလမ်းများဖြစ်သောကြောင့် ထိရောက်ပြီး အကျိုးရှိစွာ အသုံးပြုနိုင်ရန်လိုကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု မူဘောင်များမှတစ်ဆင့် နှစ်နိုင်ငံရေရှည်အကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍများကို အတူဆွေးနွေး ဖော်ထုတ်ပြီး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားရန် အလေးအနက်ထားကြောင်းကိုပြောကြားလိုကြောင်း။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံသည် တန်ဖိုးမြင့်ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဖိတ်ခေါ်နေကြောင်း၊ ထို့ကြောင့် မလေးရှားနိုင်ငံ၏ လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံ၏ မိတ်ဖက်စီးပွားရေးလုပ်ငန်းများနှင့် အကျိုးတူ ပူးပေါင်းပြီး စားသောက်ကုန်ပြုပြင် ထုတ်လုပ်ခြင်းလုပ်ငန်း၊ လယ်ယာအခြေခံ သွင်းအားစုထုတ်လုပ်ခြင်း၊ မွေးမြူရေးနှင့် အသားငါးပြုပြင်ထုတ်လုပ်ခြင်း၊ ရော်ဘာနှင့် ရေထွက်ကုန်ပြုပြင်ထုတ်လုပ်ခြင်း စသည့် တန်ဖိုးမြင့်ကုန်ထုတ်လုပ်မှု စက်ရုံများ တည်ထောင်ခြင်းဖြင့် ကမ္ဘာ့စားနပ်ရိက္ခာနှင့် ကမ္ဘာ့ကုန်ထုတ်လုပ်မှု တန်ဖိုးကွင်းဆက်များတွင် အတူပူးပေါင်း ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်လိုကြောင်း၊ ထို့အတူ စိုက်ပျိုးရေး ကဏ္ဍတွင်လည်း မလေးရှားနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာများကို အသုံးချပြီး မြန်မာနိုင်ငံ၌ ဆန်ကြိတ်ခွဲစက်ရုံများ၊ ပဲမျိုးစုံသန့်စင်ထုပ်ပိုးသည့် စက်ရုံများ၊ အစားအစာပြုပြင်ထုတ်လုပ်ရေးစက်ရုံများ၊ အအေးခန်းသိုလှောင်ရုံများနှင့် စားနပ်ရိက္ခာ ဖြန့်ဖြူးရေးလုပ်ငန်းများ တည်ထောင်နိုင်ရန် ပူးပေါင်းဆောင်ရွက်နိုင်ကြောင်း၊ ထို့ပြင် ထုတ်လုပ်မှုတိုးတက်ရေးသာမက Farm-to-Market Supply Chain တစ်ခုလုံးကို ခေတ်မီအောင် ဖော်ဆောင်ရန်လည်း အရေးကြီးကြောင်း၊ မျိုးစေ့နှင့်စိုက်ပျိုးရေးသွင်းအားစု၊ ခေတ်မီစက်ယန္တရား၊ ရိတ်သိမ်းပြီးနောက် ဆုံးရှုံးမှုလျှော့ချရေး၊ အခြောက်ခံခြင်း၊ သန့်စင်ခြင်း၊ အအေးခန်းသိုလှောင်ခြင်း၊ ထုပ်ပိုးခြင်းနှင့်

စာမျက်နှာ ၄ သို့ ☆

MYANMAR-MALAYSIA
HIGH LEVEL BUSINESS DIALOGUE
2026
Mr. Norsyahrin Hamidon
President

မြန်မာ-မလေးရှား နှစ်နိုင်ငံ စီးပွားရေးဆွေးနွေးပွဲတွင် မလေးရှားနိုင်ငံ ကုန်သည်စက်မှုအသင်းချုပ်(NCCIM) ဥက္ကဋ္ဌ Mr. Norsyahrin Hamidon က ကြိုဆိုဂုဏ်ပြုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

- ☆ **နှစ်နိုင်ငံ ကုန်သွယ်မှုကိုကြည့်ခြင်းအားဖြင့် ထုတ်ကုန်များသည် အပြန်အလှန် ဖြည့်ဆည်းနိုင်သည့် သဘောသဘာဝရှိသည့်အတွက် နှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏကို မြှင့်တင်ရန်နှင့် တန်ဖိုးမြင့်ထုတ်ကုန်များ၏ အချိုးအစားကို တိုးမြှင့်နိုင်ရန်အတွက် နှစ်နိုင်ငံအစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့အတူ ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်**
- ☆ **နှစ်နိုင်ငံကုန်သွယ်မှုကို တိုးမြှင့်ရာတွင် ကုန်သွယ်မှုပမာဏတိုးမြှင့်ရုံသာမက မြန်မာနိုင်ငံမှ ထွက်ရှိသည့် ကုန်ကြမ်းနှင့် လယ်ယာ၊ မွေးမြူရေးနှင့် ရေထွက်ကုန်များကို အရည်အသွေး၊ ထုပ်ပိုးမှု၊ အစားအစာ ဘေးကင်းလုံခြုံမှုနှင့် နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ကိုက်ညီအောင် တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲထုတ်လုပ်ပြီး နိုင်ငံတကာဈေးကွက်များကို ပိုမိုတင်ပို့နိုင်ရေးကို မလေးရှားနိုင်ငံ၏ နည်းပညာ၊ စီမံခန့်ခွဲမှု၊ အရည်အသွေးစံနှုန်း၊ ဈေးကွက်ချိတ်ဆက်မှုနှင့် ဖြန့်ဖြူးရေးကွန်ရက်တို့ကို ပေါင်းစပ်အသုံးချသည့်** Joint Venture **နှင့်** Business-to-Business **ပူးပေါင်းဆောင်ရွက်မှုပုံစံများကို ပိုမိုဖော်ဆောင်နိုင်မည်ဟု ယုံကြည်**

☆ စာမျက်နှာ ၃ မှ

ဖြန့်ဖြူးခြင်းတို့ကို တစ်ဆက်တည်း ပူးပေါင်းဖော်ဆောင်နိုင်ပါက မြန်မာ့လယ်ယာထွက်ကုန်များ၏ အရည်အသွေးနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းကို ပိုမိုမြှင့်တင်နိုင်မည် ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် အအေးခန်းသိုလှောင်ရုံများနှင့်အတူ Digital Logistics၊ Warehouse Management၊ Cargo Tracking နှင့် အရည်အသွေး ထိန်းချုပ်မှုစနစ်များကိုပါ ပေါင်းစပ်ဖော်ဆောင်နိုင်ပါက လယ်ယာနှင့် ရေထွက်ကုန်များ၏ ရိတ်သိမ်းပြီးနောက် ဆုံးရှုံးမှုများကို လျှော့ချနိုင်ပြီး Export Supply Chain ကို ပိုမိုထိရောက်စွာ စီမံခန့်ခွဲနိုင်မည်ဖြစ်ကြောင်း၊ ယခုကဏ္ဍတွင် အတွေ့အကြုံများစွာရှိသည့် မလေးရှားနိုင်ငံအတွက် ကြီးမားသည့် အခွင့်အရေးဖြစ်ကြောင်း။

ဆက်လက်ပြီး မလေးရှားနိုင်ငံသည် ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှု၊ ဆီအုန်းသီးနှံကြိတ်ခွဲခြင်း၊ ဆီသန့်စင်ခြင်းနှင့် တန်ဖိုးမြင့်စားသုံးဆီထုတ်လုပ်ခြင်း လုပ်ငန်းများတွင် အတွေ့အကြုံနှင့် နည်းပညာများပိုင်ဆိုင်ထားသည့်အတွက် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးအရင်းအမြစ်များနှင့် ပေါင်းစပ်ပြီး စိုက်ပျိုးထုတ်လုပ်မှုမှသည် ဈေးကွက်ဖြန့်ဖြူးခြင်းအထိ ထုတ်လုပ်မှုကွင်းဆက်တစ်ခုလုံးတွင် ရင်းနှီးမြှုပ်နှံမှုများ ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်လိုကြောင်း၊ ယခုကဲ့သို့ ဆီအုန်းစိုက်ပျိုးမှုနှင့် စားအုန်းဆီထုတ်လုပ်မှု လုပ်ငန်းများကို ပထဝီဝင် ရာသီဥတုအရ သင့်တော် ကောင်းမွန်သည့် တနင်္သာရီတိုင်းဒေသကြီးအတွင်းတွင် ဆောင်ရွက်နိုင်ပြီး ဟင်းသီးဟင်းရွက်ဆီ ထုတ်လုပ်မှုလုပ်ငန်းများကို မြန်မာနိုင်ငံတစ်ဝန်းတွင် ဆောင်ရွက်နိုင်ရန် မလေးရှားနိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်လိုကြောင်း။

မြန်မာနိုင်ငံတွင် မြေဧရိယာ ကျယ်ပြန့်စွာ ပိုင်ဆိုင်ပြီး စားကျက်မြေ များစွာရှိသောကြောင့် မွေးမြူရေးနှင့် အသားငါးထုတ်လုပ်သည့် လုပ်ငန်းများကိုလည်း ကောင်းစွာဆောင်ရွက်နိုင်ပါကြောင်း၊ မလေးရှားနိုင်ငံ၏ Halal အစားအစာဈေးကွက်ကို ဝင်ရောက်နိုင်ရေးအတွက် သတ်မှတ် စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် ထုတ်လုပ်မှုစနစ်များ ဖော်ဆောင်ရန်နှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိကြောင်း၊ ထိုမှတစ်ဆင့် မွေးမြူရေးခြံများ ဖွံ့ဖြိုးတိုးတက်ရေး၊ တိရစ္ဆာန်အစာ ထုတ်လုပ်ရေး၊ တိရစ္ဆာန် ကျန်းမာရေးစောင့်ရှောက်မှုနှင့် အသားထုတ်လုပ်မှု လုပ်ငန်းများတွင် မလေးရှား ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာ ပူးပေါင်း ဆောင်ရွက်မှုများ လုပ်ဆောင်ရန် ဖိတ်ခေါ်လိုကြောင်း၊ ယခုကဏ္ဍတွင် Halal Certification နှင့် Food Traceability စနစ်များ၊ တိရစ္ဆာန်အစာနှင့် တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်မှု၊ အအေးခန်းနှင့် အသားထုတ်လုပ်မှု နည်းပညာများကို ပူးပေါင်းဖော်ဆောင်နိုင်ပါက မြန်မာနိုင်ငံ၏ မွေးမြူရေး ထုတ်ကုန်များကို မလေးရှား ဈေးကွက်နှင့် ဒေသတွင်း Halal ဈေးကွက်များကို ပိုမိုထိရောက်စွာ ချိတ်ဆက်နိုင်မည့် အခြေခံကောင်း တစ်ရပ် ဖြစ်လာနိုင်ကြောင်း၊ အလားတူ မိမိတို့အနေဖြင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းများကို ဦးစားပေး အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း၊ ထို့ကြောင့် သံ၊ သံမဏိနှင့် ဘိလပ်မြေ ထုတ်လုပ်သည့် လုပ်ငန်းများတွင်လည်း မလေးရှားလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံနိုင်သည့် အခွင့်အလမ်းများရှိကြောင်း။

❖ မြန်မာနိုင်ငံနှင့် မလေးရှားနိုင်ငံတို့အကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုတိုးတက်လာစေရန် နှစ်နိုင်ငံဘဏ်များအကြား ချိတ်ဆက်ဆောင်ရွက်မှုတိုးမြှင့်ခြင်း၊ နယ်စပ်ဖြတ်ကျော်ငွေပေးချေမှုနှင့် ငွေရှင်းစနစ်များ ဖွံ့ဖြိုးတိုးတက်စေခြင်း၊ ကုန်သွယ်မှုဆိုင်ရာ ငွေကြေးဝန်ဆောင်မှုများ တိုးချဲ့ခြင်းနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSMEs) အတွက် ငွေကြေး အထောက်အပံ့များ ပိုမိုရရှိစေရေးတို့ကို ပူးပေါင်းဆောင်ရွက်သွားကြရမည်

အဆွေတော်တို့ သိပြီးဖြစ်သည့်အတိုင်း မြန်မာနိုင်ငံတွင် အထူးစီးပွားရေးဇုန်အနေဖြင့် သီလဝါ၊ ထားဝယ်နှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန်များ ရှိကြောင်း၊ သီလဝါ အထူးစီးပွားရေးဇုန်သည် လက်ရှိတွင် အအောင်မြင်ဆုံး ဖြစ်သကဲ့သို့ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ကျောက်ဖြူအထူးစီးပွားရေး ဇုန်တို့သည်လည်း အနာဂတ်တွင် မဟာဗျူဟာမြောက် အရေးပါလာမည့် စီမံကိန်းများ ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုဇုန်များတွင်လည်း လာရောက် ရင်းနှီးမြှုပ်နှံကြရန် ဖိတ်ခေါ်လိုကြောင်း၊ စက်ရုံတည်ဆောက်ခြင်း အဆင့်မှာသာမက Industrial Cluster ဖော်ဆောင်ခြင်း၊ Supplier Network တည်ဆောက်ခြင်း၊ Logistics Hub နှင့် Export Processing Facilities များတည်ဆောက်ခြင်းတို့အထိ တိုးချဲ့ဖော်ဆောင်နိုင်ကြောင်း၊ ယခုကဲ့သို့ Clusterbased Development ပုံစံနှင့် ဆောင်ရွက်နိုင်ပါက မလေးရှားကုမ္ပဏီများနှင့် မြန်မာကုမ္ပဏီများအကြား ရေရှည် Supply Chain ချိတ်ဆက်မှုများကို ပိုမို ဖန်တီးနိုင်မည်ဖြစ်ကြောင်း၊ အဆွေတော်တို့အနေဖြင့် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရာတွင် တည်ဆောက်ပြီး စက်မှုဇုန်များ၊ အထူးစီးပွားရေးဇုန်များတွင်သာမက လုပ်ငန်းလိုအပ်ချက်နှင့် တည်နေရာအားသာချက်ကို မူတည်ပြီး စွမ်းအင်စီမံကိန်းများ၊ စက်မှုစီမံကိန်းများကို ရင်းနှီးမြှုပ်နှံသူများကိုယ်တိုင် အဆိုပြုတည်ထောင် ဆောင်ရွက်နိုင်ကြောင်း၊ ယခုကဲ့သို့ အကျိုးတူ ပူးပေါင်း ဆောင်ရွက်ရာတွင် MSME လုပ်ငန်းများသည်လည်း နှစ်နိုင်ငံ၏ ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် အခန်းကဏ္ဍတွင် ပါဝင်နေကြောင်း၊ ထို့ကြောင့် MSME လုပ်ငန်းများ၏ E-commerce စနစ်အကောင်အထည်ဖော်ခြင်း၊ ကျွမ်းကျင်မှု လုပ်ငန်းခွင် သင်တန်းကျောင်းများ ပူးပေါင်းဖွင့်လှစ်ခြင်း၊ MSME စက်မှုထုတ်ကုန်များ ချိတ်ဆက်ပူးပေါင်း ထုတ်လုပ်ခြင်းတို့ဖြင့် နှစ်နိုင်ငံ အကျိုးရှိမည့် Value Chain တစ်ခုကို ဖန်တီးနိုင်ကြောင်း၊ MSME ပူးပေါင်းဆောင်ရွက်မှုသည်လည်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုကို တိုးမြှင့်ရန်အတွက် နှစ်နိုင်ငံ MSME များအကြား Business Matching၊ Supplier Matching နှင့် Technology Matching အစီအစဉ်များကို ပုံမှန်ကျင်းပပေးနိုင်ပါက အကျိုးရှိမည်ဟု ယုံကြည်ကြောင်း၊ ထို့အပြင် မလေးရှားနိုင်ငံ၏ E-commerce နှင့် Digital Business အတွေ့အကြုံများကို မြန်မာ MSME ထုတ်ကုန်များနှင့် ချိတ်ဆက်ပေးခြင်းအားဖြင့် အာဆီယံဈေးကွက်ကို အွန်လိုင်းမှတစ်ဆင့် ဝင်ရောက်နိုင်မည့် အခွင့်အလမ်းများကိုလည်း ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရန် အတွက် နောက်ထပ်အရေးပါသည့် ကဏ္ဍတစ်ခုသည် ဘဏ္ဍာရေးဝန်ဆောင်မှုကဏ္ဍဖြစ်ကြောင်း၊ လက်ရှိ မလေးရှားနိုင်ငံတွင် မြန်မာရွှေ့ပြောင်းလုပ်သားများ များစွာရှိနေသည့်အတွက် Remittance channel က အရေးကြီးကြောင်း၊ တရားဝင် channel ကို အသုံးပြုရသည်မှာ ပိုမိုလွယ်ကူပြီး ကုန်ကျစရိတ် သက်သာအောင် ဆောင်ရွက်ပေးနိုင်မည် ဆိုပါက Financial flow ပိုမိုကောင်းမွန်လာပြီး ရွှေ့ပြောင်းလုပ်သားများအတွက်လည်း လုံခြုံစိတ်ချရသည့် ငွေလွှဲလမ်းကြောင်း ဖြစ်လာမည်ဟု ယုံကြည်ကြောင်း၊ ထို့ကြောင့် ဘဏ်များ၊ ငွေလွှဲဝန်ဆောင်မှု လုပ်ငန်းများနှင့် FinTech ကုမ္ပဏီများအကြား ပူးပေါင်းပြီး ငွေပေးချေမှုနှင့် ငွေလွှဲဝန်ဆောင်မှုများကို လုံခြုံ၊ မြန်ဆန်၊ ပွင့်လင်းပြီး သက်ဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများနှင့် ကိုက်ညီသည့် Digital Payment နှင့် တရားဝင်ငွေကြေးလွှဲပြောင်းမှု (Remittance)များ ဖော်ဆောင်နိုင်မည် ဆိုပါက နှစ်ဖက်အကျိုးရှိနိုင်မည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများဖြစ်ကြောင်းကို ပြောကြားလိုကြောင်း၊ ထို့အတွက် မြန်မာနိုင်ငံနှင့် မလေးရှားနိုင်ငံ တို့အကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ပိုမိုတိုးတက်လာစေရန် နှစ်နိုင်ငံဘဏ်များအကြား ချိတ်ဆက်ဆောင်ရွက်မှု တိုးမြှင့်ခြင်း၊ နယ်စပ်ဖြတ်ကျော် ငွေပေးချေမှုနှင့် ငွေရှင်းစနစ်များ ဖွံ့ဖြိုးတိုးတက်စေခြင်း၊ ကုန်သွယ်မှုဆိုင်ရာ ငွေကြေးဝန်ဆောင်မှုများ တိုးချဲ့ခြင်းနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) အတွက် ငွေကြေးအထောက်အပံ့များ ပိုမိုရရှိစေရေးတို့ကို ပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ထို့အပြင် မလေးရှားနိုင်ငံ၏ ဒစ်ဂျစ်တယ် ဘဏ်လုပ်ငန်း၊ ငွေပေးချေမှု နည်းပညာနှင့် ဘဏ်လုပ်ငန်းဆိုင်ရာ အန္တရာယ် စီမံခန့်ခွဲမှု အတွေ့အကြုံကောင်းများကို မြန်မာနိုင်ငံနှင့် မျှဝေခြင်း၊ နှစ်နိုင်ငံ ဘဏ်များအကြား နည်းပညာနှင့် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးရေးအစီအစဉ်များ ဆောင်ရွက်ခြင်းနှင့် နှစ်ဖက် အကျိုး ဖြစ်ထွန်းစေမည်ဟု ယုံကြည်မိကြောင်း။

အလားတူမြန်မာနိုင်ငံအနေဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် ကျန်းမာရေး၊ ပညာရေးနှင့် ခရီးသွားဝန်ဆောင်မှုကဏ္ဍများကိုလည်း အားပေးဖော်ဆောင်လျက်ရှိရာ ယခုကဏ္ဍများသည် သိသိသာသာ တိုးတက် ထွန်းကားလာနေသည့် မလေးရှားနိုင်ငံမှ လုပ်ငန်းရှင်များ အနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းများ ရှိနေကြောင်း ပြောကြားလိုကြောင်း၊ မလေးရှားနိုင်ငံသည် ပညာရေးနှင့် ပတ်သက်ပြီး ပညာရေးကုန်ကျစရိတ် သင့်တင့်မှု၊ နိုင်ငံခြားကျောင်းသားများကို ဆွဲဆောင်နိုင်မှုများကြောင့် ဒေသတွင်း ပညာရေးဗဟိုချက်တစ်ခုဖြစ်လာနေသည်ကို တွေ့မြင်ရကြောင်း၊ ထို့ကြောင့် မလေးရှားနိုင်ငံ၏ နိုင်ငံတကာပညာရေး လုပ်ငန်းအတွေ့အကြုံကို အသုံးချပြီး မြန်မာနိုင်ငံတွင် ပညာရေး လုပ်ငန်းများ တည်ထောင်ခြင်း၊ ပူးတွဲသင်တန်းများ ဖွင့်လှစ်ခြင်းနှင့် ပညာရေးဝန်ဆောင်မှုများ တိုးချဲ့ခြင်းတို့ကို စီးပွားရေးအခွင့်အလမ်းအဖြစ် ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

ကျန်းမာရေးကဏ္ဍသည်လည်း မြန်မာ – မလေးရှားနှစ်နိုင်ငံ အနေဖြင့် ဆေးရုံနှင့် ဆေးခန်း လုပ်ငန်း၊ ဆေးဝါးထုတ်လုပ်ရေး၊ ဆေးဘက်ဆိုင်ရာ ပစ္စည်းများ၊ ဆေးဘက်ဆိုင်ရာ ခရီးသွား လုပ်ငန်း (Medical Tourism)၊ Telemadicine/ Telecounsultation၊ ကျန်းမာရေးနည်းပညာနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးရေး စသည့် အပိုင်းများတွင် စီးပွားရေးအရ ပူးပေါင်း ဆောင်ရွက်နိုင်သည်ကို တွေ့ရကြောင်း။

မလေးရှားနိုင်ငံ အနေဖြင့် သဘာဝထွက်ကုန် စီးပွားရေးစနစ်မှ ခေတ်မီနည်းပညာ၊ ဆီမီးကွန်ဒတ်တာ (Semiconductor)၊ ဉာဏ်ရည်တု (AI)၊ ဒေတာစင်တာ တည်ဆောက်ခြင်းစသည့် ခေတ်မီစက်မှုစီးပွားရေးစနစ်ကို အောင်မြင်စွာ ကူးပြောင်းနေသည်ကို လေ့လာသိရှိရကြောင်း၊ ယခုကဲ့သို့ နည်းပညာဆိုင်ရာ ရင်းနှီးမြှုပ်နှံရန်အတွက်လည်း မြန်မာနိုင်ငံသည် အကြီးမားဆုံး အိုင်စီတီ နည်းပညာဆိုင်ရာ အချက်အချာ ဒေသတစ်ခုဖြစ်သည့် ရတနာပုံ ဆိုက်ဘာစီးတီး စီမံကိန်းကို ပြင်ဦးလွင်မြို့ အနီးတစ်ဝိုက်တွင် ဖွင့်လှစ်ထားကြောင်း၊ စီမံကိန်း ဧရိယာ ၂၈၀၀ ဟက်တာကျော် (၇၀၀၀ ဧက)ခန့် ကျယ်ဝန်းသည့် အတွက် အိုင်တီလုပ်ငန်းသစ်များ နှင့် ဆော့ဖ်ဝဲရေးသားသည့် ကုမ္ပဏီများအတွက် ရုံးခန်းများ အပြင် High-Tech Zone သဘာဝ ပတ်ဝန်းကျင်ထိခိုက်မှု မရှိစေမည့် နည်းပညာနှင့် ဝန်ဆောင်မှုအခြေပြု ထုတ်လုပ်မှုဇုန်များ ပါဝင်ကြောင်း၊ မြန်မာနိုင်ငံအတွက် အစိုးရ ဝန်ဆောင်မှုများကို ဒီဂျစ်တယ် အသွင်ကူးပြောင်းရေး၊ ဆက်သွယ်ရေး နည်းပညာ၊ ဉာဏ်ရည်တု(AI) အသုံးချမှုများ၊ ဒီဂျစ်တယ် ငွေပေးချေမှုစနစ်များ နှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ စီးပွားရေး ဝန်းကျင်ဖော်ဆောင်ရေးများတွင် စိတ်ပါဝင်စားသည့် မလေးရှားနိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် လာရောက်ရင်းနှီးမြှုပ်နှံနိုင်ကြောင်း၊ အထူးသဖြင့် မလေးရှားနိုင်ငံ၏ Electrical and Electronics၊ Semiconductor၊ Machinery and Equipment နှင့် Digital Technology ကဏ္ဍများ သည် ရှိပြီးသား အတွေ့အကြုံနှင့် မြန်မာနိုင်ငံ၏ ထုတ်လုပ်မှု၊ လုပ်သားအင်အားနှင့် ဈေးကွက်အခြေခံတို့ကို ပေါင်းစပ်ပြီး Assembly၊ Component Manufacturing၊ Technical Training နှင့် Technology Transfer လုပ်ငန်းများကို ပူးပေါင်း ဖော်ဆောင်နိုင်မည့် အလားအလာများ ရှိကြောင်း၊ ထိုသို့ နည်းပညာပူးပေါင်း ဆောင်ရွက်ရာတွင် ရင်းနှီးမြှုပ်နှံမှု တစ်ခုတည်းထက် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးရေးကိုပါ တစ်ပြိုင်နက်တည်း ဆောင်ရွက် နိုင်ရန် အရေးကြီးကြောင်း၊ ထို့ကြောင့် Malaysian technology companies များနှင့် မြန်မာနိုင်ငံရှိ တက္ကသိုလ်များ၊ နည်းပညာ သင်တန်း ကျောင်းများနှင့် ပုဂ္ဂလိက လုပ်ငန်းများအကြား Internship၊ Vocational Training၊ Technical Certification နှင့် Skills Development Program များကို ပူးပေါင်းဖော်ဆောင်နိုင်ကြောင်း။

နှစ်နိုင်ငံအကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို ပိုမို လက်တွေ့ကျစေရန် အတွက် နှစ်နိုင်ငံအစိုးရဌာနများ၊ စီးပွား ရေးအသင်းအဖွဲ့များ၊ Chamber of Commerce များနှင့် ပုဂ္ဂလိက ကဏ္ဍတို့ပါဝင်သည့် ပုံမှန် Business Dialogue နှင့် Business Matching Mechanism တစ်ရပ် ကို ပိုမိုအားကောင်းအောင် ဖော်ဆောင်နိုင်ပါက ကောင်းမွန် မည်ဟု ယုံကြည်ကြောင်း၊ အဆိုပါ မူဘောင်မှတစ်ဆင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ၊ ကုန်သွယ်နိုင် သည့် ထုတ်ကုန်များ၊ လိုအပ်သည့် နည်းပညာနှင့် အရည်အသွေး စံနှုန်းများ၊ မိတ်ဖက်လုပ်ငန်း များနှင့် ဈေးကွက်လိုအပ်ချက် များကို တစ်နေရာတည်းတွင် ချိတ်ဆက်ပေးနိုင်မည့် Business Information and Investment Facilitation Platform တစ်ရပ် ကိုလည်း ဖော်ဆောင်နိုင်ကြောင်း၊ ယခု လုပ်ငန်းစဉ်များမှတစ်ဆင့် ယနေ့ဆွေးနွေးပွဲတွင် တွေ့ဆုံ ဆွေးနွေးခြင်းကို သာမက လက်တွေ့ကျသည့် Investment Project၊ Joint Venture၊ Export Contract နှင့် Technology Partnership များအဖြစ် ဆက်လက် အကောင်အထည်ဖော် နိုင်မည်ဟု မျှော်လင့်ကြောင်း။

မြန်မာနိုင်ငံတွင် ပြည်တွင်း ထုတ်ကုန်များနှင့် ရင်းနှီးမြှုပ်နှံမှု များကို မူပိုင်ခွင့် ဥပဒေ(၄)ရပ်နှင့် အညီ အကာအကွယ်ပေးထား ပြီးဖြစ်သဖြင့် မြန်မာနိုင်ငံအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ် ရာတွင် နည်းပညာပူးပေါင်း ဆောင်ရွက်ခြင်း၊ အရည်အသွေး မြင့် အလုပ်အကိုင်များဖန်တီးခြင်း၊ ပြည်တွင်း ကုန်ထုတ်လုပ်မှုနှင့် အခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရေး တို့ကို လည်း အလေးထားကြောင်း၊ အခြားတစ်ဖက်တွင် ရင်းနှီးမြှုပ်နှံ သူများ၏ အကျိုးစီးပွားဖြစ်ထွန်း ရေးကိုလည်း မူဝါဒနှင့်အညီ

စာမျက်နှာ ၅ သို့ ☆

နိုင်ငံတော်သမ္မတဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတို ဆရီ အန်နဝါ ဘင် အီဘရာဟင်၏ ဖိတ်ကြားချက်အရ မလေးရှားနိုင်ငံသို့ တရားဝင်ခရီးစဉ်(Official Visit)ရောက်ရှိ

နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင်အား ကွာလာလမ်ပူ အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ မလေးရှားနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့က ကော်ဇောနီ၏ တစ်ဖက်တစ်ချက်စီတွင် နေရာယူ အလေးပြု၍ ခရီးဦးဂုဏ်ပြု ကြိုဆိုနှုတ်ဆက်စဉ်။

နေပြည်တော် အောက်တိုဘာ ၇

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတို ဆရီ အန်နဝါ ဘင် အီဘရာဟင်၏ ဖိတ်ကြားချက်အရ မလေးရှားနိုင်ငံသို့ တရားဝင်ခရီးစဉ် (Official Visit) သွားရောက်ရန်အတွက် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာသည်။

နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အား ဒုတိယသမ္မတများ ဖြစ်ကြသည့် ဦးညိုစော၊ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံသံရုံးတို့မှ တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတနှင့် အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဦးမင်းနောင်၊ ဦးမြင့်ကြိုင်၊ ဦးမောင်မြင့်၊ ဦးထွန်းအို၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးနိုင်ဦး၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ ခရီးစဉ်တွင် လိုက်ပါသွားကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဆောင်သော မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ လိုက်ပါလာသည့် အထူးလေယာဉ်သည် ဒေသစံတော်ချိန် ၁၂ နာရီ ၃၀ မိနစ်ခန့်တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ မလေးရှားနိုင်ငံ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး မစ္စတာ ဒါတွတ်ဆရီ ဂျိုဟာရီ အဗ္ဗဒူလ် ဂါနီ ဦးဆောင်သည့် မလေးရှားနိုင်ငံအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ မလေးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးအောင်ကျော်မိုးနှင့် ဇနီး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ညီညီဦးနှင့် တာဝန်ရှိသူများက လေဆိပ်၌ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထိုသို့ ကြိုဆိုနှုတ်ဆက်စဉ် မလေးရှားနိုင်ငံဂုဏ်ပြုတပ်ဖွဲ့ကလည်း ကော်ဇောနီ၏ တစ်ဖက်တစ်ချက်စီတွင် နေရာယူအလေးပြု၍ ခရီးဦးဂုဏ်ပြုကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင်အား မလေးရှားနိုင်ငံ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး မစ္စတာ ဒါတွတ်ဆရီ ဂျိုဟာရီ အဗ္ဗဒူလ် ဂါနီနှင့် တာဝန်ရှိသူများက ကွာလာလမ်ပူ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။

☆ စာမျက်နှာ ၄ မှ

ကာကွယ်စောင့်ရှောက် ပေးလျက်ရှိကြောင်း၊ တစ်နည်းအားဖြင့် ရေရှည်တည်တံ့သော စီးပွားရေးဖွံ့ဖြိုးမှုကို နီးကပ်၍ ဆက်ဆံရေးရှိသည့် ဒေသတွင်းနိုင်ငံများ၊ မိတ်ဖက်နိုင်ငံများနှင့် အတူ လက်တွဲဖော်ဆောင်ခြင်း ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံတွင် မလေးရှားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးကိုလည်း ပံ့ပိုးကူညီပေးသွားမည်ဖြစ်သကဲ့သို့ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးကိုလည်း အလေးထားဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

ယနေ့အခမ်းအနားကို အခွင့်အလမ်းများကို ဖလှယ်ဆွေးနွေးသည့် နေရာတစ်ခုအဖြစ် သာမက နှစ်နိုင်ငံအကြား လက်တွေ့ကျသည့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများကို စတင်အကောင်အထည်ဖော်နိုင်မည့် Platform တစ်ခုအဖြစ် ရှုမြင်စေလိုကြောင်း၊ မြန်မာနိုင်ငံ၏ သဘာဝနှင့် လူ့စွမ်းအားအရင်းအမြစ်များ၊ မလေးရှားနိုင်ငံ၏ နည်းပညာ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဈေးကွက်ချိတ်ဆက်မှုများကို ပေါင်းစပ်အသုံးချပြီး **“ကုန်သွယ်မှုမှ ရင်းနှီးမြှုပ်နှံမှု၊ ရင်းနှီးမြှုပ်နှံမှုမှ တန်ဖိုးမြှင့်ထုတ်လုပ်မှု၊ တန်ဖိုးမြှင့်ထုတ်လုပ်မှုမှ ဒေသတွင်းဈေးကွက်ချိတ်ဆက်မှု”** ဟူသည့် ရေရှည်ပူးပေါင်းဆောင်ရွက်မှု ကွင်းဆက်တစ်ရပ်ကို အတူတကွတည်ဆောက်သွားနိုင်မည်ဟု ယုံကြည်ကြောင်း၊ အထူးသဖြင့် မလေးရှားစီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် မြန်မာနိုင်ငံကို ဈေးကွက်တစ်ခုအဖြစ်သာမက ထုတ်လုပ်မှု၊ တန်ဖိုးမြှင့် ကုန်ထုတ်လုပ်မှုနှင့် ဒေသတွင်း Supply Chain ချိတ်ဆက်မှုအတွက် မိတ်ဖက်နိုင်ငံတစ်နိုင်ငံအဖြစ် ရှုမြင်ပြီး ရေရှည်အကျိုးတူ ပူးပေါင်းဆောင်ရွက်ကြရန် ဖိတ်ခေါ်ပါကြောင်း အကျယ်တဝင့် ဆွေးနွေးပြောကြားသည်။

မလေးရှားနိုင်ငံမှ လုပ်ငန်းရှင်များက အသီးသီးဆွေးနွေးတင်ပြ

ဆက်လက်၍ တက်ရောက်လာကြသည့် မလေးရှားနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များက မလေးရှားနိုင်ငံအနေဖြင့် နိုင်ငံတကာဆိပ်ကမ်းလုပ်ငန်းများအပါအဝင် ကုန်စည်စီးဆင်းမှုနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ ဆီအုန်းနှင့် အုန်းစိုက်ပျိုးရေးအပါအဝင် ဘက်စုံစိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍ၊ စွမ်းအင်နှင့် နည်းပညာကဏ္ဍ၊ သံမဏိ (Steel) နှင့် သတ္တုရိုင်းထုတ်လုပ်မှုနှင့် ထုတ်ကုန်ပစ္စည်းများအပါအဝင် ဆောက်လုပ်ရေးကဏ္ဍတို့၌ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့မှုနှင့် ဆက်လက်ဖွံ့ဖြိုးတိုးတက်နေမှု၊ မိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းမှုများဆောင်ရွက်၍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတကာ၊ ဒေသတွင်းနိုင်ငံများနှင့် ပတ်သက်၍ မဟာဗျူဟာမြောက် စီးပွားရေးအမြင် သုံးသပ်တွေ့ရှိမှုများ၊ မြန်မာနိုင်ငံနှင့် ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ လက်တွေ့ကျကျဆောင်ရွက်နိုင်ရေး အစိုးရနှင့် စီးပွားရေးလုပ်ငန်းရှင်များအကြား မူဝါဒများ၊ အကောင်အထည်ဖော်ဆောင်ရွက်မှု စံသတ်မှတ်ချက်များအနေဖြင့် လိုက်လျောညီထွေဖြစ်ရန် လိုအပ်မှုအခြေအနေများ၊ မလေးရှားနိုင်ငံ နှင့် မြန်မာနိုင်ငံတို့အကြား ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် လက်တွေ့ကျသည့် အကြံပြုချက်များ၊ အလားအလာများ၊ အခွင့်အလမ်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများ အလိုက် အကျယ်တဝင့် ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက ပြန်လည်သုံးသပ်ဆွေးနွေး

ဆွေးနွေးတင်ပြမှုများ အပေါ် နိုင်ငံတော်သမ္မတက မိမိအနေဖြင့် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်လုပ်ဆောင်နိုင်မည့် အခွင့်အလမ်းများနှင့်အလားအလာများ၊ အခြေအနေများကို အဖွင့်၌ ထည့်သွင်း ပြောကြားခဲ့ကြောင်း၊ မလေးရှားနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်နိုင်မည့်အလားအလာများ၊ အခွင့်အလမ်းများနှင့် အကြံပြုချက်များ၊ သုံးသပ်ချက်များကို ကျယ်ကျယ်ပြန့်ပြန့် တင်ပြ ဆွေးနွေးသွားကြသည်ကို အားရဖွယ်တွေ့မြင်ရပါကြောင်း၊ စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံရေးအရ၊ လုံခြုံရေးအရ တည်ငြိမ်အေးချမ်းမှုရှိရန် လိုအပ်သည်ကို မိမိအနေဖြင့် ကောင်းစွာသိရှိ လက်ခံထားပါကြောင်း၊ လက်ရှိအချိန်တွင် မြန်မာနိုင်ငံအနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းလျက်ရှိပြီး နိုင်ငံရေးအရ တည်ငြိမ်မှုရှိစေရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများနှင့် ပတ်သက်၍လည်း ဥပဒေပြဋ္ဌာန်းချက်များဖြင့် အာမခံချက်ပေးထားပါကြောင်းနှင့် ယုံကြည်စိတ်ချစွာဖြင့် လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေး ဖိတ်ခေါ်လိုပါကြောင်း။

မလေးရှားနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ လာရောက် ဆောင်ရွက်နိုင်ရေးအတွက် ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးမှုများ အားလုံးသည် မြန်မာနိုင်ငံ၌ အမှန်တကယ် လိုအပ်ချက်များရှိနေသည့် လက်တွေ့ကျသည့် ကိစ္စရပ်များပင် ဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် စီးပွားရေးအရ အားကောင်းလာစေရေး ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများနှင့် ပတ်သက်၍ လိုအပ်သည်များကို ကူညီဖြည့်ဆည်းအားပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံသို့ လာရောက်၍ လက်ရှိဖြစ်ပေါ်နေသည့် ဈေးကွက်အခြေအနေများကို ကိုယ်တိုင်လေ့လာ၍ ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နိုင်မည့် အလားအလာနှင့် အခွင့်အလမ်းများကို ဆုပ်ကိုင်အကောင်အထည် ဖော်ဆောင်ကြစေလိုကြောင်း၊ ယခုကဲ့သို့ နှစ်နိုင်ငံ ထိပ်သီးလုပ်ငန်းရှင်များ အချင်းချင်း ရင်းရင်းနှီးနှီး၊ ပွင့်ပွင့်လင်းလင်း တွေ့ဆုံဆွေးနွေးရသည့် အချိန်တွင် စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးဆောင်ရွက်သွားကြစေလိုကြောင်း၊ ယခု ကနဦးတွေ့ဆုံမှုသည် အောင်မြင်ပြီး အပြုသဘောဆောင်သည့် ဆွေးနွေးမှုပင်ဖြစ်ကာ ယခုထက်ပိုမိုကျယ်ပြန့်၍ လက်တွေ့အကျိုးရှိမည့် စီးပွားရေးမျက်နှာစာသစ်တစ်ခုကို အတူတကွ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လည်း တိုက်တွန်းပြောကြားလိုကြောင်း ပြန်လည်သုံးသပ်ဆွေးနွေးသည်။

ဆွေးနွေးပွဲအပြီးတွင် နိုင်ငံတော်သမ္မတသည် တက်ရောက်လာကြသည့် နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် အောက်တိုဘာ ၇

မလေးရှားနိုင်ငံ၌ ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ကွာလာလမ်ပူမြို့ရှိ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များအား ယနေ့ညနေပိုင်းတွင် ကွာလာလမ်ပူမြို့ရှိ မြန်မာသံရုံး၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

ဦးစွာ နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ် အဖွဲ့ဝင်များသည် မြန်မာသံရုံးသို့ ရောက်ရှိလာရာ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များက လှိုက်လှဲနွေးထွေးစွာ ကြိုဆို နှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

ထို့နောက် သံအမတ်ကြီးနှင့် စစ်သံမှူးတို့က မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုများနှင့် မိတ်ဆက်ပေးပြီး တာဝန်ထမ်းဆောင်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များအား အမှာစကား ပြောကြားရာတွင် မိမိတို့နိုင်ငံနှင့် မလေးရှားနိုင်ငံတို့သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများ ဖြစ်ကြပြီး အာဆီယံအဖွဲ့ကြီးသည် လူမှုအသိုက်အဝန်း တစ်ခုအဖြစ် တည်ဆောက်ထားသည့်အဖွဲ့ကြီး ဖြစ်ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းကြောင်းများကို ပြန်ကြည့်မည်ဆိုပါကလည်း နှစ်နိုင်ငံအကြား ကောင်းမွန်သည့်ဆက်ဆံမှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် ကူးသန်းရောင်းဝယ်မှုများ ရှိခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကိုမြှင့်တင်နိုင်ရေး သံရုံး၊ စစ်သံရုံး ဝန်ထမ်းများအနေဖြင့် ဆက်လက်ကြိုးပမ်း ထိန်းသိမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မလေးရှားနိုင်ငံအတွင်း၌ မြန်မာနိုင်ငံမှ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိ အလုပ်လုပ်ကိုင်နေကြသည့် မြန်မာနိုင်ငံသားများရှိကြပြီး မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများအနေဖြင့် ၎င်းတို့နှင့် ပတ်သက်၍ တတ်နိုင်သမျှ ထိန်းသိမ်းစောင့်ရှောက် ပေးသွားရန်လိုကြောင်း၊ ၎င်းတို့သည် မြန်မာနိုင်ငံသားများပင် ဖြစ်သည့်အတွက် ၎င်းတို့၏ ဘေးကင်းလုံခြုံရေးနှင့် အလုပ်သမား အခွင့်အရေးများ အပြည့်အဝရရှိစေရေး၊ နှစ်နိုင်ငံ ဥပဒေများနှင့်အညီ အကာအကွယ်ပေးနိုင်ရေး ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်ပနိုင်ငံများနှင့် ကူးသန်းရောင်းဝယ်မှုနှင့် ကူးလူးဆက်ဆံမှုများ ရှိရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် သံတမန်ရေးရာဝန်ထမ်းများအနေဖြင့် တစ်ဖက်တစ်လမ်းမှ အားဖြည့်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မြန်မာနိုင်ငံသို့ မလေးရှားနိုင်ငံမှ တင်ပို့နေသည့် သွင်းကုန်များရှိသကဲ့သို့ မလေးရှားနိုင်ငံမှ လိုအပ်နေသည့်ပို့ကုန်များကိုလည်း မြန်မာနိုင်ငံမှတင်ပို့နေရသည်များလည်းရှိသည်ဖြစ်သဖြင့် စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ လူမှုရေးပိုင်းဆိုင်ရာ အဖွဲ့အစည်းများအချင်းချင်း၊ ပြည်သူများအချင်းချင်း ထိတွေ့ ဆက်ဆံမှုများနှင့် ပတ်သက်၍လည်း တိုးမြှင့်ဆောင်ရွက်သွားကြရန်လိုကြောင်း။

ပညာတော်သင်များ စေလွှတ်ရေးနှင့်ပတ်သက်၍လည်း မိမိတို့နိုင်ငံအနေဖြင့် ပညာရေးကဏ္ဍကို မဖြစ်မနေ မြှင့်တင်ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မလေးရှားနိုင်ငံသည်လည်း ပညာရေးပိုင်းဆိုင်ရာတွင် အားကောင်းသည့်နိုင်ငံဖြစ်သဖြင့် ပညာတော်သင်များစေလွှတ်၍ ရနိုင်မည်ဆိုပါက မိမိတို့နိုင်ငံအတွက် အထောက်အပံ့ကောင်း ဖြစ်စေနိုင်မည်ဖြစ်ကြောင်း။

သံရုံး၊ စစ်သံရုံးဝန်ထမ်းများ၊ မိသားစုများအနေဖြင့် နိုင်ငံရပ်ခြားတွင် မိမိတို့နိုင်ငံတော်၏ တာဝန်များကို လာရောက်တာဝန်ထမ်းဆောင်နေကြသူများ အနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုပြီး မိမိတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိန်းသိမ်းသွားကြရန်၊ မြှင့်တင်သွားကြရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတသည် မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများအတွက် လက်ဆောင်ပစ္စည်းများနှင့် ချီးမြှင့်ငွေများကို ပေးအပ်ရာ သံအမတ်ကြီး၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ)နှင့် သင်တန်းသားများက လက်ခံရယူကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ပြီး သံရုံးဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများအတွက် လက်ဆောင်ပစ္စည်းများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။

○ ကျွန်းလှမှ

"ကျွန်းလှမြို့နယ်မှာ ဒီနှစ်မိုးရာသီ မြေပဲစိုက်ပျိုးဖို့ ၇၅၈၂ ဧကလျာထားတဲ့အနက် ၇၂၅၆ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အခုအခါ မြေပဲစိုက်ဧကအားလုံး ရိတ်သိမ်းပြီး တစ်ဧက ၄၃ ဒသမ ၅၃ တင်းထွက်ရှိပါတယ်။ တောင်သူတွေ ဆောင်းမြေပဲ သီးထပ်စိုက်ပျိုးဖို့ ပြင်ဆင်နေကြပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

အသိပညာပေး

အဆိုပါ မိုးမြေပဲစိုက်ပျိုးသည့် တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်ရရှိရေးဆောင်ရွက်ပေးခြင်း၊ သင်တန်းများဖွင့်လှစ်ခြင်း၊ ကွင်းသရုပ်ပြပွဲများပြုလုပ်ခြင်း စသည့် စိုက်ပျိုးရေးဆိုင်ရာနည်းပညာများ ကွင်းဆင်း အသိပညာပေးခဲ့ကြောင်း သိရသည်။

မျိုးဝင်းညို(ကျွန်းလှ)

✻ မန္တလေးမှ

လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အားကစားအဖွဲ့များအတွက် လိုအပ်သည့်အားကစားအထောက်အကူပြုပစ္စည်းများကို ဖြည့်ဆည်းထောက်ပံ့ပေးသွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့ပြင် အောက်တိုဘာ ၆ ရက်က စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ စစ်ကိုင်း နှစ်(၇၀၀)ပြည့် အားကစားကွင်းနှင့် ပိုးတန်းမြို့နယ်အားကစားကွင်း တည်ဆောက်ရေးလုပ်ငန်း၊ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) တည်ဆောက်ရေးလုပ်ငန်း၊ မန္တလာသီရိအားကစားကွင်းရှိ ဘောလုံးကွင်းနှင့် Multipurpose Hall(ဘက်စုံသုံးခန်းမ)နှင့် ချမ်းမြသာစည်မြို့နယ်ရှိ တည်ဆောက်ရေးလုပ်ငန်း၊ ရွှေမန်းတောင်အားကစားကွင်းရှိ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး အဆောက်အအုံများအား ပြုပြင်ထိန်းသိမ်းခြင်း၊ ပြန်လည်အဆင့်မြှင့်တင်ခြင်းများနှင့် အသစ်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းကိုက်ညီပြီး အရည်အသွေးပြည့်မီစေရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးစေရေး စနစ်တကျစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားရန် မှာကြားသည်။

အောက်တိုဘာ ၅ ရက်က မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရမည်းသင်းမြို့နယ်နှင့် ပျော်ဘွယ်မြို့နယ်အားကစားကွင်း၊ ဝမ်းတွင်းမြို့နယ်၊ မိတ္ထီလာမြို့နယ်တို့ရှိ (ပေါက်ချောင်းကွင်း၊ မိုးလုံလေလုံခန်းမ၊ ခရိုင်ဘောလုံးကွင်း)နှင့် ကူမဲမြို့နယ်ရှိ အားကစားကွင်းများကိုလည်းကောင်း၊ မြစ်သားမြို့နယ်၊ ကျောက်ဆည်မြို့နယ်နှင့် စဉ့်ကိုင်မြို့နယ်တို့ရှိ အားကစားကွင်း၊ အားကစားရုံများနှင့် တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုက်နာဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းပိုင်းဆိုင်ရာများကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် အောက်တိုဘာ ၇

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ပြည်သူ့လွှတ်တော်ကော်မတီများမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် အောက်တိုဘာ ၇

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော်တွင် ဖွဲ့စည်းထားရှိသည့် ကော်မတီများမှဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၂၆) ကို ယနေ့မွန်းလွဲ ၂ နာရီတွင် ပြည်သူ့လွှတ်တော် (C) ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မိမိတို့ တတိယအကြိမ် ပြည်သူ့လွှတ်တော်သည် တတိယပုံမှန်အစည်းအဝေးသို့ ရောက်ရှိလာပြီဖြစ်ပါကြောင်း၊ လွှတ်တော်၏လုပ်ငန်းတာဝန်များသည် သိသာထင်ရှားသည့်အရွေ့တစ်ခုသို့ ရောက်ရှိရန်အတွက် ကော်မတီများ၏ ဆောင်ရွက်ချက်များသည် အဓိကကျပါကြောင်း၊ ကော်မတီများအား လွှတ်တော်အတွင်း၌ သက်ဆိုင်ရာကဏ္ဍအလိုက် အသေးစိတ်လေ့လာခြင်း၊ စိစစ်ဆွေးနွေးခြင်း၊ အကြံပြုခြင်းများဖြင့် လွှတ်တော်၏လုပ်ငန်းများကို ပိုမိုအားကောင်းစေရန် ဖွဲ့စည်းထားရှိခြင်းဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် အထူးပြုလုပ်ငန်းတာဝန်များကို လက်တွေ့ဆောင်ရွက်ပေးရသည့်အဖွဲ့လည်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ကော်မတီများအနေဖြင့် မိမိတို့နှင့်သက်ဆိုင်သည့် ကဏ္ဍအသီးသီးတွင် ကျွမ်းကျင်နှံ့စပ်မှုရှိစေရန် စဉ်ဆက်မပြတ် လေ့လာနေကြရမည်ဖြစ်ပါကြောင်း၊ ကော်မတီအလိုက် လေ့လာစိစစ်ရမည့်ဥပဒေများနှင့် စပ်လျဉ်း၍လည်း ခေတ်ကာလနှင့်ကိုက်ညီမှုရှိစေရေးအတွက် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ရုပ်သိမ်းခြင်းနှင့် လိုအပ်ပါက ဥပဒေအသစ်ပြဋ္ဌာန်းခြင်းများ ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးကြရမည်ဖြစ်ပါကြောင်း၊ ကော်မတီများအနေဖြင့် လွှတ်တော်၏ဥပဒေပြုလုပ်ငန်းစဉ်များ ပိုမိုထိရောက်စေရန်အတွက် Legislative Calendar များ ရေးဆွဲဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

မိမိတို့သည်ပြည်သူများ၏အသံနှင့်လိုလားချက်များကို အလေးအနက်ထားဆောင်ရွက်ရမည်ဖြစ်သလို နိုင်ငံတော်အတွက် အထောက်အကူဖြစ်စေမည့်ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များကိုလည်း အလေးထားစဉ်းစားကြရမည်ဖြစ်ပါကြောင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာကိစ္စရပ်များ၊ အမျိုးသမီးနှင့်ကလေးသူငယ်များအား အကြမ်းဖက်မှုမှအကာအကွယ်ပေးရေးဆိုင်ရာ ကိစ္စရပ်များ၊ သက်ကြီးရွယ်အိုစောင့်ရှောက်မှုဆိုင်ရာ ကိစ္စရပ်များ၊ တောင်သူလယ်သမားများ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ သဘာဝဘေးအန္တရာယ်ကာကွယ်တားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေများဖြင့် မလုံလောက်ပါက ဥပဒေအသစ်များပြဋ္ဌာန်းနိုင်ရေး သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ကော်မတီများအနေဖြင့် မိမိတို့၏ဆောင်ရွက်ချက်များကို သိသာထင်ရှားသည့်တိုးတက်မှုများရှိစေရန်အတွက် Key Performance Indicator (KPI) ဖြင့် အကဲဖြတ်တိုင်းတာဆောင်ရွက်ထားရှိရန် လိုအပ်ပါကြောင်း၊ ကော်မတီ၏လုပ်ငန်းတာဝန်များနှင့်ပတ်သက်၍ အခြားနိုင်ငံတကာလွှတ်တော်များ၏ ဆောင်ရွက်ချက်များအပေါ် လေ့လာသုံးသပ်ပြီး နိုင်ငံနှင့် ပြည်သူကိုအကျိုးပြုသော လွှတ်တော်တစ်ရပ်ဖြစ်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက ကိုယ်စားလှယ်တစ်ဦးချင်းစီ၏ စွမ်းဆောင်ရည်မြင့်မားမှသာ လွှတ်တော်၏အခန်းကဏ္ဍလည်း မြင့်မားလာမည်ဖြစ်ပါကြောင်း၊ ကိုယ်စားလှယ်များ အရည်အသွေးမြင့်မားရေးအတွက် ဆွေးနွေးပွဲများ၊ သင်တန်းများ ဖွင့်လှစ်ပေးသွားမည်ဖြစ်ပါကြောင်း၊ ကော်မတီများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များသည် အတွေ့အကြုံရှိသည့်ပုဂ္ဂိုလ်များဖြစ်၍ ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်များနှင့်စပ်လျဉ်း၍ဆောင်ရွက်ရာတွင် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပါက ပိုမိုထိရောက်မှုရှိမည်ဟု အကြံပြုလိုပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက ကော်မတီများအလိုက်ဆောင်ရွက်နေသည့်ကိစ္စရပ်များကို တင်ပြကြပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်

အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၆) ကျင်းပ

နေပြည်တော် အောက်တိုဘာ ၇

အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၆) ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် အမျိုးသားလွှတ်တော်ရေးရာ ဆောင်အမှတ် (I-20) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ကော်မတီဥက္ကဋ္ဌ ဦးလှသိန်းက အမှာစကားပြောကြားပြီး တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးအတွင်း တင်သွင်းမေးမြန်းခဲ့သည့် မေးခွန်းများနှင့်စပ်လျဉ်း၍ ကော်မတီအဖွဲ့ဝင်များက ဝန်ကြီးဌာန ၁၁ ခုမှ တာဝန်ရှိသူများနှင့် ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်သည်။

ထို့နောက် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ကော်မတီအဖွဲ့ဝင်များနှင့် ဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌနှင့်အတူ ကော်မတီဝင်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

တတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပဥ္စမနေ့ကျင်းပ

မြစ်ကြီးနား အောက်တိုဘာ ၇

တတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက် အတွင်းရှိ ပြည်နယ်လွှတ်တော်ရုံး လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျုံ၊ ဒုတိယဥက္ကဋ္ဌ ဦးသိန်းထွန်းအေးနှင့် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်သို့တင်ပြပြီး အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြုမှတ်တမ်းတင်သည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များက ကြယ်ပွင့်မေးခွန်း ငါးခုကိုမေးမြန်းကြရာ သက်ဆိုင်ရာပြည်နယ်ဝန်ကြီးများက ပြန်လည်ရှင်းလင်း ဖြေကြားကြပြီး တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌက ကချင်ပြည်နယ်အစိုးရအဖွဲ့ တင်သွင်းခဲ့သော လော်ဝေါ်နှင့် လီဆူ တိုင်းရင်းသား လူမျိုးများ၏ အမည်မှန် (စာလုံးပေါင်းအမှန်) သတ်မှတ်နိုင်ရေးနှင့် စပ်လျဉ်း၍ ကော်မတီ၏ စိစစ်ချက်အစီရင်ခံစာကို တင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက ထောက်ခံဆွေးနွေးကြပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ အဆုံးအဖြတ်ဖြင့် သဘောတူညီချက်ရယူသည်။

ယင်းနောက် ပြည်နယ်စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးက ကချင်ပြည်နယ်အစိုးရအဖွဲ့က တင်သွင်းခဲ့သော ၂၀၂၇-၂၀၂၈၊ ဘဏ္ဍာရေးနှစ် အရအသုံးမှန်းခြေငွေစာရင်း လျာထားချက်နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး ကချင်ပြည်နယ် လွှတ်တော် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ပြည်သူ့ငွေစာရင်းဆိုင်ရာ ကော်မတီနှင့် ဥပဒေကြမ်း ကော်မတီတို့၏ အကြံပြုပြင်ဆင်ချက်များအတိုင်း လွှတ်တော်က အတည်ပြုသည်။

ဆက်လက်၍ လွှတ်တော်သို့ တင်သွင်းခဲ့သော ဝိုင်းမော်မြို့နယ် မဲဆန္ဒနယ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အမှတ်(၁) ဒေါ်မိုးသီတာသိန်း၏ **“ဌာနဆိုင်ရာအချို့၏ (၅)နှစ်တာ လုပ်ငန်းစီမံကိန်းများ ရေးဆွဲတင်ပြရာတွင် ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၈၄ နှင့်အညီ ဆောင်ရွက်ရန် ကချင်ပြည်နယ်အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း”** အဆိုကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် နှစ်ဦးက ထောက်ခံဆွေးနွေးပြီး ပြည်နယ်စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ အဆုံးအဖြတ်ရယူကာ ယင်းအဆိုအား မှတ်တမ်းတင် ဆုံးဖြတ်ကြောင်း ကြေညာပြီး တတိယအကြိမ် ကချင်ပြည်နယ် လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို ရပ်နားလိုက်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

မတ္တရာမြို့နယ်၌ ဓာတ်အားပြတ်တောက်ခဲ့သော တောင်ပြုံးငယ်ကျေးရွာ ဓာတ်အားပြန်လည်ရရှိ

မတ္တရာ အောက်တိုဘာ ၇

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်တွင် လျှပ်စစ်ဓာတ်အားပြတ်တောက်ခဲ့သော ကျေးရွာများမှ ဓာတ်အားသုံးစွဲသူများ လျှပ်စစ်ဓာတ်အား ပြန်လည်ရရှိရေး မတ္တရာမြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ တာဝန်ရှိသူများနှင့် ကျွမ်းကျင်ဝန်ထမ်းများဖြင့် ဆောင်ရွက်ခဲ့ရာ တောင်ပြုံးငယ် ကျေးရွာ၌ ယနေ့နံနက်ပိုင်းတွင် လျှပ်စစ်ဓာတ်အားပြန်လည်ရရှိခဲ့သည်။

တောင်ပြုံးငယ် ကျေးရွာသည် မတ္တရာဓာတ်အားခွဲရုံမှ ဓာတ်အားပေးပို့သည့် ၂၁ ရွာမြောက် ဓာတ်အား ပြန်လည်ရရှိခြင်းဖြစ်ပြီး အဆိုပါကျေးရွာမှ အိမ်ခြေ ၈၆ အိမ်အား မီးချိတ်ဆက်ပေးနိုင်ခဲ့သည်။ ယနေ့အထိ တောင်ပြုံးဓာတ်အားခွဲရုံနှင့် မတ္တရာဓာတ်အားခွဲရုံမှ အိမ်ခြေပေါင်း ၁၄၄၃၂ အိမ်သို့ လျှပ်စစ်ဓာတ်အားပေးနိုင်ပြီဖြစ်ကြောင်း သိရသည်။

ရွှေရာသား

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ ကျင်းပ

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ ကျင်းပစဉ်။

နေပြည်တော် အောက်တိုဘာ ၇
တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လျှပ်စစ်မီးရရှိရေး၊ ဝန်ထမ်းအိမ်ရာများ၊ ကျောင်းဆောင်သစ်များနှင့် ပညာရေးအထောက်အကူပြု သိုလှောင်ရုံဆောက်လုပ်ပေးရေး၊ ပညာသင်စရိတ်ချေးငွေများ ထုတ်ချေးပေးရေး၊ တက္ကသိုလ်များ နိုင်ငံတကာအဆင့်မီအောင် ဆောင်ရွက်ပေးရေး၊ ဘွဲ့နှင်းသဘင်ခန်းမ တည်ဆောက်ပေးရေး၊ ဘာသာရပ်သင်ကိုယ်ပိုင်သင်တန်း ဥပဒေကို အသစ်ပြန်လည် ရေးဆွဲပြဋ္ဌာန်းပေးရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း ၁၀ ခု မေးမြန်းဖြေကြားခြင်းနှင့် အဆိုနှစ်ခု ဆွေးနွေးအတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ တီးတိန်မဲဆန္ဒနယ်မှ ဦးဆလိုင်းအောင်ပြည့်၏ **မဟာဓာတ်အားလိုင်း (၆၆)ကေဗွီလိုင်းအား ကလေးမြို့မှ တီးတိန်မြို့သို့ သွယ်တန်းပေးနိုင်ရန် အစီအစဉ် ရှိ /မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အနေဖြင့် တီးတိန်မြို့အား မဟာဓာတ်အားလိုင်းစနစ်ဖြင့် ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် ၆၆ ကေဗွီ ကလေး - တီးတိန် - သိုင်းငင်း ဓာတ်အားလိုင်း မိုင် ၄၀ နှင့် ၆၆ ကေဗွီဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းအား ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၁ ရက်တွင် ဂျပန်နိုင်ငံ JICA (MY-P30) ချေးငွေစီမံကိန်းအသစ်တွင် ထည့်သွင်းလျာထားခဲ့သော်လည်း ချေးငွေစီမံကိန်းအသစ်မှာ အကောင်အထည်မဖော်နိုင်ဘဲ ဆိုင်းငံ့လျက်ရှိပါသဖြင့် ချင်းပြည်နယ်အစိုးရအဖွဲ့၏ ညှိနှိုင်းတောင်းဆိုမှုအရ တီးတိန်မြို့သို့ မဟာဓာတ်အားလိုင်းစနစ် အမြန်ဆုံး ရောက်ရှိနိုင်စေရေးအတွက် ၆၆ ကေဗွီ ကလေး-သိုင်းငင်း-တီးတိန် ဓာတ်အားလိုင်း မိုင် ၄၀ တည်ဆောက်ခြင်းအစား လျှပ်စစ်ဓာတ်အား ရောက်ရှိပြီးဖြစ်သည့် ၆၆ ကေဗွီ ဂန့်ဂေါ - ဟားခါး - ဖလမ်း - သိုင်းငင်း ဓာတ်အားလိုင်းမှ ဆက်လက်ချိတ်ဆက်၍ ၆၆ ကေဗွီ သိုင်းငင်း-တီးတိန် ဓာတ်အားလိုင်း ၁၆ ဒသမ ၃ မိုင်နှင့် ၆၆ ကေဗွီ တီးတိန် ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း လုပ်ငန်းအား ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်မှစတင်၍ လျာထား ဆောင်ရွက်ခဲ့ပါကြောင်း။

၆၆ ကေဗွီ ဓာတ်အားလိုင်း ၁၆ ဒသမ ၃ မိုင် တည်ဆောက်ခြင်းအတွက် ပြည်ထောင်စုရန်ပုံငွေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ပထမအသုတ် တာဝါတိုင်များအား ငွေကျပ် သန်း ၁၂၈၂ ဒသမ ၈၂၀ ဖြင့်လည်းကောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ဒုတိယအသုတ် တာဝါတိုင်များ၊ ၆၆/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ ထရန်စဖော်မာနှင့် ဓာတ်အားခွဲရုံ ပစ္စည်းများအား ငွေကျပ် ၄၆၇၅ ဒသမ ၀၇၉ သန်းဖြင့်လည်းကောင်း စုစုပေါင်း ငွေကျပ် ၅၉၆၇ ဒသမ ၉၉၉ သန်းဖြင့် တင်ဒါခေါ်ဝယ်ယူခဲ့သော်လည်း နယ်မြေအခြေအနေအရ လုပ်ငန်းခွင်သို့ ပစ္စည်းပေးပို့နိုင်မှု မရှိသေးသဖြင့် နေပြည်တော် ဌာနစတိုတွင် ပစ္စည်းများအား စုဆောင်း သိမ်းဆည်းထားရှိပြီး တည်ဆောက်ရေး လုပ်ငန်းများ လျာထား ဆောင်ရွက်ခြင်းအား ရပ်နားထားခဲ့ပါကြောင်း။

ကျန်ရှိသည့် တတိယအသုတ် တာဝါတိုင်နှင့် ဆက်စပ်ပစ္စည်းများ၊ ဓာတ်အားခွဲရုံဆက်စပ်ပစ္စည်းများနှင့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ မြို့ပြနှင့် လျှပ်စစ်ပိုင်းဆိုင်ရာ တည်ဆောက်စရိတ်များအတွက် ငွေကျပ် ၆၂၆၆ ဒသမ ၀၂၃ သန်းအား ထပ်မံလျာထား ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပြီး လတ်တလော နယ်မြေအခြေအနေအရ ပစ္စည်းများပို့ဆောင်ခြင်းနှင့် တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်းအား ဆက်လက် လျာထား ဆောင်ရွက်နိုင်ခြင်း မရှိပါသဖြင့် နယ်မြေအခြေအနေအရ လုပ်ငန်းဆောင်ရွက်နိုင်သည့် အခါ ကျန်ရှိပစ္စည်းများ အပြီးသတ်ဝယ်ယူခြင်းနှင့် တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း အား ပြည်ထောင်စုရန်ပုံငွေဖြင့် ဆက်လက်လျာထား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

အင်္ဂပူမဲဆန္ဒနယ်မှ ဒေါက်တာဌေးဝင်း၏ **အင်္ဂပူမြို့နယ်ရှိ ထူးကြီးဒေသ၊ ချောင်းခွ၊ ညောင်ပင်ကြီးကွင်း၊ တစ်တီတူးကွင်း စသည့် ကျေးရွာအုပ်စုများ၌ လျှပ်စစ်မီးရရှိရေးဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ထူးကြီးဒေသရှိ ချောင်းခွကျေးရွာအုပ်စုတွင် ကျေးရွာငါးရွာ၊ ညောင်ပင်ကြီးကွင်း ကျေးရွာအုပ်စုတွင် ကျေးရွာခြောက်ရွာနှင့် တစ်တီတူးကွင်း ကျေးရွာအုပ်စုတွင် ကျေးရွာ သုံးရွာ စုစုပေါင်း ကျေးရွာ ၁၄ ရွာရှိပြီး အဆိုပါ ကျေးရွာ ၁၄ ရွာအနက် ညောင်ပင်ကြီးကွင်းကျေးရွာအုပ်စု ဘန့်ဘွေးကုန်းကျေးရွာနှင့် တစ်တီတူးကွင်း ကျေးရွာအုပ်စု တစ်တီတူးကွင်း ကျေးရွာတို့သည် ဓာတ်အားစနစ်ဖြင့် ဓာတ်အားဖြန့်ဖြူးပြီး ဖြစ်ပါကြောင်း။

အင်္ဂပူမြို့နယ်ရှိ ထူးကြီးဒေသ၊ ချောင်းခွအုပ်စု၊ ညောင်ပင်ကြီးကွင်း အုပ်စု၊ တစ်တီတူးကွင်းအုပ်စုတို့မှ မီးလင်းရန်ကျန်သည့် ကျေးရွာ ၁၂ ရွာ ဓာတ်အားရရှိရေးအတွက် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၆ ဒသမ ၇၆ မိုင်နှင့် ၁၁/၀ ဒသမ ၄ ကေဗွီ၊ ထရန်စဖော်မာ ၁၂ လုံး တည်ဆောက်ခြင်း လုပ်ငန်းများ အား တိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေမှ ဘဏ္ဍာငွေ ခွဲဝေရရှိမှုအပေါ် မူတည်၍ အဆင့်ဆင့် လျာထားဆောင်ရွက် ပေးသွားမည် ဖြစ်ပါကြောင်းနှင့် ကျေးရွာများအတွင်း ဗို့ ၄၀၀ ဓာတ်အားလိုင်း တည်ဆောက် ခြင်းလုပ်ငန်းများအား ကျေးရွာမှ ကိုယ်ထူကိုယ်ထ ဆောင်ရွက် ရမည်ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားသည်။

မလှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်သူ၏ **မလှိုင်မြို့နယ် အထက (ခွဲ)ဝါးခွ၊ အမက (ရေစင်) နှင့် အထက(ခွဲ) ထန်းပင်ကန် တို့တွင် ကျောင်းဆောင်အသစ် တစ်လုံးစီ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ဝါးခွ-အခြေခံပညာ အထက်တန်းကျောင်း (ခွဲ)တွင် ကျောင်းဆောင် ငါးဆောင်၊ စာသင်ခန်း ၁၅ ခန်းဖြင့် သင်ကြား သင်ယူမှုလုပ်ငန်းများ ဆောင်ရွက် လျက်ရှိပြီး ကျောင်းသားဦးရေအရ စာသင်ခန်းလေးခန်း လိုအပ်ကြောင်း တွေ့ရှိရသည့်အတွက် အဆိုပါလိုအပ်သော စာသင်ခန်း လေးခန်းအတွက် ပေ ၁၂၀ x ၃၀ RC တစ်ထပ်ကျောင်းဆောင်အား အသစ်ဆောက်လုပ်ရန် နောင်လာ မည့် ဘဏ္ဍာရေးနှစ်များတွင် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသ ကြီး၏ တန်းစီဇယားဖြင့် ဆောင် ရွက်သွားမည်ဖြစ်ပါကြောင်း။

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ရေစင်-အခြေခံပညာ မူလတန်းကျောင်းတွင် ပေ ၁၂၀x ၃၀ အုတ်ညှပ်တစ်ထပ်ဆောင်၌ စာသင်ခန်း ခြောက်ခန်းဖြင့် သင်ကြားသင်ယူမှု လုပ်ငန်း များ ဆောင်ရွက်လျက်ရှိပြီး ကျောင်းသားဦးရေအရ စာသင်ခန်း သုံးခန်းလိုအပ်ကြောင်း တွေ့ရှိရ သည့်အတွက် အဆိုပါလိုအပ်သော စာသင်ခန်း သုံးခန်းအတွက် ပေ ၆၀ x ၃၀ RC တစ်ထပ် ကျောင်းဆောင်အား အသစ် ဆောက်လုပ်ရန် နောင်လာမည့် ဘဏ္ဍာရေးနှစ်များတွင် ငွေလုံး ငွေရင်း (တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသ ကြီး၏ တန်းစီဇယားဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါ ကြောင်း။

မန္တလေးတိုင်းဒေသကြီး မလှိုင် မြို့နယ် ထန်းပင်ကန်-အခြေခံ ပညာ အထက်တန်းကျောင်း(ခွဲ) တွင် ကျောင်းဆောင်များအနေဖြင့် ပေ ၁၅၀ x ၃၀ အုတ်ညှပ်တစ်ထပ်၊ ပေ ၁၂၀ x ၃၀ အုတ်ညှပ်တစ်ထပ်၊ ပေ ၁၀၀ x ၃၀ အုတ်ညှပ်တစ်ထပ် စုစုပေါင်း ကျောင်းဆောင် သုံးဆောင်၊ စာသင်ခန်း ၁၂ ခန်း ဖြင့် သင်ကြားသင်ယူမှုလုပ်ငန်း များ ဆောင်ရွက်လျက်ရှိပြီး ကျောင်းသားဦးရေအရ စာသင်ခန်း လေးခန်းလိုအပ်ကြောင်း တွေ့ရှိရ သည့်တွက် အဆိုပါလိုအပ်သော စာသင်ခန်း လေးခန်းအတွက် ပေ ၁၂၀ x ၃၀ RC တစ်ထပ် ကျောင်းဆောင်အား အသစ် ဆောက်လုပ်ရန် နောင်လာမည့် ဘဏ္ဍာရေးနှစ်များတွင် ငွေလုံး ငွေရင်း (တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသ ကြီး၏ တန်းစီဇယားဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါ ကြောင်း ပြန်လည်ဖြေကြားသည်။

မိုင်းရှူးမဲဆန္ဒနယ်မှ ဦးစိုင်းကံ ၏ **မိုင်းရှူးမြို့နယ် မိုင်းအော့ အထက(ခွဲ)ကျောင်း၏ ဝန်ထမ်း အိမ်ရာများနှင့် ကျောင်းဆောင် သစ်တစ်ဆောင်ကို မည်သည့် နှစ်များတွင် ဆောက်လုပ်ပေးမည် ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးမြို့နယ် မိုင်းအော့-အခြေခံပညာအထက် တန်းကျောင်း(ခွဲ)တွင် ကျောင်း ဆောင်များအနေဖြင့် အဆိုပါ ကျောင်းတွင် ၁၅၀ x ၂၅ ပေသွပ်မိုး အုတ်ညှပ် နှစ်ထပ်၊ ပေ ၁၂၀ x ၃၀ သွပ်မိုး အုတ်ညှပ်တစ်ထပ် စုစုပေါင်း ကျောင်းဆောင် နှစ်ဆောင်၊ စာသင်ခန်း ၁၀ ခန်း ဖြင့် သင်ကြားသင်ယူမှုလုပ်ငန်း များ ဆောင်ရွက်လျက်ရှိပြီး ကျောင်းသားဦးရေအရ စာသင်ခန်း သုံးခန်း လိုအပ်ပါကြောင်း။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးမြို့နယ် မိုင်းအော့-အခြေခံပညာအထက် တန်းကျောင်း(ခွဲ)တွင် ကျောင်းသား ဦးရေအရ လိုအပ်သောစာသင်ခန်း သုံးခန်းအတွက် ပေ ၉၀ x ၃၀ RC တစ်ထပ် ကျောင်းဆောင်အား အသစ်ဆောက်လုပ်ရန်၊ အဆိုပါ ကျောင်း၏ ပေ ၁၅၀ x ၂၅ ပေ အုတ်ညှပ်နှစ်ထပ်ဆောင် အမိုးသွပ် ပေါက်ပြဲ၍ မိုးယိုနေခြင်းအား အကြီးစားပြုပြင်ရန်နှင့် ကျောင်းပိုင် မြေသည် ၁ ဒသမ ၁၆၈ ဧကရှိပြီး လိုအပ်လျက်ရှိသည့် ပေ ၂၈၀ အုတ်တံတိုင်းကာရံရန် လာမည့် ဘဏ္ဍာရေးနှစ်များတွင် ရန်ပုံငွေ ရရှိမှုအပေါ် ပြည်နယ်၏ တန်းစီ ဇယားဖြင့် လျာထားဆောင်ရွက် သွားမည် ဖြစ်ပါကြောင်း။

အဆိုပါကျောင်းတွင် ဝန်ထမ်း အိမ်ရာ ထပ်မံဆောက်လုပ်ရန် မြေနေရာ လုံလောက်မှုမရှိပါ ကြောင်းနှင့် လက်ရှိဝန်ထမ်း အိမ်ရာများအား လုံခြုံမှုရှိစေရေး အမြန်ဆုံး ပြင်ဆင်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြား သည်။

သုံးခွမဲဆန္ဒနယ်မှ ဦးအောင် ကျော်မင်း၏ **သုံးခွမြို့နယ် မြို့မ-အခြေခံပညာ အထက်တန်း ကျောင်းတွင် ကျောင်းဆောင် ဟောင်း ဖျက်သိမ်းခွင့်ပြုရန်နှင့် ကျောင်းဆောင်သစ် ဆောက်လုပ် ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်း နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ရန်ကုန်တိုင်း ဒေသကြီး သုံးခွမြို့နယ် မြို့မ-အခြေခံပညာ အထက်တန်း ကျောင်းတွင် စာသင်ခန်း ၂၁ ခန်း ဖြင့် သင်ကြားသင်ယူမှုလုပ်ငန်း များ ဆောင်ရွက်လျက်ရှိပြီး ကျောင်းသားဦးရေအရ စာသင်ခန်း ငါးခန်း လိုအပ်ပါကြောင်း။

သို့ဖြစ်ပါ၍ ရန်ကုန်တိုင်း ဒေသကြီး သုံးခွမြို့နယ် မြို့မ-အခြေခံပညာ အထက်တန်း ကျောင်းရှိ ခရေဆောင် ပေ ၁၀၀x ၃၀ (အန္တရာယ်ဆောင်)သည် အင်ဂျင်နီယာ ထောက်ခံချက်အရ အန္တရာယ်ရှိပါသဖြင့် ဖျက်သိမ်း၍ ၎င်းကျောင်းဆောင်တွင် သင်ကြား နေသော စာသင်ခန်းသုံးခန်းနှင့် ကျောင်းသားဦးရေအရ လိုအပ် သော စာသင်ခန်းငါးခန်း စုစုပေါင်း စာသင်ခန်း ရှစ်ခန်းအတွက် ပေ ၁၄၀ x ၃၀ RCC နှစ်ထပ် တိုးချဲ့ အသစ်ဆောက်လုပ်ရန် နောင်လာ မည့် ဘဏ္ဍာရေးနှစ်များတွင် ငွေလုံးငွေရင်း(တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသ ကြီး၏ တန်းစီဇယားဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါ ကြောင်း ပြန်လည်ဖြေကြားသည်။

ကျုံပျော်မဲဆန္ဒနယ်မှ ဦးဇော်မင်း ၏ **ကျုံပျော်မြို့နယ် ခရိုင်ပညာရေး မှူးရုံး၌ ပညာရေးအထောက်အကူ ပြုသိုလှောင်ရုံ ဆောက်လုပ်ပေး ရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ဧရာဝတီတိုင်း ဒေသကြီး ကျုံပျော်ခရိုင်ပညာရေး မှူးရုံး ပေ ၁၀၀ x ၃၀ RC နှစ်ထပ် အဆောက်အအုံအား ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ခွင့်ပြုရန်ပုံငွေ ဖြင့် တည်ဆောက်ခဲ့ပြီး ဝန်ထမ်း အင်အားအနေဖြင့် အရာထမ်း ၁၅ ဦး၊ အမှုထမ်း ၂၃ ဦး စုစုပေါင်း ဝန်ထမ်း ၃၈ ဦး တာဝန် ထမ်းဆောင်လျက် ရှိပါကြောင်း၊ ခရိုင် ပညာရေးမှူးရုံးအနေဖြင့် ခရိုင်အတွင်းရှိ မြို့နယ်များသို့ ဖြန့်ဝေမည့် ကျောင်းသုံးပြဋ္ဌာန်း ပုံနှိပ်စာအုပ်များ၊ ဆရာကိုင် ဆရာလမ်းညွှန် စာအုပ်များ၊ သင်ထောက်ကူပစ္စည်းများ၊ ဗလာ စာအုပ်များ ထားသိုနိုင်ရေး အတွက် လိုအပ်လျက်ရှိသော ပေ ၁၂၀ x ၃၀ RC တစ်ထပ် သိုလှောင်ရုံအား လာမည့်ဘဏ္ဍာ ရေးနှစ်များတွင် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ရန်ပုံငွေဖြင့် တိုင်းဒေသကြီး၏ တန်းစီဇယား ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း ပြန်လည်ဖြေကြားသည်။

စာမျက်နှာ ၉ သို့ ✦

✦ စာမျက်နှာ ၈ မှ

ဘားအံမဲဆန္ဒနယ်မှ ဦးသက်နိုင်ဦး၏ **တက္ကသိုလ်ပညာနှင့် အဆင့်မြင့်ပညာ သင်ကြားရန် အခက်အခဲရှိသူများအား ပညာသင်စရိတ်ချေးငွေများ ထုတ်ချေးပေးရန် မည်သည့်အချိန်တွင် စတင်ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း**မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ပညာရေး ဝန်ကြီးဌာနသည် အမှန်တကယ် နွမ်းပါးဆင်းရဲသော မိသားစုများမှ ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ပညာ ဆက်လက်သင်ယူနိုင်ရေးအတွက် ပညာသင်ထောက်ပံ့ကြေးများကို တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီး ကပ်လျက်ပညာသင်နှစ်တွင် တက္ကသိုလ်၊ ဒီဂရီကောလိပ် ပထမနှစ် (နေ့သင်တန်း) တက်ရောက်လျက် ရှိသော စုစုပေါင်း ကျောင်းသားဦးရေ၏ ၁၀ ရာခိုင်နှုန်းအား ပထမဘွဲ့ရရှိသည်အထိ ပညာသင်နှစ် တစ်နှစ်လျှင် ၁၀ လ၊ တစ်လလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် သတ်မှတ်ချက်နှင့် ကိုက်ညီသူများအား နှစ်စဉ် ချီးမြှင့်လျက်ရှိပါကြောင်း။

တက္ကသိုလ်များတွင် One campus၊ Two-system စနစ်ဖြင့် နေ့သင်တန်းများအပြင် အဝေးသင် သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသောကြောင့် ချို့ငဲ့နွမ်းပါးသော ကျောင်းသား ကျောင်းသူများအနေဖြင့် ဝင်ငွေရရှိသည့် အလုပ်လုပ်ကိုင်လျက် တက္ကသိုလ်ပညာ၊ အဆင့်မြင့်ပညာများ ဆက်လက်သင်ယူနိုင်ပါကြောင်း၊ ပညာရေးတက္ကသိုလ်များသို့ တက်ရောက်သော ကျောင်းသား ကျောင်းသူများအား နိုင်ငံတော်က စားသောက်စရိတ်များ ထောက်ပံ့ပေးအပ်ကာ B.Ed ဘွဲ့ရရှိပြီးနောက် အထက်တန်းပြဆရာများအဖြစ် နိုင်ငံ့တာဝန်ကို ထမ်းဆောင်စေလျက်ရှိပါကြောင်း။

ပညာရေးဒီဂရီကောလိပ် ၂၅ ကျောင်းတွင် နိုင်ငံတော်က စားသောက်စရိတ် ထောက်ပံ့ကျွေးမွေးကာ ကျောင်းအိပ်၊ ကျောင်းစား စီစဉ်ထားရှိ၍ စားသောက်ရေး၊ နေထိုင်ရေးတို့ကို စီမံ ဆောင်ရွက်ပေးထားပြီး လေးနှစ်သင်တန်း ပြီးဆုံးပါက မူလတန်းပြနှင့် အလယ်တန်းပြဆရာများအဖြစ် နိုင်ငံ့တာဝန်ကို ထမ်းဆောင်စေလျက်ရှိပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် လက်ရှိအခြေအနေတွင် ကျောင်းသားလူငယ်များ တက္ကသိုလ်ပညာ၊ အဆင့်မြင့်ပညာများ ဆက်လက်သင်ကြားနိုင်ရန် အတွက် လုံလောက်သည့် တက္ကသိုလ်ပညာသင်စရိတ် ချေးငွေများ ထုတ်ချေးပေးရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် နေ့သင်တန်းတက်ရောက်နေသော ချို့ငဲ့နွမ်းပါးသည့် ကျောင်းသား ကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ကြေးများ ချီးမြှင့်ပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ထားဝယ် မဲဆန္ဒနယ်မှ ဒေါက်တာ ကျော်ကျော်ဌေး၏ **နိုင်ငံတော်က ဖွင့်လှစ်ထားသည့် တက္ကသိုလ်များကို နိုင်ငံတကာ အဆင့်မီရေး မည်သို့ဆောင်ရွက်နေသည်နှင့် ဆောင်ရွက်သွားမည့် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ပညာရေး ဝန်ကြီးဌာနသည် တက္ကသိုလ်များကို နိုင်ငံတကာအဆင့်မီရေး အတွက် သင်ရိုးညွှန်းတမ်းများ နိုင်ငံတကာ အဆင့်မီရေးနှင့် ပေါင်းစပ် ဘာသာရပ်များနှင့် အသုံးချဘာသာရပ်များ တိုးချဲ့သင်ကြားရေးတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတကာ အဆင့်မီသင်ရိုးများ ဖြစ်စေရန် အတွက် သင်ရိုးသစ်များ နှစ်စဉ် ပြင်ဆင်ရေးဆွဲခြင်းတို့ကို ဘာသာရပ် သင်ကြားရေးအဖွဲ့များက ဆောင်ရွက်လျက် ရှိပါကြောင်း၊ Tutorials၊ Assignments၊ Practicals များကို ပုံမှန်ဆောင်ရွက်စေပြီး တီထွင်ဆန်းသစ်သော သင်ကြားသင်ယူမှု ဖြစ်စေရန် Project-based Learning (PBL) အပါအဝင် ကျောင်းသားဗဟိုပြု သင်ကြားနည်းများ အကောင်အထည်ဖော်ခြင်း၊ ဒီဂျစ်တယ်နည်းပညာအသုံးပြု သင်ကြားသင်ယူမှုဖြစ်စေရန် Learning Management System (LMS) တည်ထောင်ခြင်းနှင့် Digital Library များ ဖွင့်လှစ်ထားရှိခြင်း စသည်တို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

သင်ကြားရေး ဆရာ ဆရာမများ၏ အရည်အသွေးမြှင့်တင်နိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများ၊ ညီလာခံများ၊ ရက်တိုလေ့လာရေးခရီးစဉ်များနှင့် နှစ်ရှည်နိုင်ငံခြားပညာတော်သင် စေလွှတ်ခြင်းများ လုပ်ဆောင်ပေးလျက်ရှိပါကြောင်း၊ တက္ကသိုလ်များ အဆင့်မြှင့်တင်နိုင်ရေး အတွက် နိုင်ငံတကာ ပညာသင်ဆုများမှ တစ်ဆင့် နိုင်ငံခြားတက္ကသိုလ်များတွင် ပါရဂူဘွဲ့သင်တန်းတက်ရောက်နိုင်ရေးနှင့် ပါရဂူဘွဲ့ရများ မွေးထုတ်ပေးရေးကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

ပညာရေးဝန်ကြီးဌာန အနေဖြင့် အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေး အာမခံမှုအကဲဖြတ်ကော်မတီကို ဖွဲ့စည်းပြီး အရည်အသွေးအာမခံမှု စနစ်လုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်လျက် ရှိပါကြောင်း၊ တက္ကသိုလ်များတွင် Internal Auditing နှင့် External Auditing of ASEAN University Network ၏ "AUN QA Criteria" ကျင့်သုံးလျက် Programme Level နှင့် Institutional Level တို့တွင် အရည်အသွေး အာမခံမှုနှင့် အသိအမှတ်ပြုခြင်းများ ရရှိအောင် ဆောင်ရွက်လျက်ရှိပါကြောင်း။

ကမ္ဘာ့တက္ကသိုလ် အဆင့်သတ်မှတ်ချက် စနစ်ဖြစ်သော Times Higher Education (THE)၏ စံသတ်မှတ်ချက်များ ဖြစ်သည့် 5 Pillars နှင့် 17 Performance Indicators များကို အခြေခံပြီး အခြားနာမည်ကြီး ကမ္ဘာ့တက္ကသိုလ်အဆင့်သတ်မှတ်ချက်တစ်ခုဖြစ်သော QS Asia University Rankings ၏ လက်ရှိ စံသတ်မှတ်ချက် ဖြစ်သော 11 Indicators ကို ပြည့်မီရေး တွန်းအားပေး ဆောင်ရွက်လျက် ရှိပါကြောင်း။

သို့ဖြစ်ပါ၍ ပညာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူများ မျှော်မှန်းချက်ဖြစ်သည့် မြန်မာတက္ကသိုလ်များ နိုင်ငံတကာ အဆင့်မီရေးအတွက် "Quality Education၊ Digital Transformation၊ Research & Innovation၊ Internationalization & Quality Assurance" ဟူသော ကဏ္ဍများကို အဓိကထား၍ စဉ်ဆက်မပြတ် မြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုးညှင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်း၏ **မိုးညှင်းတက္ကသိုလ်၌ ဘွဲ့နှင်းသဘင်ခန်းမကို မည်သည့်ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးမည်ကို သိရှိလိုခြင်း**မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က မိုးညှင်း တက္ကသိုလ်သည် ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့ အရှေ့မြောက်ဘက်တွင် တည်ရှိပြီး တက္ကသိုလ်မြေဧရိယာ ဧက ၂၁၀ ကျယ်ဝန်းပါကြောင်း၊ မိုးညှင်း တက္ကသိုလ်တွင် မိုးညှင်းမြို့နယ်၊ မိုးကောင်းမြို့နယ်၊ ဖားကန့်မြို့နယ်ရှိ ကျောင်းသား ကျောင်းသူများ၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ဗန်းမော်ခရိုင်တို့မှ ကျောင်းသား ကျောင်းသူများ တက်ရောက် ပညာသင်ယူလျက် ရှိပါကြောင်း။

မိုးညှင်း ဒီဂရီကောလိပ်မှ မိုးညှင်းတက္ကသိုလ်အဖြစ်သို့ ၂၀၂၀ ပြည့်နှစ်တွင် အဆင့်တိုးမြှင့် ဖွင့်လှစ်ပြီးနောက် ပထမအကြိမ် ဘွဲ့နှင်းသဘင်၊ ဒုတိယအကြိမ် ဘွဲ့နှင်းသဘင်၊ တတိယအကြိမ် ဘွဲ့နှင်းသဘင်နှင့် စတုတ္ထအကြိမ် ဘွဲ့နှင်းသဘင် နေ့သင်တန်း၊ အဝေးသင်သင်တန်း အပိုင်းခွဲ၍ ဘွဲ့နှင်းသဘင် အခမ်းအနားကို အလျား ပေ ၈၀၊ အနံ ပေ ၅၀ အကျယ်ရှိ ဘက်စုံသုံးခန်းမတွင် ကျင်းပပြီး ဘွဲ့များအပ်နှင်းချီးမြှင့်ခဲ့ပါကြောင်း။

တက္ကသိုလ် ဘွဲ့နှင်းသဘင် အဆောက်အအုံသည် တက္ကသိုလ်၏ ဂုဏ်ဒြပ်ဖြစ်သည့်အတွက် ဘက်ပေါင်းစုံမှ စဉ်းစားတွက်ချက်ခြင်း၊ အဆိုပြုနေရာနှင့် အဆိုပြုပုံစံဒီဇိုင်းများရေးဆွဲပြီး ဦးစားပေး အဆင့်အလိုက် သတ်မှတ်ရွေးချယ်ခြင်းတို့ကို ရေရှည်အကျိုးမျှော်ကိုး၍ အဆင့်ဆင့် စနစ်တကျ တည်ဆောက်ကြရပါကြောင်း။

မိုးညှင်းတက္ကသိုလ် အဆင့်သို့ တိုးမြှင့်ပြီးနောက် တိုးတက်လာသော ကျောင်းသားဦးရေနှင့်အညီ တက္ကသိုလ်အဆင့် ဘွဲ့နှင်းသဘင် အဆောက်အအုံ တည်ဆောက် နိုင်ရေးအတွက် အဆင့်မြင့်ပညာ ဦးစီးဌာနအနေဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ကာ ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားပြီး ဘဏ္ဍာငွေခွဲဝေရရှိမှု အပေါ်မူတည်၍ ဖြည့်ဆည်း ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တောင်တွင်းကြီး မဲဆန္ဒနယ်မှ ဒေါက်တာကျော်ဆွေ၏ **၁၉၈၄ ခုနှစ် ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်းဥပဒေကို အမျိုးသားရေး ဥပဒေ၏ မူဝါဒများ၊ နိုင်ငံတကာ စံနှုန်းများ၊ ဒီဂျစ်တယ်သင်ယူမှု ပုံစံများနှင့် ကိုက်ညီစေရန် အသစ်ပြန်လည်ရေးဆွဲ ပြဋ္ဌာန်းရန် မည်သို့ ဆောင်ရွက်ထားသနည်း နှင့် အနာဂတ်တွင်ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ဘာသာရပ် သင် ကိုယ်ပိုင်သင်တန်းဥပဒေကို ၁၉၈၄ ခုနှစ် အောက်တိုဘာ ၂၂ ရက်တွင် ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ၂၀၀၃ ခုနှစ် ဧပြီ ၇ ရက်တွင် ကျင်းပသော မြန်မာနိုင်ငံပညာရေး ကော်မတီ၏ ၁/၂၀၀၃ အစည်း အဝေးဆုံးဖြတ်ချက်အရ ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်းဆရာ တစ်ဦးသည် ကိုယ်ပိုင်သင်တန်း အများဆုံးသုံးခုအထိ သင်ကြားနိုင် ပြီး ကိုယ်ပိုင်သင်တန်းတစ်ခုလျှင် ကျောင်းသင်ဘာသာရပ် သုံးခု အထိ သင်ကြားနိုင်ပါကြောင်းနှင့် ဘာသာရပ်သင်ကိုယ်ပိုင်သင်တန်း ဥပဒေကို ပြန်လည်စိစစ်ဆဲကာလ တွင် ကျင့်သုံးရန် မူအဖြစ် အခြေခံ ပညာဦးစီးဌာနက ဆက်လက် လိုက်နာ ဆောင်ရွက်နေဆဲဖြစ်ပါ ကြောင်း။

ဘာသာရပ်သင်ဆရာ အရည် အချင်း သတ်မှတ်ချက်အနေဖြင့် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ သို့မဟုတ် ဆရာအတတ်ပညာ သင်တန်းဆင်းလက်မှတ် ရရှိသူ ဖြစ်ရန်လိုအပ်ပြီး ဘွဲ့သင်တန်း နောက်ဆုံးနှစ်တွင် ဖြေဆိုခဲ့သော ဘာသာရပ် သို့မဟုတ် ဆရာ အတတ်ပညာ သင်တန်းတွင် ဖြေဆိုအောင်မြင်ခဲ့သော ဘာသာ ရပ်ကို သင်ကြားရမည်ဖြစ်ပြီး ဆရာကျင့်ဝတ်သိက္ခာနှင့် ကိုက်ညီ ၍ ဘာသာရပ်သင် ကိုယ်ပိုင် သင်တန်းဆရာ မှတ်ပုံတင် လက်မှတ်ရရှိပြီးမှသာ သင်ကြား ခွင့်ရရှိမည်ဖြစ်ပါကြောင်း။

လေကြောင်းလိုင်းများ၏ လေယာဉ်လက်မှတ်ခနှုန်းထားများအား သတ်မှတ်ဈေးနှုန်းထက် ပိုမိုသည့်နှုန်းထားဖြင့် ဝယ်ယူခဲ့ရခြင်း၊ Fake Accounts များမှတစ်ဆင့် ဝယ်ယူခဲ့ရခြင်းများရှိပါက တိုင်ကြားနိုင်

နေပြည်တော် အောက်တိုဘာ ၇

လေကြောင်းလိုင်းများ၏ လေယာဉ်လက်မှတ်ခနှုန်းထားများအား သတ်မှတ်ဈေးနှုန်းထက် ပိုမိုသည့်နှုန်းထားဖြင့် ဝယ်ယူခဲ့ရခြင်း၊ Fake Accounts များမှတစ်ဆင့် ဝယ်ယူခဲ့ရခြင်းများရှိပါက ခရီးသည်အမည်၊ ဝယ်ယူခဲ့သည့်ရက်စွဲ၊ ခရီးစဉ်အချက်အလက်၊ Booking PNR/Ticket အမှတ်၊ ဝယ်ယူခဲ့ရသည့်ဈေးနှုန်းနှင့် ငွေပေးချေသည့် အထောက်အထားစသည့် တိကျသည့်သတင်းအချက်အလက်များနှင့် အတူ သက်ဆိုင်ရာလေကြောင်းလိုင်းများသို့ တိုက်ရိုက်တိုင်ကြားနိုင်ပါကြောင်းနှင့် လေယာဉ်လက်မှတ်ခနှုန်းထားများကို သတ်မှတ်ဈေးနှုန်းထက် ပိုမိုရောင်းချခြင်း၊ Fake Accounts များမှတစ်ဆင့် ရောင်းချခြင်းများတွေ့ရှိရပါက မည်သူမဆို ပြစ်မှုဆိုင်ရာဥပဒေကြောင်းအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနက အသိပေးချက်ထုတ်ပြန်ထားသည်။

သတင်းစဉ်

၁၉၈၄ ခုနှစ် ကိုယ်ပိုင်သင်တန်း ဥပဒေတွင်ပါရှိသော အသုံးအနှုန်း များနှင့် ပြစ်ဒဏ်သတ်မှတ်ချက် ငွေကြေးနှုန်းထားများမှာ ခေတ် ကာလနှင့် လိုက်လျောညီထွေ မရှိခြင်းကြောင့် လိုအပ်ချက်များ ထပ်မံဖြည့်စွက်၍ ပြင်ဆင်နိုင်ရေး အတွက် အခြေခံပညာဦးစီးဌာန က ပြန်လည်စိစစ်လျက်ရှိပါ ကြောင်း၊ အွန်လိုင်းနှင့် ဒီဂျစ်တယ် သင်ကြားရေး စနစ်များကိုလည်း ထည့်သွင်းစိစစ်လျက် ရှိပါကြောင်း၊ ဥပဒေ ပြင်ဆင်ချက်များသည် ယေဘုယျအားဖြင့် မူရင်းဥပဒေ ပြဋ္ဌာန်းချက်များ၏ ထက်ဝက် သို့မဟုတ် သုံးပုံနှစ်ပုံကျော်နေလျှင် ဥပဒေအသစ်အနေဖြင့် ရေးဆွဲရန် ပြဋ္ဌာန်းထားပါသဖြင့် ပညာရေး ဝန်ကြီးဌာန အခြေခံပညာဦးစီး ဌာနက စနစ်တကျစိစစ်ဆောင် ရွက်လျက်ရှိပါကြောင်း ပြန်လည် ဖြေကြားသည်။

ထို့နောက် ကျောက်ပန်းတောင်း မဲဆန္ဒနယ်မှ ဦးဝင်းမြင့်မောင်၏ **"ဝိဇ္ဇာ၊ သိပ္ပံ ဘာသာရပ်အလိုက် ထူးချွန်ကျောင်းသားများ (ဝိဇ္ဇာ ချွန်ဆု/ သိပ္ပံချွန်ဆု) ရွေးချယ်၍ အထူးလေ့ကျင့်ပြုစုပျိုးထောင်ရေး အစီအစဉ်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေ (၂၀၀၈ ခုနှစ်) အခန်း(၈) နိုင်ငံသား၊ ပုဒ်မ ၃၆၈ နှင့်အညီ ပြန်လည် အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် ပြည်ထောင်စု အစိုးရအဖွဲ့အား တိုက်တွန်း ကြောင်းအဆို"**ကို တင်သွင်းရာ မတ္တရာမဲဆန္ဒနယ်မှ ဦးလှမြင့်က ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက လက်ခံဆွေးနွေးရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော် က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးမည်ဖြစ်ကြောင်း နှင့်ဆွေးနွေးလိုသည့်ကိုယ်စားလှယ် များရှိပါက အမည်စာရင်းတင်သွင်း နိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ဘားအံမဲဆန္ဒနယ် မှ ဦးသက်နိုင်ဦး၏ **"နိုင်ငံသူ နိုင်ငံသား မိဘပြည်သူလူထု တစ်ရပ်လုံး၏ ကျန်းမာရေးဆိုင်ရာ ဝန်ပိနေမှုများကို လျှော့ချပေးနိုင် ရန်အတွက် နိုင်ငံတော်အစိုးရ၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြင်ပလူနာဌာနကြီးများ ထူထောင် ဖွင့်လှစ်ပေးနိုင်ပါရန်နှင့် ရောဂါ ကြီးများအား နိုင်ငံတကာအဆင့်မီ ကုသမှုခံယူနိုင်ရန်အတွက် ဒေသ ဇုန်ကြီးများအလိုက် အဆင့်မြင့် အထူးကုဆေးရုံကြီးများ ထူထောင် ဖွင့်လှစ်ပေးနိုင်ပါရန် တိုက်တွန်း သည့်**အဆို"ကို တင်သွင်းရာ သရက်ချောင်း မဲဆန္ဒနယ်မှ ဦးရဲထွန်းဝင်းက ထောက်ခံ ဆွေးနွေးသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက လက်ခံဆွေးနွေးရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော် က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးမည်ဖြစ်ကြောင်း နှင့်ဆွေးနွေးလိုသည့်ကိုယ်စားလှယ် များရှိပါက အမည်စာရင်းတင်သွင်း နိုင်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့ လွှတ်တော် တတိယပုံမှန်အစည်း အဝေး ၁၃ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို အောက်တို ဘာ ၉ ရက်တွင် ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းအဖွဲ့

MSMEs စဉ်ဆက်မပြတ် တိုးတက်မှုနည်းလမ်းများ

ဒေါက်တာမောင်မောင်

ပို့ကုန်ဦးတည်သည့် MSMEs များဖြစ်လာစေဖို့

မြန်မာ့စီးပွားရေးတွင် MSMEs များသည် လုပ်ငန်းစုစုပေါင်း၏ ၉၀ ရာခိုင်နှုန်းဝန်းကျင်နှင့် အလုပ်အကိုင်ဖန်တီးမှုမှာလည်း ၇၀ ရာခိုင်နှုန်းခန့်ရှိသောကြောင့် MSMEs များသည် နိုင်ငံ့စီးပွားရေး တိုးတက်မှုအတွက် အဓိကမောင်းနှင်သူများဖြစ်သည်။

ထို့အတွက် အဆိုပါလုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံ့စီးပွားရေး တိုးတက်လာမည်ဖြစ်သောကြောင့် MSMEs များအတွက် စဉ်ဆက်မပြတ် တိုးတက်မှုနည်းလမ်းများဖြစ်မှသာ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကိုရရှိမည်ဖြစ်သည်။ မြန်မာ့ MSMEs များ၏ ၇၀ ရာခိုင်နှုန်းဝန်းကျင်လုပ်ဆောင်နေသည့်လုပ်ငန်းများမှာ လယ်ယာအခြေခံ စားသောက်ကုန်လုပ်ငန်းများသာဖြစ်ပြီး အများစုမှာ ပြည်တွင်းဈေးကွက်ကိုသာ အဓိကဦးတည် ထုတ်လုပ်ရောင်းချလျက်ရှိပါသည်။

အမှန်တကယ်မူ ပြည်တွင်းဈေးကွက်တွင် စားသုံးသူ သန်း ၅၀ ဝန်းကျင်သာရှိပြီး ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည့်အလျောက် ပြည်သူတို့၏ ဝယ်လိုအားမှာလည်း အကန့်အသတ်နှင့်သာရှိနေသေးပြီး နှိုင်းယှဉ်ဈေးနှုန်းမှာလည်း နိမ့်ကျနေဆဲပင်ဖြစ်သည်။ ထို့အတွက် MSMEs များအတွက် လုပ်ငန်းတိုးတက်နိုင်မှုမှာလည်း အကန့်အသတ်အတွင်းသာ ရရှိနိုင်ပြီး ရေရှည်စဉ်ဆက်မပြတ်တိုးတက်မှု ဖော်ဆောင်နိုင်ရန် အခွင့်အလမ်းနည်းပါးပါသည်။

သို့သော် ကမ္ဘာ့ဈေးကွက်မှာမူ စားသုံးသူ ၈ ဒသမ ၁ ဘီလီယံကျော်ရှိပြီး နှစ်စဉ်ပုံမှန် ၇၂ သန်းဝန်းကျင် တိုးပွားလာနေသည့်အပြင် လယ်ယာစားသောက်ကုန် လိုအပ်ချက်ရှိနေသည့်အတွက် ကမ္ဘာ့နိုင်ငံများအနေဖြင့် တိုးချဲ့စိုက်ပျိုးထုတ်လုပ်ရန် ကြိုးစားနေသည့်အချိန်လည်းဖြစ်သည်။ ဆိုလိုသည်မှာ ကမ္ဘာ့ဈေးကွက်တွင် ဝယ်လိုအားရှိပြီး နှိုင်းယှဉ်ဈေးနှုန်းမှာလည်း ပြည်တွင်းဈေးကွက်ထက်မြင့်သောကြောင့် ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်လျှင် အဆိုပါ MSMEs လုပ်ငန်းများအနေဖြင့် စဉ်ဆက်မပြတ်တိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။

MSMEs လုပ်ငန်းတိုင်း ပို့ကုန်ဦးတည်သည့် လုပ်ငန်းများဖြစ်လာစေရန် ကြိုးစားလုပ်ဆောင်ရမည်ဖြစ်သည်။ ထို့အတွက် MSMEs များအနေဖြင့် အဓိကရည်မှန်းချက်ဖြစ်သည့် စီးပွားရေးတိုးတက်မှုကို မျှော်မှန်းလျှင် မဖြစ်မနေ မိမိထုတ်ကုန်များကို ပြည်တွင်းဈေးကွက်ဝင်ထုတ်ကုန်များဖြစ်လာစေရန် အရည်အသွေးပိုင်းနှင့် ဘေးကင်းလုံခြုံမှုပိုင်းများကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့်ကိုက်ညီအောင် စိုက်ပျိုး၊ ထုတ်လုပ်၊ ထပ်ဆင့်ပြုပြင်နိုင်မှသာ ဖြစ်နိုင်ပါမည်။

လက်ရှိ MSMEs များ အခြေအနေ

ရေရှည်စဉ်ဆက်မပြတ်တိုးတက်မှုအတွက် MSMEs များအနေဖြင့် ပြည်တွင်းဈေးကွက်၌ ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေမှုတွင် အရည်အသွေးပိုင်းနှင့် ဘေးကင်းလုံခြုံမှုအပိုင်းများ၌ နှိုင်းယှဉ်ကောင်းမွန်မှုကြောင့် အောင်မြင်နေသည့်လုပ်ငန်းအချို့သာရှိသလို အများစုမှာ နှိုင်းယှဉ်အားနည်းနေခြင်းကြောင့် ရုန်းကန်နေရဆဲပင်ဖြစ်ပါသည်။

MSMEs လုပ်ငန်းများ၏ သုံးပုံနှစ်ပုံကျော်မှာ လယ်ယာစားသောက်ကုန်လုပ်ငန်းများ လုပ်ဆောင်နေသည့်အတွက် ပြည်တွင်းစိုက်ပျိုးထုတ်လုပ်ရောင်းချသော လယ်ယာအခြေခံစားသောက်ကုန်လုပ်ငန်းများ၏ လက်ရှိအခြေအနေကို စီးပွားရေးကျင့်ဝတ်များ (business ethics and community ethics)၊ ထုတ်ကုန်အရည်အသွေးပိုင်း၊ ဘေးကင်းလုံခြုံမှုအပိုင်းများကို အဓိကဖောင်းပေးဖော်ဆောင်ကြမည်ဖြစ်သည်။ စီးပွားရေးကျင့်ဝတ်ပိုင်းတွင် ပြည်တွင်းဈေးကွက်၌ မိမိထုတ်လုပ်ရောင်းချသော စားသောက်ကုန်များသည် စားသုံးသူများ၏ဆန္ဒကို အတတ်နိုင်ဆုံး ဖြည့်စွမ်းပေးရမည်ဖြစ်သည့်အပြင် ဘေးအန္တရာယ်မဖြစ်ပေါ်စေရေးဆိုသည့် အခြေခံကျင့်ဝတ်ပိုင်းတွင်လည်း ဖြည့်စွမ်းနိုင်မှု လိုအပ်ချက်ရှိနေဆဲဖြစ်ပါသည်။

ထို့အတူ ပြည်ပရောင်းချသော SMEs လုပ်ငန်းအချို့တွင် မိမိပို့ကုန်ကို အလေးချိန်တိုးလိုသည့်လောဘကြောင့် ခဲထုပ်ထူရောနှောခြင်း၊ ဖုန် / သဲများပါခြင်း၊ ရေထိုးခြင်း၊ ခဲထိုးခြင်း စသည်ဖြင့် ကုန်သည်အချို့ကြောင့်လည်း အခြားတင်ပို့သူများနှင့် နိုင်ငံ၏ပုံရိပ်ကိုပါ ထိခိုက်မှုများ အတိတ်ကာလများ၌ ကြုံတွေ့ခဲ့ရပြီးဖြစ်သည်။ အရည်အသွေးပိုင်းဆိုင်ရာတွင်လည်း မြန်မာ့လယ်ယာပို့ကုန်အများစုမှာ နှိုင်းယှဉ်အရည်အသွေးနိမ့်ကျသည့် (FAQ–Fair Average Quality) များသာ အများစုဖြစ်နေသေးပြီး အထူးအရည်အသွေး (SQ–Special Quality) တင်ပို့နိုင်မှု အားနည်းနေဆဲဖြစ်ပါသည်။

တစ်ဆက်တည်းမှာပင် ဘေးကင်းလုံခြုံမှုအပိုင်းတွင်လည်း ယေဘုယျအားဖြင့် ချို့ယွင်းချက်များရှိနေဆဲဖြစ်ပြီး လယ်ယာစားသောက်ကုန်များတင်ပို့ရာတွင် သတ်မှတ်ဓာတုပိုးသတ်ဆေး အကြွင်းအကျန်မှာ သတ်မှတ်ထားမှုထက်များနေခြင်းက အဓိကအခက်အခဲဖြစ်သည်။ ယခုအခါ နိုင်ငံတိုင်းက မိမိပြည်တွင်းသို့ဝင်ရောက်လာသည့် ကုန်စည်များအား စားသုံးသူများအတွက် ဘေးအန္တရာယ်မဖြစ်စေရေး အဓိကလုပ်ဆောင်နေသည့်အတွက် တင်သွင်းသည့်နိုင်ငံများက သတ်မှတ်ထားသည့် ဘေးကင်းလုံခြုံမှုဆိုင်ရာ စံချိန်စံနှုန်းသတ်မှတ်ချက်များကို တိတိကျကျ လိုက်နာဆောင်ရွက်မှသာ ဈေးကွက်ဝင်ရောက်နိုင်မည်ဖြစ်သည်။

ထို့အတွက် လယ်ယာကုန်စည် စိုက်ပျိုးထုတ်လုပ်ရာတွင် ကောင်းမွန်သည့် လယ်ယာဆိုင်ရာအလေ့အကျင့် (GAP– Good Agricultural Practice)ကို မဖြစ်မနေ လိုက်နာရမည်ဖြစ်သည်။ စိုက်ပျိုးသည့်မျိုးမှအစ အသုံးပြုသည့် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး စသည်တို့နှင့်ပတ်သက်၍ မှတ်တမ်းများ ပါရှိရမည်ဖြစ်သည်။ အကြောင်းမှာ နိုင်ငံအများစုအနေဖြင့် လယ်ယာစားသောက်ကုန်များ၏ ဘေးကင်းလုံခြုံမှုကို စစ်ဆေးရာတွင် နောက်ကြောင်းပြန်လိုက်မှုကြောင့် စိုက်ပျိုးရေးကုန်စည်ဆိုလျှင် GAP၊ ရေထွက်ကုန်စည်ဖြစ်လျှင် ကောင်းမွန်သည့် ရေထွက်ကုန်စည်ထုတ်လုပ်မှုအလေ့အကျင့် GAqP (Good Aquaculture Practice)၊ ထပ်ဆင့်ပြုပြင်လယ်ယာကုန်ချောများဆိုလျှင် ကောင်းမွန်သည့် ထပ်ဆင့်ပြုပြင်လုပ်ငန်း အလေ့အကျင့် GMP(Good Manufacturing Practice)ဆိုင်ရာ အထောက်အထားလက်မှတ်များလိုအပ်မည်ဖြစ်သည်။

> **အမှန်တကယ်မူ ဓာတုဆေးဝါးအမျိုးမျိုး အသုံးပြုရောင်းချသူများ လျော့နည်းပပျောက်စေရန် အထူးအရေးကြီးသည့် စိန်ခေါ်မှုဖြစ်သလို အမြန်ဆုံးဖြေရှင်းနိုင်သောနည်းလမ်းများကိုလည်း တင်းတင်းကျပ်ကျပ် လုပ်ဆောင်ရမည်ဖြစ်သည်။ ကျယ်ပြန့်လာသည့် ဓာတုဆေးသုံး လယ်ယာစားသောက်ကုန်များ ရောင်းချမှုအပိုင်းများတွင် စိုက်ပျိုးထုတ်လုပ်သူ၊ လက်ကားရောင်းဝယ်သူ၊ လက်လီရောင်းချသူ စသည်တို့တွင် မည်သည့်အပိုင်းက အဓိကလုပ်ဆောင်နေသည်ကို သိရှိရန်လိုအပ်မည်ဖြစ်ပြီး ပြဿနာအရင်းအမြစ်များကို ဖြေရှင်းနိုင်မှသာ ထိရောက်အောင်မြင်နိုင်မည်**

ကြီးမားသည့်စိန်ခေါ်မှု

ပြည်တွင်းဈေးကွက်တွင် စိုက်ပျိုးထုတ်လုပ်ပြုပြင်ရောင်းချသော လယ်ယာစားသောက်ကုန်များနှင့်ပတ်သက်၍ စားသုံးသူပြည်သူများအတွက် ကြီးမားသည့်စိန်ခေါ်မှုမှာ ဓာတုဆေးဝါးအမျိုးမျိုးသုံးပြီး ရောင်းချသည့်အလေ့အကျင့်ရှိနေခြင်းကြောင့် ကျန်းမာရေးထိခိုက်နေခြင်းပင်ဖြစ်သည်။ အထူးသဖြင့် လယ်ယာကုန်စည်အစိုများနှင့် ပျက်စီးပုပ်သိုးလွယ်သည့် ဟင်းသီးဟင်းရွက်များ၊ သစ်သီးဝလံများ၊ ရေထွက်ကုန်စည်များ စသည့်စားသောက်ကုန်များတွင် ဆိုးဆေးများ၊ မှည့်ဆေး၊ အရောင်တင်ဆေး၊ ကြာရှည်ခံဆေး စသည့်ဓာတုဆေးဝါးအမျိုးမျိုးတို့ကို သုံးစွဲနေခြင်း၊ အရောအနှောများ၊ အတုအပများကြောင့် စားသုံးသူများ၏ ကျန်းမာရေးကို သိသိသာသာ ထိခိုက်မှုများရှိပြီး မသန်စွမ်းဖြစ်ခြင်း၊ ရောဂါပေါင်းစုံဖြစ်ပေါ်ခြင်း၊ အရွယ်မတိုင်မီ သေဆုံးခြင်း စသည်တို့ကိုလည်း ကြုံတွေ့နေရပါသည်။

အမှန်တကယ်မူ ဓာတုဆေးဝါးအမျိုးမျိုး အသုံးပြုရောင်းချသူများ လျော့နည်းပပျောက်စေရန် အထူးအရေးကြီးသည့် စိန်ခေါ်မှုဖြစ်သလို အမြန်ဆုံးဖြေရှင်းနိုင်သော နည်းလမ်းများကိုလည်း တင်းတင်းကျပ်ကျပ် လုပ်ဆောင်ရမည်ဖြစ်သည်။ ကျယ်ပြန့်လာသည့် ဓာတုဆေးသုံး လယ်ယာစားသောက်ကုန်များ ရောင်းချမှုအပိုင်းများတွင် စိုက်ပျိုးထုတ်လုပ်သူ၊ လက်ကားရောင်းဝယ်သူ၊ လက်လီရောင်းချသူ စသည်တို့တွင် မည်သည့်အပိုင်းက အဓိကလုပ်ဆောင်နေသည်ကို သိရှိရန် လိုအပ်မည်ဖြစ်ပြီး ပြဿနာအရင်းအမြစ်များကို ဖြေရှင်းနိုင်မှသာ ထိရောက်အောင်မြင်နိုင်မည်ဖြစ်သည်။

အခြားနိုင်ငံများတွင် စားသောက်ကုန်နှင့်ပတ်သက်၍ ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် စားသောက်ကုန် ထုတ်လုပ်ရောင်းချရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ စားသောက်ကုန်ဘေးကင်းလုံခြုံမှုဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်ရှိပြီး စဉ်ဆက်မပြတ် လေ့လာစောင့်ကြည့်နေသည့်အပြင် တွေ့ရှိပါကလည်း ဥပဒေကြောင်းအရ ပြင်းပြင်းထန်ထန် အရေးယူခြင်းဖြင့် ထိန်းသိမ်းနေပါသည်။

မိမိတို့နိုင်ငံ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက လယ်ယာစားသောက်ကုန်များ စိုက်ပျိုးထုတ်လုပ်ရာတွင် အသုံးပြုသည့် ဓာတ်မြေဩဇာများ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး စသည်တို့၏ အရည်အသွေးမှန်ကန်မှုကိုကြီးကြပ်ပြီး ကျန်းမာရေးဝန်ကြီးဌာန စားသောက်ကုန်နှင့် ဆေးဝါးစီမံအုပ်ချုပ်မှုဌာန FDA (Food and Drug Administration) က ဈေးကွက်တွင်ရောင်းချသည့် စားသောက်ကုန်များကို အရည်အသွေးစစ်ဆေးခြင်းနှင့် စီမံကွပ်ကဲခြင်း လုပ်ဆောင်နေပါသည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူကာကွယ်ရေးဦးစီးဌာနက လက်တွေ့စားသုံးသူနစ်နာမှုများကို ကြီးကြပ်ကွပ်ကဲ လုပ်ဆောင်ပါသည်။

စားသောက်ကုန်များရောင်းချမှုကို စည်ပင်သာယာအောက်ရှိ ဈေးများ၊ ဈေးဆိုင်များက ပြုလုပ်သောကြောင့် ဓာတုဆေးများ၊ အတုအပများအသုံးပြုမှုကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဒေသအာဏာပိုင်များ ပေါင်းစပ်လုပ်ဆောင်သင့်ပြီး ကျယ်ကျယ်ပြန့်ပြန့် သိရှိလိုက်နာစေရန် မီဒီယာများ၊ ဆိုင်းဘုတ်များ၊ လူထုအခြေပြု လှုပ်ရှားမှုများ၊ ဒီဇိုင်းများ၊ ဟောပြောပွဲများ၊ ပညာပေးအစီအစဉ်များအပြင် ဥပဒေကြောင်းအရ ထိရောက်သည့်အရေးယူမှုများ တစ်ဆင့်ချင်း တိုးမြှင့်ဆောင်ရွက်သင့်ပါသည်။

တစ်ဖက်တွင်လည်း မြင်သာသည့်တိုးတက်မှုမှာ ဈေးများ၊ လမ်းဘေးဆိုင်များမှ လယ်ယာစားသောက်ကုန်များတွင် ဓာတုဆေးအမျိုးမျိုးအသုံးပြုမှုကို စားသုံးသူပြည်သူများ ယခင်ကထက် အသိပိုများလာခြင်းကြောင့်လည်း ယခုအခါ မြို့ကြီးများတွင် အရည်အသွေးပိုင်း ပိုမိုစိတ်ချရသည့်ကုန်တိုက်ကြီးများ၊ City Mart များ၊ One–Stop Mart, Ocean Mart စသည်တို့တွင် စားသောက်ကုန်ဝယ်ယူမှု ပိုမိုများလာနေပြီဖြစ်သည်။ သို့သော် အဆိုပါကုန်တိုက်ကြီးများ မရှိသည့် ဆင်ခြေဖုံးရပ်ကွက်များနှင့် အခြားမြို့ကြီးများတွင်မူ ဈေးများကိုသာ အဓိကအားထားနေရဆဲဖြစ်သည်။

လယ်ယာစားသောက်ကုန်များကို မူလအရည်အသွေးပိုင်းနှင့် ဈေးနှုန်းပိုင်း ထိန်းသိမ်းနိုင်ရေးအတွက် နိုင်ငံအများစု လုပ်ဆောင်နေသည့်နည်းလမ်းမှာ လယ်ယာကုန်စည် စတင်ထွက်ပေါ်လာသည့် နေရာနှင့် နောက်ဆုံးစားသုံးသူများအကြား ဖြန့်ဝေရာတွင် အလယ်လူများ (ပွဲစားများ၊ သိုလှောင်သူများ၊ လက်လီလက်ကား ရောင်းသူများ) များလေ အရည်အသွေးပိုင်းထိန်းသိမ်းရန်ခက်သလို ဈေးနှုန်းကိုပါ မြင့်တက်လေ့ရှိသောကြောင့် လယ်ယာကုန်စည် စတင်ထွက်ပေါ်လာသည့်နေရာနှင့် စားသုံးသူအကြား ကြားခံလူများ လျော့နည်းအောင်စီမံရခြင်းဖြင့် ထိန်းသိမ်းလေ့ရှိပါသည်။

မည်သို့ပင်ဖြစ်စေ စားသောက်ကုန်များ၌ ဓာတုဆေးအမျိုးမျိုး သုံးရခြင်းသည် “အစာမှ အဆိပ်” ဖြစ်နေသည့်အတွက် တစ်မျိုးသားလုံး၏ကျန်းမာရေးကို တတိတိ ဆုံးရှုံးစေသောကြောင့် အထူးအရေးကြီးပါသည်။ ထို့အတွက် ပြည်တွင်းစားသောက်ကုန်လုပ်ငန်းလုပ်ကိုင်သည့် MSMEs များအနေဖြင့် နိုင်ငံတကာသို့ တင်ပို့ရောင်းချနိုင်ရေး လုပ်ဆောင်မည်ဆိုလျှင် ဓာတုဆေးဝါးသုံးစွဲမှုကို လုံးဝ(လုံးဝ)ရှောင်ကြဉ်ရမည်ဖြစ်သည်။ ယနေ့ခေတ် နည်းပညာများအရ စားသောက်ကုန်များ၏ ပါဝင်ပစ္စည်း အသေးစိတ်စစ်ဆေးနိုင်ပြီး ဓာတုဆေးပါဝင်လျှင် မည်သည့်နိုင်ငံမှ ဝင်ခွင့်ပြုမည်မဟုတ်ပေ။

နိုင်ငံတကာရောင်းချနိုင်သော MSMEs များ ဖြစ်လာစေဖို့

MSMEs များ ရေရှည်စဉ်ဆက်မပြတ်တိုးတက်စေရန် ပြည်ပဈေးကွက်ကိုဦးတည်သော လယ်ယာစားသောက်ကုန်လုပ်ငန်းများအနေဖြင့် ပထမဆုံး နိုင်ငံတကာရောင်းချနိုင်သော စားသောက်ကုန်လုပ်ငန်းဖြစ်အောင် ကြိုးစားရမည်ဖြစ်သည်။ ဆိုလိုသည်မှာ ပြည်တွင်းဖွင့်လှစ်ရောင်းချသည့် စားသောက်ဆိုင်များတွင် နိုင်ငံခြားသားများအနေဖြင့် အရည်အသွေးကို ယုံကြည်မှုဖြင့် ဝယ်ယူစားသောက်သည့်အခြေအနေအထိဖြစ်အောင် လုပ်ဆောင်ရမည်ဖြစ်သည်။

စာမျက်နှာ ၁၁ သို့ ❋

မိတ္ထီလာခရိုင်နှင့် ရမည်းသင်းခရိုင်တို့တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့် အထူးဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

မန္တလေး အောက်တိုဘာ ၇

စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံ၍ မိတ္ထီလာခရိုင်နှင့် ရမည်းသင်းခရိုင်တို့တွင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးနှင့် အထူး ဖွံ့ဖြိုးရေးဒေသအဖြစ် အကောင် အထည်ဖော်ရေး ညှိနှိုင်းအစည်း အဝေး(၁/၂၀၂၅)ကို ယနေ့နံနက် ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မန္တလေး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က နေပြည်တော်အား ဗဟိုပြုပြီး မန္တလေးတိုင်းဒေသကြီး အတွင်းရှိ မိတ္ထီလာခရိုင်နှင့် ရမည်းသင်းခရိုင်တို့တွင် စိုက်ပျိုး ရေးနှင့်မွေးမြူရေးကို အခြေခံ၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရန်နှင့် အထူးဖွံ့ဖြိုးရေး ဒေသအဖြစ် လုပ်ငန်းများအကောင် အထည်ဖော် ဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ အမှာစကားပြောကြား သည်။

ထို့နောက် တိုင်းဒေသကြီး အဆင့်ဌာနဆိုင်ရာများက မိတ္ထီလာ ခရိုင်နှင့် ရမည်းသင်းခရိုင်တို့တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME လုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာ ရေးနှင့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကို ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက် နေမှု၊ ဆောင်ရွက်ပြီးစီးမှု၊ အတွေ့အကြုံများနှင့် ဆက်လက် ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသ ကြီးဝန်ကြီးများက ဖြည့်စွက် ဆွေးနွေးကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွေးနွေးချက်များ အပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင် ရွက်ပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

စမ်းချောင်းမြို့နယ်အတွင်းရှိ စည်ပင်သာယာရေးကော်မတီပိုင် ကျွန်းတောဈေး၊ ရှမ်းလမ်းဈေး(ဌဈေး)နှင့် မြေနီကုန်းပလာဇာဈေးတို့ တွင် မီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ဆောင်ရွက် ထားရှိမှုများကို အောက်တိုဘာ ၇ ရက်က မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲမွန်အောင်၊ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူး ဦးသက်နောင်ဝင်းနှင့် ဝန်ထမ်းများ၊ လျှပ်စစ်ဌာန၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသူရဆွေနှင့် တာဝန်ရှိသူများ၊ ဈေးတာဝန်ခံ များနှင့် ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ကြစဉ်။ အာကာ

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

❈ စာမျက်နှာ ၁၀ မှ

ထို့အတွက် စားသောက်ကုန်ထုတ်လုပ်ရောင်းချသူတိုင်း စိတ်ရင်းစေတနာကောင်းရှိရန် အထူးလိုအပ်ပြီး စားသုံးသူများအတွက် အရည်အသွေးမှန်ကန်၍ ကျန်းမာရေးနှင့်ညီညွတ်သည့် စားသောက်ကုန်များဖြစ်စေရန် အစဉ်နှလုံးသွင်းရမည်ဖြစ်သည်။ အရည်အသွေး မှန်ကန်သည့် စားသောက်ကုန်များ၊ လတ်ဆတ်မှု၊ သန့်ရှင်းမှုရှိရမည့် အပြင် အချိုမှုန့်၊ အရောင်တင်ဆိုးဆေးများ၊ တာရှည်ခံဆေးများ၊ အရောအနှောများ၊ ပြည့်ဝဆီ စသည့် ကျန်းမာရေးထိခိုက်နိုင်သည့် ဓာတုဆေးများကင်းရှင်းရန် အထူးလိုအပ်ပါသည်။

> **❛စားသောက်ကုန်ထုတ်လုပ်ရောင်းချသူတိုင်း စိတ်ရင်းစေတနာကောင်းရှိရန် အထူးလိုအပ်ပြီး စားသုံးသူများအတွက် အရည်အသွေးမှန်ကန်၍ ကျန်းမာရေးနှင့်ညီညွတ်သည့် စားသောက်ကုန်များဖြစ်စေရန် အစဉ်နှလုံးသွင်းရမည်ဖြစ်သည်။ အရည်အသွေးမှန်ကန်သည့် စားသောက်ကုန်များ၊ လတ်ဆတ်မှု၊ သန့်ရှင်းမှုရှိရမည့် အပြင် အချိုမှုန့်၊ အရောင်တင်ဆိုးဆေးများ၊ တာရှည်ခံဆေးများ၊ အရောအနှောများ၊ ပြည့်ဝဆီ စသည့် ကျန်းမာရေးထိခိုက်နိုင်သည့် ဓာတုဆေးများကင်းရှင်းရန် အထူးလိုအပ်❜**

ဆိုင်အနေဖြင့် ဖွင့်လှစ်ရောင်းချလျှင် ခြင်၊ ယင်လုံအောင် ဖုံးအုပ်မှု၊ အစားအသောက်များကို လက်ဖြင့် မကိုင်တွယ်ခြင်းတို့အပြင် သန့်ရှင်း သပ်ရပ်သည့် စားပွဲ၊ ကုလားထိုင်၊ အဖုံးပါသည့် အမှိုက်ပုံး၊ သန့်ရှင်း သည့် ရေအိမ်၊ စင်ကြယ်သည့် ဆေးကြောမှု စသည်တို့ကိုပါ လုပ်ဆောင် ရမည်ဖြစ်သည်။ ထို့ပြင် စားသုံးသူများကိုပေးသည့် ဝန်ဆောင်မှုများ တွင်လည်း ဝန်ထမ်းများအနေဖြင့် ပြုမူ၊ ပြောဆို၊ ဆက်ဆံရာတွင် လေးစားမှု၊ ဖော်ရွေမှု၊ ပြုံးရွှင်မှုများဖြင့် ဝန်ဆောင်မှုပေးရမည်ဖြစ်သည်။

ကုန်တိုက်ကြီးများ၊ ဆိုင်ကြီးများတွင် ရောင်းချသည့် စားသောက် ကုန်များဆိုလျှင် သက်ဆိုင်ရာဝန်ကြီးဌာနများက သတ်မှတ်ထားသည့် ကုန်ပစ္စည်းအညွှန်းများကို ပြည့်ပြည့်စုံစုံ မှန်မှန်ကန်ကန်ဖော်ပြပြီး သေသပ်သည့်ထုပ်ပိုးမှုများ ပြည့်စုံရမည်ဖြစ်သည်။ ကုန်ပစ္စည်းအညွှန်း ဖော်ပြချက်တွင် ကုန်ပစ္စည်းအရွယ်အစား၊ ထုတ်လုပ်သူ၊ ပါဝင်ပစ္စည်း များနှင့် အချိုးအစား (%)၊ အလေးချိန်၊ ထားသိုသည့်နည်းလမ်း၊ ထုတ်လုပ်သည့်နေ့စွဲ စသည်တို့ကို ဖော်ပြရန်လိုပါသည်။

အရည်အသွေးပိုင်းနှင့် သန့်ရှင်းမှုအပိုင်းများတွင် မြန်မာ့ စားသောက်ဆိုင်လုပ်ငန်းများ လိုအပ်ချက်ရှိနေသေးပြီး အထူးသဖြင့် လမ်းဘေးစားသောက်ဆိုင်များမှာ နိုင်ငံခြားသားများ ဝယ်ယူစားသုံး သည့်အလေ့အထ လျော့နည်းနေဆဲဖြစ်သည်။ ဗန်ကောက်၏ လမ်းဘေးဆိုင်များတွင်မူ နိုင်ငံခြားသားများ ဝယ်ယူစားသောက်ခြင်းမှာ စားသောက်ကုန်အရည်အသွေးကို ယုံကြည်မှုနှင့် သန့်ရှင်းမှုရှိခြင်း ကြောင့် အဓိကဖြစ်သည်။ မည်သို့ပင်ဖြစ်စေ လက်ရှိအားနည်းနေသေး သည့်အချက်များကို အမြန်ဆုံးပြင်ဆင်ပြောင်းလဲမည်ဆိုလျှင် ပြည်တွင်း စားသောက်ကုန်နှင့် စားသောက်ဆိုင်များ နိုင်ငံတကာရောင်းချနိုင်သည့် လုပ်ငန်းများ ဖြစ်လာနိုင်ပါသည်။

အရည်အသွေးမှန်ကန်မှုသည် အဓိက

MSMEs များအနေဖြင့် ရေရှည်တိုးတက်မှုအတွက် ပြည်ပ ဈေးကွက်ဦးတည်သော လုပ်ငန်းများဖြစ်စေရန် အဓိကလိုအပ်ချက်မှာ ထုတ်ကုန်ပစ္စည်း၏ အရည်အသွေးမှန်ကန်မှုဖြစ်သည်။ လယ်ယာ အခြေခံစားသောက်ကုန်များ၏ အရည်အသွေးမှန်ကန်မှုဟုဆိုရာတွင် ပထမဆုံးစိုက်ပျိုးထုတ်လုပ်သူ လယ်သမားများအနေဖြင့် မျိုး၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး စသည်တို့သုံးစွဲရာ တွင် သတ်မှတ်ထားသည့် အရည်အသွေး၊ မှန်ကန်သည့်သွင်းအားစုများ အသုံးပြုရန်ဖြစ်ပြီး သုံးစွဲမှုကိုလည်း မှတ်တမ်းများရှိရမည်ဖြစ်သည်။

လယ်သမားတိုင်း ကောင်းမွန်သည့်လယ်ယာလုပ်ငန်း အလေ့ အကျင့်ကို ကျင့်သုံးလျှင် အရည်အသွေးမှန်သည့် မူလလယ်ယာ ထုတ်ကုန်များထွက်ပေါ်လာမည်ဖြစ်သည်။ ထိုမှတစ်ဆင့် ရိတ်သိမ်းပြီး နောက်ပိုင်း အပိုင်းများဖြစ်သည့် ကြိတ်ခွဲသူများ၊ ထပ်ဆင့်ပြုပြင်သူများ၊ သိုလှောင်သူများ၊ သယ်ယူပို့ဆောင်သူများနှင့် ဈေးကွက်ဖြန့်ဖြူးသူများ အပိုင်းတွင်လည်း ခေတ်မီစက်များ အသုံးပြုခြင်း၊ သယ်ယူပို့ဆောင်ခြင်း နှင့် သိုလှောင်ခြင်းတို့တွင်လည်း အပူချိန်ထိန်းသိမ်းနိုင်သည့် သိုလှောင်ရုံများ စသည်တို့ အသုံးပြုမည်ဆိုလျှင် အရည်အသွေး ကောင်းကို ထိန်းသိမ်းနိုင်မည်ဖြစ်သည်။

လယ်ယာထုတ်ကုန်များနှင့်ပတ်သက်၍ မရိတ်သိမ်းမီအပိုင်းတွင် အသုံးပြုသည့် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး အသုံးပြုမှုများသည် သတ်မှတ်ချက်ထက်များသောကြောင့် မြန်မာ့ လယ်ယာကုန်စည်များတွင် ပြည်ပသို့ပို့မည်ဆိုလျှင် ဓာတုဓာတ် ပိုးသတ်ဆေးအကြွင်းအကျန် သတ်မှတ်ချက်ထက် များနေခြင်းဖြစ် သည်။ ထို့အတွက်လည်း လယ်သမားများအကြား GAP စနစ် ယခုထက် ပိုမိုလိုက်နာကျင့်သုံးမည်ဆိုလျှင် အဆိုပါအခက်အခဲများကို အနေးနှင့် အမြန် ဖြေရှင်းနိုင်မည်ဖြစ်သည်။

ဈေးကွက်ဖြန့်ဖြူးရာတွင် အဓိက လယ်ယာကုန်စည်များဖြစ်သည့် ဆန်၊ ပဲမျိုးစုံ၊ နှမ်း၊ ပြောင်း၊ ဂျုံ စသည့်ကုန်ခြောက်များကို ပြည်တွင်း၊ ပြည်ပဈေးကွက်ဖြန့်ဖြူးရာတွင် အဆင်ပြေသော်လည်း လယ်ယာ ကုန်စည်အစိုများဖြစ်သည့် ဟင်းသီးဟင်းရွက်များ၊ သစ်သီးဝလံများ၊ ရေထွက်ပစ္စည်း၊ သား၊ ငါး စသည်တို့ကို ပြည်တွင်းဈေးကွက်ဖြန့်ဖြူး ရာတွင် ဓာတုဆေးအမျိုးမျိုး အသုံးပြုနေခြင်းကသာ ကုန်စည်များ၏ အရည်အသွေးကို ပျက်ယွင်းစေသည်သာမကဘဲ စားသုံးသူများ၏ ကျန်းမာရေးကိုပါ ထိခိုက်စေပါသည်။

ပြည်ပသို့တင်ပို့လိုသည့် လုပ်ငန်းတိုင်း အရည်အသွေးမှန်ကန်မှုနှင့် ဘေးကင်းလုံခြုံမှုရှိကြောင်းဖော်ပြသည့် လူ၊ တိရစ္ဆာန်၊ အပင်ပိုးမွှား ဘေးအန္တရာယ်ကင်းရှင်းမှု SPS (Sanitary and Phytosanitary System) အထောက်အထားများ လိုအပ်မည်ဖြစ်သည်။ လယ်ယာ မူလထုတ်ကုန်များဖြစ်လျှင် ကောင်းမွန်သည့် လယ်ယာလုပ်ငန်း အလေ့အကျင့်လက်မှတ်၊ ရေထွက်ကုန်ပစ္စည်းဖြစ်လျှင် ကောင်းမွန် သည့် ရေထွက်လုပ်ငန်း အလေ့အကျင့်လက်မှတ်၊ ထပ်ဆင့်တန်ဖိုး ပြုပြင်သည့် ကုန်စည်ဖြစ်လျှင် ကောင်းမွန်သည့် ထပ်ဆင့်ပြုပြင် လုပ်ငန်းအလေ့အကျင့်လက်မှတ် လိုအပ်မည်ဖြစ်သည်။

အကယ်၍ ဖွံ့ဖြိုးပြီးနိုင်ငံများသို့ ရည်ရွယ်ထုတ်လုပ်တင်ပို့မည် ဆိုလျှင် အထက်ဖော်ပြပါလက်မှတ်များအပြင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာအခြေစိုက် နိုင်ငံတကာစံချိန်စံညွှန်း အဖွဲ့အစည်း (ISO–International Standard Organization) က သတ်မှတ်ထားသော အရည်အသွေးပိုင်းဆိုင်ရာစီမံခန့်ခွဲမှုစနစ် (QMS– Quality Management System)ကို ISO–9001၊ ပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှုစနစ် (EMS–Environmental Management System) ကို ISO–14001၊ အလုပ်ခွင် ဆိုင်ရာ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံမှုစီမံခန့်ခွဲမှုစနစ် (OHSMS–Occupational Health and Safety Management System) ကို ISO–45001၊ စားသောက်ကုန်ဘေးကင်းလုံခြုံမှု(FSMS– Food Safety Management System) ကို ISO–22000 စသည့် အသိအမှတ်ပြု လက်မှတ်များရှိရန် လိုအပ်ပါသည်။

ယေဘုယျအားဖြင့် နိုင်ငံများအပေါ်မူတည်၍ SPS သတ်မှတ်ချက် အလျှော့အတင်းရှိပြီး ဖွံ့ဖြိုးပြီးနိုင်ငံများဆိုလျှင် SPS သတ်မှတ်ချက် ပို၍များပါသည်။ မည်သို့ပင်ဖြစ်စေ ပို့ကုန်ကိုဦးတည်သည့် MSMEs များအနေဖြင့် ရေရှည်စဉ်ဆက်မပြတ် တိုးတက်လာစေရန် မိမိ ထုတ်လုပ်ရောင်းချသော ကုန်စည်များကို နိုင်ငံတကာဈေးကွက်အထိ တင်ပို့နိုင်ရန် အခြေခံလိုအပ်ချက်ဖြစ်သော မှန်ကန်သည့်အရည်အသွေး ရှိသောကုန်စည်များထုတ်လုပ်ပြီး ကျင့်ဝတ်များကို လိုက်နာကျင့်သုံး ခြင်းဖြင့် ပြည်ပဈေးကွက် စတင်တင်ပို့နိုင်ရန် ကြိုးစားလုပ်ဆောင် သင့်သည့်အချိန်ဖြစ်ပါသည်။ ။

ရည်ညွှန်းကိုးကား

- Food Safety Control Measures; Sustainable Agrifood System in ASEAN http://www.asean.agrifood.org
- WHO; Food Safety, http://www.who.int>fact sheet> Detail

ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ဆဋ္ဌမအကြိမ် ရုရှား-မြန်မာအစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး ကော်မရှင်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်

နေပြည်တော် အောက်တိုဘာ ၇

အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ ၂၀၂၆ ခုနှစ် အောက်တိုဘာ ၅ ရက်က ကျင်းပသည့် ဆဋ္ဌမအကြိမ် ရုရှား-မြန်မာအစိုးရအချင်းချင်းကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးကော်မရှင်အစည်းအဝေးနှင့် စီးပွားရေးဆိုင်ရာဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့သည်။

ဦးစွာ ရုရှား-မြန်မာအစိုးရအချင်းချင်းကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးကော်မရှင်၏ပူးတွဲဥက္ကဋ္ဌများဖြစ်သည့် ပြည်ထောင်စုဝန်ကြီးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး မစ္စတာ မက်ခ်ဆင်း ရယ်ရှဲသငြိကော့ဗ်တို့သည် သီးသန့်တွေ့ဆုံဆွေးနွေးကြသည်။

ထို့နောက် ကော်မရှင်အစည်းအဝေး၏ မျက်နှာစုံညီအစည်းအဝေးကို ကျင်းပရာ ကော်မရှင်ပူးတွဲဥက္ကဋ္ဌများက နှစ်နိုင်ငံအကြားစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ စွမ်းအင်ကဏ္ဍ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့တွင် ဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ နှစ်ဖက်အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့်အလားအလာများကို ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ဆဋ္ဌမအကြိမ် ရုရှား-မြန်မာအစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးကော်မရှင်အစည်းအဝေး၏ ဆွေးနွေးမှုမှတ်တမ်းကို အတည်ပြုပြီး ကျန်းမာရေး၊ ပညာရေး၊ စွမ်းအင်၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ ပူးပေါင်းဆောင်ရွက်မှု တိုးချဲ့နိုင်စေရန် ရည်ရွယ်၍ နှစ်နိုင်ငံအကြား စာချုပ်စာတမ်းများကို လက်မှတ်ရေးထိုးလဲလှယ်ခဲ့ကြသည်။

ထို့ပြင် နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအချင်းချင်း စီးပွားရေးဆိုင်ရာအခွင့်အလမ်းများကို ဆွေးနွေးခြင်းနှင့် စီးပွားရေးဆိုင်ရာအဆက်အသွယ်များ ထူထောင်ခြင်းတို့ကို ပြုလုပ်နိုင်စေရန် စီးပွားရေးဆိုင်ရာဆွေးနွေးပွဲ (Business–to–Business –B2B Session)ကိုလည်း ကျင်းပပြုလုပ်ခဲ့သည်။

အောက်တိုဘာ ၄ ရက်က မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၆ ခုနှစ် ရှော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ ကိုယ်စားလှယ်များနှင့်လည်းကောင်း၊ JSC “CenterInform” မှ ကိုယ်စားလှယ်များနှင့်လည်းကောင်း သီးခြားစီတွေ့ဆုံ၍ ပူးပေါင်းဆောင်ရွက်နိုင်မည့်အလားအလာများကို ဆွေးနွေးခဲ့ကြသည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် စီးပွားရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များသည် စီးပွားရေးဆိုင်ရာဆွေးနွေးပွဲ (Business–to–Business –B2B Session) ကို တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ထူးချွန်ထက်မြက်သည့်ကျောင်းသား ကျောင်းသူများဖြစ်လာစေရန်ရည်ရွယ်၍ အိမ်တွင်းမှုစက်ချုပ်သင်တန်း၊ ဇာထိုးပန်းထိုးသင်တန်း၊ စက်မှုလက်မှုသင်တန်း၊ ပန်းချီသင်တန်းများဖွင့်လှစ်သင်ကြားပေးလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၇

စစ်ကိုင်းမြို့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဒုတိယနှစ်ဝက် ပညာသင်ကြားပြီး ကျောင်းပိတ်ရက်ကာလအတွင်း အကျိုးရှိစေရန်နှင့် အထွေထွေဗဟုသုတတိုးပွား၍ ထူးချွန်ထက်မြက်သည့် ကျောင်းသား ကျောင်းသူများဖြစ်လာစေရန် ရည်ရွယ်၍ အိမ်တွင်းမှု စက်ချုပ်သင်တန်း၊ ဇာထိုးပန်းထိုးသင်တန်း၊ စက်မှုလက်မှုသင်တန်း၊ ပန်းချီသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ကြည့်ရှုစစ်ဆေး

အဆိုပါသင်တန်းများ ဖွင့်လှစ်သင်ကြားနေမှု၊ တက္ကသိုလ်စာကြည့်တိုက်တွင် ကျောင်းသားကျောင်းသူများ စာအုပ်လှေ့လာဖတ်ရှုမှုမှတ်တမ်းများနှင့် စာအုပ်များ စနစ်တကျထိန်းသိမ်းထားရှိမှုများကို ယမန်နေ့နံနက်ပိုင်းက နယ်စပ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးသည် တာဝန်ရှိသူများနှင့်အတူ ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် တက္ကသိုလ်အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဌာနမှူးများနှင့်တွေ့ဆုံ၍ ပါမောက္ခချုပ်က တက္ကသိုလ်၏ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ သင်ကြားရေး၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အချက်အလက်များနှင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုဆိုင်ရာ တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ကျောင်းသားကျောင်းသူများ ကွန်ပျူတာသင်ကြားနေမှု၊ Language Lab တွင် အင်္ဂလိပ်စာသင်ကြားနေမှု၊ အထွေထွေဗဟုသုတ သင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုအားပေးပြီး သက်သာချောင်ချိရေးအရောင်းဆိုင်၊ မွေးမြူရေးအစာစပ်စက်ရုံ၊ ဥစားကြက်၊ အသားစားကြက်၊ ဝက်မွေးမြူရေး၊ ငါးခူမွေးမြူရေး ဆောင်ရွက်ထားရှိမှုများ စစ်ဆေးခြင်းနှင့် ကျောင်းသားကျောင်းသူ အိပ်ဆောင်များကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

မော်လမြိုင်မြို့နယ်၌ ရှေးဦးပြုစုခြင်း အခြေခံသင်တန်းဆင်းပွဲ ကျင်းပ

မော်လမြိုင် အောက်တိုဘာ ၇

မွန်ပြည်နယ် မော်လမြိုင်မြို့ သမဝါယမစာရင်းရေး၊ စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း(မော်လမြိုင်)တွင် ရှေးဦးပြုစုခြင်းအခြေခံသင်တန်း (၄/၂၀၂၆)ဆင်းပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက အဆိုပါသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် မွန်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီ ပြည်နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ တပ်ဖွဲ့မှူးက အမှာစကားပြောကြားပြီး သင်တန်းတွင် ထူးချွန်ဆုရရှိသူ သုံးဦးအား ပြည်နယ်သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်နယ်ကြက်ခြေနီတပ်ဖွဲ့မှူးက သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။

အဆိုပါသင်တန်းတွင် သင်တန်းသား သင်တန်းသူ စုစုပေါင်း ၆၉ ဦးတို့က ရှေးဦးပြုစုခြင်း အခြေခံဘာသာရပ်ကို စာတွေ့၊ လက်တွေ့ အောင်မြင်စွာသင်ယူခဲ့ကြောင်း သိရသည်။ **စည်သူ(ပြန်/ဆက်)**

နယ်စပ်ရေးရာဝန်ကြီးဌာနက ကယားပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၇

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးပြည်ထောင်စုရန်ပုံငွေဖြင့် ကယားပြည်နယ် လွိုင်ကော်မြို့နယ် နွားလဝိုးကျေးရွာအုပ်စု စက်မှုဇုန်-လင်ဖုံလေး ကျေးရွာချင်းဆက် ကျောက်လမ်း ၁ မိုင်အနက် ၄ ဖာလုံ ကတ္တရာခင်းခြင်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ယခုအခါ လုပ်ငန်းတစ်ခုလုံး၏ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်ပြီးစီးပါက လွိုင်ကော်မြို့နယ် နွားလဝိုးကျေးရွာအုပ်စု၊ ကုန်းသာကျေးရွာအုပ်စု၊ နိုးကိုးကျေးရွာအုပ်စုတို့အတွင်းရှိ ကျေးရွာ ၁၃ ရွာမှ လူဦးရေ ၆၃၀၈ ဦးတို့၏ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် လူမှုစီးပွားဘဝများ ပိုမိုတိုးတက်လာမည့်အပြင် ဒေသထွက်ကုန်ပစ္စည်းများကို အချိန်တိုအတွင်း လွယ်ကူလျင်မြန်စွာ ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်သဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

သစ်တော
မှန်လျှင်
အသုံးဝင်
အစဉ်
ထာဝရ
ထိန်းသိမ်းကြ

၂၀၂၆ ခုနှစ် ဓာတုဗေဒနိုဘယ်ဆုကို ဂျပန်ဓာတုဗေဒပညာရှင် ဆိုအိုင် ကန်ဆိုနှင့် ပြင်သစ် ဓာတုဗေဒပညာရှင် ဟန်ရီဘီကာဂန်တို့ ပူးတွဲရရှိ

စတော့ဟုမ်း အောက်တိုဘာ ၇

ဂျပန်သိပ္ပံပညာရှင် ဆိုအိုင် ကန်ဆိုသည် အချိုးမညီသော အော်ဂဲနစ်ဒြပ်ပေါင်းများ ဖန်တီးခြင်းဆိုင်ရာ သုတေသနတွင် မျဉ်းဖြောင့်မဟုတ်သော သက်ရောက်မှုများနှင့် ဓာတ်ကူပေးခြင်းတို့ကို ရှာဖွေတွေ့ရှိခဲ့ခြင်းအတွက် ယခုနှစ် ဓာတုဗေဒဆိုင်ရာ နိုဘယ်ဆုကို ဓာတုဗေဒ ပညာရှင် ဟန်ရီဘီကာဂန်နှင့်အတူ ပူးတွဲရရှိခဲ့ကြောင်း ဆွီဒင်တော်ဝင်သိပ္ပံအကယ်ဒမီက အောက်တိုဘာ ၇ ရက်တွင် ကြေညာခဲ့သည်။

မော်လီကျူးအချို့တွင် မှန်ထဲ၌ မြင်ရသည့် ပုံရိပ်ကဲ့သို့ ဆန့်ကျင်ဘက်ပုံစံနှစ်မျိုး ရှိနိုင်ကြောင်း အကယ်ဒမီက ပြောကြားခဲ့သည်။ ဆေးဝါးထုတ်လုပ်မှုကဲ့သို့သော ကဏ္ဍများတွင် အဆိုပါပုံစံနှစ်မျိုးအနက် တစ်မျိုးတည်းကိုသာ ရရှိရန် လိုအပ်လေ့ရှိသည်။

သဘာဝတွင် ထိုသို့သော မော်လီကျူးပုံစံများကို တွေ့ရှိနိုင်သော်လည်း ဓာတ်ခွဲခန်းအတွင်းတွင် ဆန့်ကျင်ဘက်ပုံစံနှစ်မျိုးအနက် တစ်မျိုးတည်းကိုသာ ရွေးချယ်၍ ဖန်တီးနိုင်ရန်မှာ ခက်ခဲသည်။

ဆိုအိုင် ကန်ဆို၏ သုတေသနတွေ့ရှိမှုသည် ထိုသို့သော အချိုးမညီသည့် အော်ဂဲနစ်ဒြပ်ပေါင်းများကို ထိန်းချုပ်ဖန်တီးနိုင်ရေးအတွက် အရေးပါသော တိုးတက်မှုတစ်ရပ် ဖြစ်လာခဲ့ကြောင်း အကယ်ဒမီက ပြောကြားခဲ့သည်။

အသက် ၇၆ နှစ်အရွယ် ဆိုအိုင် ကန်ဆိုသည် ဟီရိုရှီးမားမြို့တွင် မွေးဖွားခဲ့ပြီး လက်ရှိတွင် Tokyo University of Science ၌ ဂုဏ်ထူးဆောင် ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

ဆိုအိုင် ကန်ဆို၏ နိုဘယ်ဆုရရှိမှုကြောင့် ဂျပန်နိုင်ငံသား နိုဘယ်ဆုရှင်အရေအတွက်မှာ ၃၁ ဦးအထိ ရှိလာခဲ့သည်။ အဆိုပါအရေအတွက်တွင် ဂျပန်နိုင်ငံ၌ မွေးဖွားကြီးပြင်း၍ ပညာသင်ယူခဲ့ပြီး နောက်ပိုင်းတွင် အမေရိကန်နိုင်ငံသား ခံယူခဲ့သူများ ပါဝင်သည်။

ထို့အပြင် ဂျပန်နိုင်ငံမှ နိုဘယ်ဆုရှင် ပေါ်ထွက်လာခြင်းမှာ ယခုနှစ်အပါအဝင် သုံးနှစ်ဆက်တိုက် ဖြစ်လာခဲ့ကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ


NOBELPRISET I KEMI 2026
THE NOBEL PRIZE IN CHEMISTRY 2026
KUNGL. VETENSKAPS-AKADEMIEN
Henri Kagan
Université Paris-Sud, France
Born 1930, France
Kenso Soai
Tokyo University of Science, Japan
Born 1950, Japan
"för upptäckt av icke-linjära effekter och autokatalys i asymmetrisk organisk syntes"
"for the discovery of non-linear effects and autocatalysis in asymmetric organic synthesis"

စင်ကာပူနိုင်ငံက ကလေးနှင့် လူကြီးများအတွက် နိုင်ငံလုံးဆိုင်ရာ ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်များ ဆောင်ရွက်မည်

စင်ကာပူ အောက်တိုဘာ ၇

ကိုရိုနာဗိုင်းရပ်စ် ဆက်လက်ပျံ့နှံ့နေပြီး အထူးသဖြင့် သက်ကြီးရွယ်အိုများနှင့် ကျန်းမာရေးအခြေအနေအရ ရောဂါပြင်းထန်နိုင်ခြေရှိသူများတွင် ပြင်းထန်သောရောဂါ ဖြစ်ပွားနိုင်ခြေရှိနေသဖြင့် စင်ကာပူနိုင်ငံသည် အောက်တိုဘာ ၁၂ ရက်မှစတင်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်းကို ကလေးများနှင့် လူကြီးများအတွက် နိုင်ငံလုံးဆိုင်ရာ ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်များတွင် ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ ပြောကြားခဲ့သည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကိုနိုင်ငံတစ်ဝန်းရှိ အထွေထွေရောဂါကု ဆေးခန်းပေါင်း ၆၀၀ ကျော်၊ ပိုလီကလင်းနစ်ဆေးခန်းများနှင့် ရွှေ့လျားကာကွယ်ဆေးထိုးနှံရေးအဖွဲ့များ၏ နေရာများတွင် ရရှိနိုင်မည်ဖြစ်ကြောင်း ဝန်ကြီးဌာနက ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ကာကွယ်ဆေးထိုးနှံရန် အကြံပြုထားသည့် အုပ်စုများတွင် အသက် ၆၀ နှင့်အထက်ရှိသူများ၊ အသက် ၆ လနှင့်အထက် ကျန်းမာရေးအခြေအနေအရ ရောဂါကူးစက်လွယ်သူများနှင့် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဂေဟာများတွင် နေထိုင်သူများ ပါဝင်သည်။

ထို့ပြင် ကျန်းမာရေးစောင့်ရှောက်မှုဝန်ထမ်းများနှင့် ကျန်းမာရေးအခြေအနေအရ ရောဂါကူးစက်လွယ်သူများနှင့် အတူနေထိုင်သူများ သို့မဟုတ် အတူတကွ အလုပ်လုပ်ကိုင်သူများကိုလည်း ကာကွယ်ဆေးထိုးနှံကြရန် တိုက်တွန်းထားသည်။

ဆင်ဟွာ

မော်လ်ဒိုက်နိုင်ငံ၌ ဆိုလာလျှပ်စစ် ထုတ်လုပ်နိုင်မည့်နေရာများ ရှာဖွေရေး ဆန်းစစ်လေ့လာမှု စတင်ဆောင်ရွက်

မာလီ အောက်တိုဘာ ၇

မော်လ်ဒိုက် အစိုးရသည် နိုင်ငံအတွင်း ဆိုလာလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းဆောင်ရွက်ရန်အတွက် သင့်တော်သည့်နေရာများကို အတည်ပြုရွေးချယ်ရှာဖွေရေးဆိုင်ရာ အမျိုးသားလေ့လာဆန်းစစ်မှုတစ်ရပ်စတင်ဆောင်ရွက်နေကြောင်း နိုင်ငံပိုင်မီဒီယာ ပီအက်စ်အမ်နယူးစ်က အောက်တိုဘာ ၅ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

ယခုဆောင်ရွက်ချက်သည် ၂၀၂၈ခုနှစ်ကုန်တွင် နိုင်ငံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု ၃၃ရာခိုင်နှုန်းကို ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင်မှ ထုတ်ယူသုံးစွဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်မှု၏ တစ်စိတ်တစ်ဒေသဖြစ်ကြောင်း သိရသည်။ နိုင်ငံအတွင်းရှိ ကျွန်းများတွင် ဆိုလာလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းဆောင်ရွက်ရန် သင့်တော်သည့်မြေနေရာများရရှိရေးနှင့် အိမ်ခေါင်မိုးများတွင် ဆိုလာလျှပ်စစ်ထုတ်ယူရေးစနစ်များ တည်ဆောက်ရေးတို့အတွက် လေ့လာရေးအဖွဲ့များက ကွင်းဆင်းဆောင်ရွက်နေပြီး အနာဂတ်တွင်ဆောင်ရွက်မည့် ဆိုလာလျှပ်စစ်စီမံကိန်းများအတွက် နည်းပညာဆိုင်ရာအချက်အလက်များကို ရယူစုဆောင်းနေကြောင်း သိရသည်။

ယခုဆောင်ရွက်သည့်အစီအစဉ်သည် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်ယူသုံးစွဲမှုအား ချဲ့ထွင်ရန်နှင့် နိုင်ငံအတွင်း ပြည်ပမှတင်သွင်းရသည့် လောင်စာဆီများအပေါ် မှီခိုရခြင်းမှ ကင်းလွတ်စေရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း အစိုးရကပြောကြားသည်။

အစိုးရသည် ကျွန်းပေါင်း ၂၅ ကျွန်းတွင် နေရောင်ခြည်စွမ်းအင်သုံး ဟိုက်ဘရစ်စနစ်များ တပ်ဆင်မည့် စီမံကိန်းတစ်ခုကို ဩဂုတ်လအတွင်းက စတင်ဆောင်ရွက်ခဲ့ပြီး ၎င်းစီမံကိန်း ပြီးစီးသွားပါက တစ်နှစ်လျှင် ဒီဇယ်ဆီ လီတာ ၃ သန်းကျော် သက်သာစေမည်ဖြစ်ကာ ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုကို မက်ထရစ်တန်ချိန် ၈၄၀၀အထိ လျှော့ချနိုင်မည်ဟု ခန့်မှန်းထားသည်။

နိုင်ငံအတွင်း ၂၀၂၈ ခုနှစ်ကုန်ပိုင်းတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ၃၃ ရာခိုင်နှုန်းသုံးစွဲနိုင်ရေး ပန်းတိုင်သို့ ရောက်ရှိနိုင်ပါက နှစ်စဉ် လောင်စာဆီစရိတ် အမေရိကန်ဒေါ်လာ ၄၂ သန်းခန့် သက်သာစေနိုင်မည်ဟု အစိုးရက တွက်ချက်ခန့်မှန်းထားသည်။

ဆင်ဟွာ

အင်ဒိုနီးရှားနိုင်ငံ၌ ဇီဝလောင်စာဆီထုတ်လုပ်ရန်အတွက် ကြံတိုးချဲ့စိုက်ပျိုး

ဂျကာတာ အောက်တိုဘာ ၇

အင်ဒိုနီးရှားနိုင်ငံသည် ဓာတ်ဆီတွင် ဇီဝအီသနော ၂၀ရာခိုင်နှုန်း ရောစပ်ပါဝင်သည့် ဇီဝလောင်စာဆီ(E20) ထုတ်လုပ်ရေး အစီအမံအောင်မြင်ရေးအတွက် ကြံတိုးချဲ့စိုက်ပျိုးခြင်းနှင့် အခြားသောကုန်ကြမ်းအရင်းအမြစ်များ ရှာဖွေစုဆောင်းခြင်းတို့ကို ဆောင်ရွက်နေကြောင်း အစားအစာရေးရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ဇူကီလီဟက်ဆန်က ပြောကြားသည်။

အဆိုပါအစီအစဉ်အတွက် လိုအပ်သော ကုန်ကြမ်းပမာဏကို ဖြည့်ဆည်းပေးနိုင်ရန် လက်ရှိ ကြံစိုက်ခင်းများမှ ထွက်ရှိသည့် ကြံပမာဏမှာ မလုံလောက်သဖြင့် အစိုးရအနေဖြင့် စိုက်ခင်းဧရိယာ ထပ်မံတိုးချဲ့ရန် ကြိုးပမ်းနေသည့်အပြင် ပီလောပီနံနှင့် အခြားသီးနှံများကိုလည်း အီသနောထုတ်လုပ်ရေးအတွက် အသုံးပြုရန် ဆောင်ရွက်နေကြောင်း ၎င်းကပြောကြားခဲ့သည်။

ယခုကဲ့သို့ အခြားသီးနှံများကို တိုးချဲ့စိုက်ပျိုးရခြင်းမှာ အီသနောထုတ်လုပ်ရေးကြောင့် ပြည်တွင်းသကြားထုတ်လုပ်ရေးကို ထိခိုက်မှု မရှိစေရေးအတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ပြည်တွင်း၌ ဇီဝလောင်စာဆီများ မြှင့်တင်ထုတ်လုပ်ခြင်းဖြင့် ပြည်ပမှ တင်သွင်းရသည့် လောင်စာဆီအပေါ် မှီခိုရခြင်းမှ လျှော့ချရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

ဂျပန်နိုင်ငံအတွင်းရှိ ကုမ္ပဏီအများအပြားနှင့် တက္ကသိုလ်တစ်ခုတို့ ဆိုက်ဘာ တိုက်ခိုက်ခံရ၊ နိုင်ငံသားသန်းပေါင်းများစွာ ထိခိုက်ခံစားခဲ့ရ

တိုကျို အောက်တိုဘာ ၇

ဂျပန်နိုင်ငံအတွင်းရှိ ကုမ္ပဏီအများအပြားနှင့်တက္ကသိုလ်တစ်ခုတို့တွင် အောက်တိုဘာ ၅ရက်မှ စတင်၍ အချက်အလက်များ ပေါက်ကြားခြင်းနှင့် ဆိုက်ဘာတိုက်ခိုက်မှုများ ခံခဲ့ရသဖြင့် ဖောက်သည်များ၊ ကျောင်းသားများနှင့်ဆရာများ ထိခိုက်ခံစားခဲ့ရကြောင်း သိရသည်။ ဆိုက်ဘာတိုက်ခိုက်ခံရမှု ဖြစ်ပွားခဲ့ပြီးနောက် ကွန်ပျူတာစနစ်ချို့ယွင်းမှုဖြစ်ကာ ကျောင်းသားနှင့်ဆရာ အရေအတွက် ၁၃၀၀၀၀၏ အချက်အလက်များ ပေါက်ကြားခဲ့ကြောင်း အိုဆာကာမြို့ပြ တက္ကသိုလ်က အောက်တိုဘာ ၅ရက်တွင်သတင်းထုတ်ပြန်ခဲ့သည်။ ပြီးခဲ့သည့် သီတင်းပတ်အတွင်း ဆိုက်ဘာ တိုက်ခိုက်ခံခဲ့ရပြီးနောက် အဆိုပါတက္ကသိုလ် သတင်းအချက်အလက်စနစ်ရှိ ဆာဗာအရေအတွက် ၅၀၀ခန့် ရပ်တန့်ခဲ့ကြောင်း သိရသည်။

ကျောင်းသားများ အပန်းဖြေဆောင်ရှိ ကွန်ပျူတာကွန်ရက်နှင့် သင်ကြားရေးဝန်ထမ်းများ၏ ဝက်ဘ်ဆိုက်မှာ အသုံးပြု၍ မရခြင်းကြောင့် သင်ခန်းစာများသင်ကြားခြင်းကိုရပ်ဆိုင်းခဲ့ရသည်။

ဂျပန်နိုင်ငံရှိ လျှော့ဈေးဖြင့် ရောင်းချသော စတိုးဆိုင်လုပ်ငန်းစု Mr. Max Holdings Ltd. က ၎င်းတို့၏ အွန်လိုင်းဈေးဝယ်ဝန်ဆောင်မှုများကို ကိုင်တွယ်ဆောင်ရွက်သည့် ဆာဗာတစ်ခုအား ဆိုက်ဘာတိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီးနောက် ဖောက်သည် ၁ ဒသမ ၇ သန်း၏ ကိုယ်ရေးအချက်အလက်များ ပေါက်ကြားခဲ့ကြောင်း ပြောကြားခဲ့သည်။

Yakiniku King အသားကင်စားသောက်ဆိုင်ခွဲများကိုလုပ်ကိုင်လျက်ရှိသော Monogatari Corp က ၎င်းလုပ်ငန်း၏ စားသောက်ဆိုင်၌ စားပွဲကြိုတင်မှာယူခြင်းနှင့် ဆုလာဘ်အစီအစဉ်များအတွက် အသုံးပြုသည့် စမတ်ဖုန်းအပလီကေးရှင်းကို ထောက်ပံ့ပေးထားသော စနစ်တစ်ခု အား ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်ကြည့်ရှုခံခဲ့ရမှုကြောင့် မှတ်ပုံတင်ထားသော အသုံးပြုသူ အများစု၏ အချက်အလက်ပေါင်း ၁၀ သန်းကျော် ပေါက်ကြားခဲ့ကြောင်း ပြောကြားသည်။

ဆင်ဟွာ

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ "စိတ်တိုင်းကျ" အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်၌ လုယက်လုသတ်မှုကျူးလွန်ခဲ့သူ တရားခံ အမျိုးသား သုံးဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၇

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ "စိတ်တိုင်းကျ" အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်၌ လုယက်လုသတ်မှုကျူးလွန်ခဲ့သူ တရားခံ အမျိုးသား သုံးဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိပြီး တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်ရှိ "စိတ်တိုင်းကျ" အိမ်ဆောက်ပစ္စည်း အရောင်းဆိုင်၌ လုယက်လုသတ်မှုကျူးလွန်ခဲ့သူ တရားခံအမျိုးသားသုံးဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

ဖြစ်စဉ်မှာ အောက်တိုဘာ ၅ ရက်မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၄၂) ရပ်ကွက် ဦးဝိစာရလမ်းနေ ဒေါ်စန္ဒာဝင်း (၅၇)နှစ်သည် အပြင်မှ ၎င်းပိုင် "စိတ်တိုင်းကျ" အိမ်ဆောက်ပစ္စည်း အရောင်းဆိုင်သို့ပြန်လည်ရောက်ရှိစဉ် အမျိုးသားတစ်ဦးမှဆိုင်ရှိ ငွေရှင်းကောင်တာ အံဆွဲအား ဖွင့်နေသည်ကို တွေ့ရှိသဖြင့် မေးမြန်းရာ အဆိုပါအမျိုးသားမှ ၎င်းအားလက်သီးဖြင့် ထိုးကြိတ်ခဲ့သဖြင့် ဝဲပါးဖူးရောင်ဒဏ်ရာရရှိခဲ့ကြောင်း၊ တစ်ချိန်တည်းတွင် နေအိမ်မီးဖိုခန်းအတွင်း ရှိခင်ပွန်းဖြစ်သူ ဦးကျော်ကျော်လွင်အား အခြားအမျိုးသားနှစ်ဦးက ဓားဖြင့်ထိုးခုတ်ပြီး ထွက်ပြေးသွားရာ ဦးကျော်ကျော်လွင်မှာ လည်ပင်း၊ ဝဲ/ယာပါး၊ ကုပ်ပိုး၊ နောက်ကျောနှင့် ယာလက်မောင်းတို့တွင် ပြတ်ရှဒဏ်ရာများ ရရှိခဲ့သောကြောင့် ဆေးကုသစဉ် သေဆုံးသွားခဲ့သဖြင့် ပြစ်မှုကျူးလွန်သူ တရားခံအမျိုးသား သုံးဦးအား ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့မရဲစခန်း (ပ)၉၅၇/၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂/ ၄၅၂/ ၃၅၄/၃၂၃ ဖြင့် အမှုဖွင့်လှစ်ပြီး ဖော်ထုတ် ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အခင်းဖြစ်နေ့ မွန်းလွဲပိုင်းတွင် တရားခံများ ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး အခင်းဖြစ်ရပ် စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်ရာ၌ အသုံးပြုခဲ့သည့် သက်သေခံ ဓားမတစ်ချောင်း၊ ဓားဦးချွန်ငါးချောင်း၊ ကတ်ကြေးတစ်လက်၊ လေးခွတစ်လက်တို့အား အခင်းဖြစ်ပွားရာ "စိတ်တိုင်းကျ" အိမ်ဆောက်ပစ္စည်း အရောင်းဆိုင်အတွင်း၌ သိမ်းဆည်းရမိခဲ့ပြီး တရားခံများ ဆက်လက်ဖမ်းဆီးနိုင်ရေးအတွက် နယ်မြေသတင်းရယူစုံစမ်းခြင်းများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၇ ရက် မွန်းလွဲပိုင်းတွင် ပြစ်မှုကျူးလွန်သူ ရွှေပြည်သာမြို့နယ် (ဏ/၁၄) ရပ်ကွက် ပန်းခြံ(၉) ငကြွဲလမ်းနေ တရားခံ အောင်ကိုဦး(ခ) လင်းလင်းရွှေ (၃၅)နှစ်အား ၎င်း၏ နေအိမ်၌ လည်းကောင်း၊ ပြစ်မှုကျူးလွန်ရာတွင် ပူးပေါင်းပါဝင်သူ (ဏ/၁၄)ရပ်ကွက် သုခမိန်လမ်းနေ ဇော်မျိုးနိုင်(ခ)အရှည်ကြီး(၃၉)နှစ်နှင့် ရွှေပြည်သာမြို့နယ် (တ/၁၅) ရပ်ကွက် ဖိုးရာဇာလမ်းနေ ကျော်ကိုကို(ခ) ကံဦး (၂၆)နှစ်တို့အား ၎င်းတို့၏ နေအိမ်များ၌ လည်းကောင်း ဖမ်းဆီးရမိခဲ့ကာ သေဆုံးသူ ဦးကျော်ကျော်လွင်၏ လက်မှ ဖြုတ်ယူရရှိခဲ့သည့် အလေးချိန် ၈ ပဲသားရှိ သက်သေခံ ရွှေလက်စွပ် တစ်ကွင်းအား ရွှေပြည်သာမြို့နယ် လှော်ကားဈေးအတွင်းရှိ နဝလီရွှေဆိုင်မှ ပြန်လည်သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်တွင် "စိတ်တိုင်းကျ" အိမ်ဆောက်ပစ္စည်း အရောင်းဆိုင်အတွင်း ဝင်ရောက်၍ လုယက်လုသတ်မှုကျူးလွန်ခဲ့ကြသူတရားခံ အောင်ကိုဦး(ခ) လင်းလင်းရွှေပါ သုံးဦးတို့အား တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

အိမ်မဲမြို့၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး စစ်ဆေးဆောင်ရွက်

အိမ်မဲ အောက်တိုဘာ ၇

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်တွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် ယနေ့နံနက်ပိုင်းက လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ မြို့နယ်လျှပ်စစ်မှူး ဦးဆောင်၍ သက်ဆိုင်ရာဌာနများ ပူးပေါင်းကာ စစ်ဆေးဆောင်ရွက်ခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် အိမ်မဲမြို့ရှိ မြို့မဈေးကြီးနှင့် သာသနိက အဆောက်အအုံများ၊ ဇူးဇန်ဆီဆိုင်၊ မူဝံဆီဆိုင်တို့၌ လျှပ်စစ်မီးသွယ်တန်း အသုံးပြုထားမှုများ၊ လျှပ်စစ်ဝိုင်ယာကြိုးများ လျော့ရဲ၊ တိုတောင်းမှုရှိ၊ မရှိ၊ လျှပ်စစ်အန္တရာယ်ဖြစ်ပေါ်နိုင်သည့် အခြေအနေများနှင့် လုံခြုံရေးဆိုင်ရာ လိုအပ်ချက်များကို စစ်ဆေးခဲ့ကြသည်။

အဆိုပါစစ်ဆေးမှုကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ တာဝန်ရှိသူများနှင့်အတူ စည်ပင်သာယာရေးအဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မီးသတ်ဦးစီးဌာနတို့မှ တာဝန်ရှိသူများ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **ချစ်သက်လယ်**

ဟင်္သာတမြို့နယ်၌ ခွေး၊ ကြောင်များအား ခွေးရူးရောဂါကာကွယ်ဆေး အခမဲ့ကွက်ပြည့်ထိုးနှံ

ဟင်္သာတ အောက်တိုဘာ ၇

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်တွင် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက သုံးနှစ်ဆက်တိုက် ခွေးရူးရောဂါကာကွယ်ဆေး အခမဲ့ကွက်ပြည့်ထိုးနှံခြင်းကို ယမန်နေ့က ယုန်သလင်းတိုက်နယ်၊ ရွှေမန်းလွင်ကျေးရွာနှင့် ပျဉ်းမချောင်းရပ်ကွက်တို့တွင် မြို့နယ်ဦးစီးမှူး ဒေါက်တာယုနန္ဒာအောင်ဦးဆောင်၍ ဝန်ထမ်းများက ခွေးနှင့်ကြောင်ကောင်ရေ ၅၅၆ ကောင်တို့အား အခမဲ့ကွက်ပြည့် ကွင်းဆင်းထိုးနှံပေးခဲ့သည်။

ဟင်္သာတမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်မှစတင်၍ သုံးနှစ်ဆက်တိုက် ခွေးရူးရောဂါကာကွယ်ဆေးအခမဲ့ကွက်ပြည့်ထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိပြီး ခရိုင်ဦးစီးမှူး ဒေါက်တာအောင်သူမျိုးဦးဆောင်၍ ပြည်သူအသိပညာပေးဟောပြောပွဲများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၈-၁၀-၂၀၂၆ ကြာသပတေးနေ့

MRTV HD

၀၆:၀၀ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်များက ပရိတ်တရားတော် ရွတ်ဖတ်ပူဇော်ခြင်း
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၄၀ MSME ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတော်မှ ဦးစားပေး
၀၉:၁၀ NRC အစီအစဉ်
၁၀:၃၅ ကမ္ဘာ့အလယ်မှာဝင့်ထည်စေဖို့မြန်မာ့ချည်ထည်များ ဝတ်ကြစို့ '**ဖောဗိတ်အထည်ချုပ်လုပ်ငန်း**'
၁၁:၃၅ NEXT LEVEL
၁၃:၃၀ MRTV National News
၁၄:၄၅ မျိုးဆက်တင်ငွေစေဆိုကရေးတီးအလှ
၁၆:၄၀ (၂၅)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဘာသာရပ်ဆိုင်ရာ ဆွေးနွေးခန်း (အတီးပြိုင်ပွဲ)
၁၇:၁၅ Soccer View
၁၇:၃၀ လူမှုစီးပွားသတင်းများ
၁၈:၄၀ သံစဉ်ချိုမြမြန်မာတေးအလှ
၁၉:၀၀ လွှတ်တော်သတင်း
၁၉:၁၅ မြန်မာဇာတ်လမ်းတွဲ '**ငေါင်**' (အပိုင်း-၁)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ လွှတ်တော်ရေးရာအဖြာဖြာ
၂၁:၁၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ '**သုခသံစဉ်**' (အပိုင်း-၂၄)
၂၂:၁၅ ရုပ်မြင်သံကြားဇာတ်လမ်း

mitv

07:01 Evergreen Classic:a Aung Zay Paing Zay
07:07 A Traditional Food in Bagan: Pone Ye Gyi
07:21 The Eternal Friend from Nature
07:42 Topical Topics; A noble merit Waso Month
08:01 News
08:26 Asia Updates; Forest Elves
08:32 Myanmar Avocado In The Global Market
09:01 Traditional Cart Business
09:23 The Mandolinist
09:50 Myanmar Puppeteers

Me

၀၆:၀၀ အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
၀၆:၄၅ မြန်မာသံစဉ်တေးများ
၀၇:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ '**နှုတ်ချိုချိုတစ်ဝါး**' (အပိုင်း-၄)
၀၈:၁၀ ဗီဒီယိုတေးများ
၀၈:၃၅ ရုပ်စုံသဘင် '**ငါးဖါးအကျရာဇာတ်တော်**'
၀၉:၅၅ Japanese Single Chart (28)
၁၀:၂၅ မြန်မာရုပ်ရှင်(ပြန်ပြည်း) '**မှဲ့တစ်ပေါက်**'

MRTV NRC

ချင်း(လိုင်စိုး) (၀၆:၀၀ မှ ၀၇:၀၀)
တောင်ကြားပန်းများပျော်စံရာဇိန်မှုတောင်

ချင်း(ချိုး) (၀၇:၀၀ မှ ၀၈:၀၀)
ချင်း(ချိုး)ဘာသာစကားပြောကြရအောင် (အပိုင်း-၁၂)

မွန် (၀၈:၀၀ မှ ၁၀:၀၀)
ထန်းပင်ပေါ်ကတို့ဝေဝေ

ရခိုင် (၁၀:၀၀ မှ ၁၂:၀၀)
သံပုံစေတီပွဲတော်(သျှစ်သောင်းမြောက်ဦး)

ရှမ်း (၁၂:၀၀ မှ ၁၄:၀၀)
ရှေးဟောင်းမောက်စံဘုန်းတော်ကြီးကျောင်း

ဝ (၁၄:၀၀ မှ ၁၆:၀၀)
လွိုင်မွေမြို့သို့အလည်တစ်ခေါက်

ကချင် (၁၆:၀၀ မှ ၁၈:၀၀)
ရေခြားမြေခြားအခက်အခဲကြားမှ တာဝန်ကျေပွန်ကြသူများ (အပိုင်း-၅)

ကယား (၁၈:၀၀ မှ ၂၀:၀၀)
ဘုရားဖြစ်တည်ရာဆန်းကြယ်မြင်ကွင်းဗုဒ္ဓဂါယာ

စကောကရင် (၂၀:၀၀ မှ ၂၁:၀၀)
သွေးတိုးရောဂါအကြောင်းသိကောင်းစရာ

အနောက်ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)
ကရင်ငါးဆုပ်ဆန်လျော်ဟင်းနှင့်ဆန်လျော်ကြော်

အရှေ့ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)
ဆွေညီနောင်များဘာသာစကားဖြင့်ချစ်ကြည်စေမည် (အပိုင်း-၉)

MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၀၅ လှုပ်လှုပ်ရှားရှားအားကစား
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၄:၀၀ MRTV National News
၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
၁၇:၄၅ Football Highlights
၁၈:၁၅ အယ်လ်နီညိုအကြောင်းသိကောင်းစရာ
၁၉:၁၅ ကမ္ဘာ့ဝန်းကျင်ဇီဝမျိုးကွဲစုံလင်
၁၉:၄၅ ပွဲရှာလေ့လာအေအိုင်နည်းပညာ
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၃၀ နိုင်ငံတကာသတင်း (LIVE)
၂၁:၄၅ လွှတ်တော်ရေးရာအဖြာဖြာ

MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ လွှတ်တော်ရေးရာအဖြာဖြာ
၁၀:၀၀ တတိယအကြိမ်ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့ တိုက်ရိုက် (Live) ထုတ်လွှင့်မှု
၁၉:၀၀ လွှတ်တော်သတင်း (၈-၁၀-၂၀၂၆)

MRTV FARMERS

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၀၈:၂၀ စိုက်ပျိုးမွေးမြူသုတဘက် '**မြန်မာ့ပဲမျိုးစုံစိုက်ပျိုးရေး**'
၀၉:၀၀ ဖတ်စရာမှတ်စရာဆောင်းပါးကဏ္ဍ
၁၀:၀၀ တတိယအကြိမ်ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့ တိုက်ရိုက်ထုတ်လွှင့်မှု
၁၆:၃၀ မြန်မာဇာတ်လမ်းတွဲ **ချစ်စိတ်တို့နှောင်ဖွဲ့** (အပိုင်း-၁၅)

MRTV SPORTS

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
၀၆:၄၀ Awesome Goals
၀၇:၄၀ Weekly Soccer Preview
၀၈:၀၀ 33rd SEA Games (အမျိုးသား) ဘော်လီဘောပြိုင်ပွဲ (Replay) (မြန်မာနှင့် စင်ကာပူ)
၁၉:၀၀ အားကစားသတင်း

Scan Here

MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ ညနေပိုင်း (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီး



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးမှု။

နေပြည်တော် အောက်တိုဘာ ၇

နိုင်ငံတော်အစိုးရ အနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထား ဆောင်ရွက်လျက်ရှိကာ ပြည်တွင်းအင်အားစုများ အပြင် အိမ်နီးချင်း နိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ နိုင်ငံအတွင်း လုံးဝအခြေမချနိုင်သည်အထိ ထိထိရောက်ရောက် ရှာဖွေစစ်ဆေး နှိမ်နင်းခြင်းများကို ဆောင်ရွက်လျက်ရှိရာ KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ လုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံများအား အပိုင်း ၃ ပိုင်းခွဲ၍ စနစ်တကျဖြိုချဖျက်ဆီးခဲ့ရာ ဇန်နဝါရီ ၉ ရက်တွင် ရာနှုန်းပြည့် ဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်သည်။

အလားတူ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစား လုပ်ငန်းများ လုပ်ကိုင်ခဲ့သည့် တရားမဝင် အဆောက်အအုံ ၁၄၀ လုံးအား အပြီးတိုင် ဖြိုချဖျက်ဆီးခြင်းများကို အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်၍ ဆောင်ရွက်ခဲ့ရာ ပထမပိုင်းအနေဖြင့် အဆောက်အအုံ ၇၇ လုံးအား ဇူလိုင်လ ၂၆ ရက်နေ့တွင် စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်သည်။

ဆက်လက်၍ ဒုတိယပိုင်းအနေဖြင့် ဖြိုချဖျက်ဆီးရန်ကျန် အဆောက်အအုံ ၆၃ လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၄ လုံးနှင့် လူနေအိမ်များနှင့် မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်းဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၃၄ လုံး ဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ထပ်မံဖြိုချ ဖျက်ဆီးခြင်းများကို အောက်တိုဘာ ၆ ရက်နေ့မှစ၍ ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်လျက်ရှိရာ ယာဉ်ယန္တရားများ အသုံးပြု၍ ဖြိုချဖျက်ဆီးရမည့် အဆောက်အအုံများအနက် ၅ထပ်အဆောက်အအုံ ၁လုံးအားဆက်လက်ဖြိုချဖျက်ဆီးခဲ့ရာ ယနေ့အထိ ၄၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီး ဖြစ်ကြောင်းနှင့် ၆ ထပ်အဆောက်အအုံ ၁ လုံးအားလည်း ယမ်းပြင်ယမ်းကပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရ အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ် အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဖြိုချဖျက်ဆီးရန် ကျန်ရှိသည့် အဆောက်အအုံများအား အမြန်ဆုံး ဖြိုချဖျက်ဆီးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ ၁၀၀

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်း လိမ်လည် လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် အဆောက်အအုံများအား ယမ်းပြင်ယမ်းကပ်ခြင်း ဆောင်ရွက်မှုကို တွေ့ရစဉ်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား မဖြိုဖျက်မီ တွေ့ရစဉ်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား ယန္တရားဖြင့် ဖြိုချဖျက်ဆီးမှုကို တွေ့ရစဉ်။

✢ တိုင်းဒေသကြီးမှ

ပွဲစဉ်များအဖြစ် အမျိုးသား/ အမျိုးသမီး (မီတာ ၅၀၀၀ လမ်းလျှောက်ပြိုင်ပွဲ၊ မီတာ ၂၀၀၀ တားဆီးကျော်ပြေး၊ မီတာ ၄၀၀ တန်းကျော်ပြေး၊ အလျားခုန်နှင့် ကြိုးတပ်သံလုံးပစ်) ပြိုင်ပွဲများကို ယှဉ်ပြိုင်ကြသည်။

အမျိုးသားပြိုင်ပွဲ ပွဲစဉ်များဖြစ်သည့် မီတာ ၂၀၀၀ တားဆီးကျော်ပြေးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ လင်းထက်က စံချိန် 6:36.36 စက္ကန့်ဖြင့် ပထမ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ လူပီးက စံချိန် 6:42.08 စက္ကန့်ဖြင့် ဒုတိယ၊ ဧရာဝတီတိုင်းဒေသကြီးမှ သော်ဇင်ကိုကိုက စံချိန် 6:57.00 စက္ကန့်ဖြင့် တတိယ၊ မီတာ ၄၀၀ တန်းကျော်ပြေးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ကောင်းမြတ်ဇော်က စံချိန် 58.56 စက္ကန့်ဖြင့် ပထမ၊ မန္တလေးတိုင်းဒေသကြီးမှ ခွန်ကောင်းထက်စံက စံချိန် 59.59 စက္ကန့်ဖြင့် ဒုတိယ၊ ဧရာဝတီတိုင်းဒေသကြီးမှ စောခဲနက်က စံချိန် 61.10 စက္ကန့်ဖြင့် တတိယ၊ အလျားခုန်ပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ ဟိန်းမြတ်ဇော်က စံချိန် 5.87 မီတာဖြင့် ပထမ၊ ဧရာဝတီတိုင်းဒေသကြီးမှ ထက်မြတ်အောင်က စံချိန် 5.66 မီတာဖြင့် ဒုတိယ၊ မကွေးတိုင်းဒေသကြီးမှ ဘုန်းမြတ်ကျော်က စံချိန် 5.46 မီတာဖြင့် တတိယ၊ ကြိုးတပ်သံလုံးပစ်ပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ စောတောဘလူမူးက စံချိန် 41.16 မီတာဖြင့် ပထမ၊ ရှမ်းပြည်နယ်မှ ဟိန်းသူရမိုးက စံချိန် 36.50 မီတာဖြင့် ဒုတိယ၊ မန္တလေးတိုင်းဒေသကြီးမှ ပြည့်ဘုန်းနိုင်က စံချိန် 34.15 မီတာဖြင့် တတိယရရှိခဲ့ကြသည်။

အလားတူ အမျိုးသမီးပြိုင်ပွဲ ပွဲစဉ်များဖြစ်သည့် မီတာ ၅၀၀၀ လမ်းလျှောက်ပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ စုစုထွေးက စံချိန် 29:15.22 စက္ကန့်ဖြင့် ပထမ၊ ရှမ်းပြည်နယ်မှ အိဖြိုးဇင်က စံချိန် 29:31.91 စက္ကန့်ဖြင့် ဒုတိယ၊ ကယားပြည်နယ်မှ ကြယ်ဇင်လင်းက စံချိန် 30:22.88 စက္ကန့်ဖြင့် တတိယ၊ မီတာ ၂၀၀၀ တားဆီးကျော်ပြေးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ဒုံကမ်းက စံချိန် 8:18.60 စက္ကန့်ဖြင့် ပထမ၊ မန္တလေးတိုင်းဒေသကြီးမှ ဝင်းရတနာထွန်းက စံချိန် 8:44.68 စက္ကန့်ဖြင့် ဒုတိယ၊ ရှမ်းပြည်နယ်မှ ဝင်းဝင်းက စံချိန် 9:06.75 စက္ကန့်ဖြင့် တတိယ၊ မီတာ ၄၀၀ တန်းကျော်ပြေးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ချစ်စနိုးဇော်က စံချိန် 67.85 စက္ကန့်ဖြင့် ပထမ၊ ရှမ်းပြည်နယ်မှ နန်းရွှေဌေးက စံချိန် 73.21 စက္ကန့်ဖြင့် ဒုတိယ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ နန်းမေသက်ခိုင်က စံချိန် 75.74 စက္ကန့်ဖြင့် တတိယ၊ အလျားခုန်ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ မေသက်ခိုင်က စံချိန် 4.64 မီတာဖြင့် ပထမ၊ မွန်ပြည်နယ်မှ သီရိမွန်က စံချိန်4.23 မီတာဖြင့် ဒုတိယ၊ မန္တလေးတိုင်းဒေသကြီးမှ သန္တာလှိုင်က စံချိန် 4.18 မီတာဖြင့် တတိယ၊ ကြိုးတပ်သံလုံးပစ်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ နော်ယမင်းအေးက စံချိန် 38.80 မီတာဖြင့် ပထမ၊ ဧရာဝတီတိုင်းဒေသကြီးမှ နန်းဂျူးဂျူးက စံချိန် 29.83 မီတာဖြင့် ဒုတိယ၊ မကွေးတိုင်းဒေသကြီးမှ ဆုဆုလှိုင်က စံချိန် 28.76 မီတာဖြင့် တတိယ ရရှိကြသည်။

ကျင်းပသွားမည်

အားကစားရေးရာဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ မျိုးဆက်သစ်ပြေးခုန်ပစ်အားကစားသမားများ ပေါ်ထွက်လာစေရေးနှင့် ပြေးခုန်ပစ်အားကစားနည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ရည်ရွယ်၍ "၂၀၂၄ ခုနှစ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် U-18 ပြေးခုန်ပစ်ပြိုင်ပွဲ" ကို အောက်တိုဘာ ၆ ရက်မှ ၉ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းနှင့် လေ့ကျင့်ရေးကွင်းအမှတ်(၁)တို့တွင် ကျင်းပသွားမည်ဖြစ်ပြီး အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို "အခမဲ့" လာရောက်အားပေးကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်

❂ M-League မှ

ရန်ကုန်ယူနိုက်တက်အသင်းသည် နောက်ကျချေပဂိုးကြောင့်သာ အိမ်ကွင်း၌ မရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ ပွဲအစ သုံးမိနစ်တွင် စိုးမောင်မောင်က ရတနာပုံအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်းအတွက် ချေပဂိုးကို ၉၀+၃ မိနစ်တွင် ဖြိုးဝဏ္ဏစိုးက သွင်းယူသည်။ ဧရာဝတီယူနိုက်တက်အသင်းသည် အပြန်အလှန်သွင်းဂိုးများဖြင့် အနိုင်ရခဲ့ပြီး Chinland အသင်းသည် နှစ်ဂိုးစီသရေအထိ လိုက်ကစားပြီးမှ အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ ဧရာဝတီယူနိုက်တက်အသင်းအတွက် ဂိုးများကို ၁၀ မိနစ်တွင် ကောင်းမြတ်စံ၊ ၁၆ မိနစ်တွင် ခွန်ရဲသူအောင်၊ မိနစ် ၆၀ တွင် ထက်အောင်လွင်တို့က သွင်းယူပြီး Chinland အသင်းအတွက် ချေပဂိုးများကို ၄၃ မိနစ်တွင် လွန်ယာဂင်၊ ၅၉ မိနစ်တွင် သန်းနိုင်က သွင်းယူသည်။ အောက်တိုဘာ ၇ ရက်က ကျင်းပသည့်ပွဲတွင် ဒဂုံစတားယူနိုက်တက်အသင်းက အား/ကာ သိပ္ပံအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး သစ္စာအားမာန်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ တစ်ဂိုးစီသရေ၊ စစ်ကိုင်းယူနိုက်တက်အသင်းနှင့် Falcon အသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။ အား/ကာသိပ္ပံအသင်းသည် နှစ်ပွဲဆက်နိုင်ပွဲပျောက်သဖြင့် ဒုတိယနေရာမှ ရန်ကုန်ယူနိုက်တက်အသင်းနှင့် တစ်မှတ်သာကွာဟတော့ပြီး နိုင်ပွဲရခဲ့သည့် ဒဂုံစတားယူနိုက်တက်အသင်းမှာလည်း ချန်ပီယံဆု မျှော်လင့်နိုင်သည့် အသင်းထဲ ပါဝင်လာသည်။ ဒဂုံစတားယူနိုက်တက်အသင်းအတွက် ညီနိုင် က ၄၂၊ ၄၇၊ ၆၉ မိနစ်တို့တွင် ဟက်ထရစ်သွင်းယူပြီး ကျန်တစ်ဂိုးကို ၆၅ မိနစ်တွင် ထွန်းလင်းအောင်က သွင်းယူခဲ့သည်။ အား/ကာ သိပ္ပံအသင်းအတွက် ဂိုးများကို ၁၉ မိနစ်တွင် စစ်ငြိမ်းချမ်းဦး၊ ၅၃ မိနစ်တွင် မဟာရဲလေးက သွင်းယူသည်။ ပွဲစဉ် (၁၈) တတိယနေ့ကို အောက်တိုဘာ ၈ ရက်တွင် ဗဟန်းကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြဝတီအသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း - ညီမြတ်သော်တာ၊ ဓာတ်ပုံ - ML

တနင်္သာရီတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှု ဖြစ်ပွားခဲ့သည့်နေရာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၇

မြန်မာနိုင်ငံအတွင်း ဖြတ်ကျော်ဝင်ရောက်ခဲ့သည့် ကုန်းတွင်းမုန်တိုင်းငယ်၏ အရှိန်ကြောင့် တနင်္သာတိုင်းဒေသကြီးအတွင်း စက်တင်ဘာ ၂၆ ရက် ညနေပိုင်းမှစတင်၍ မိုးသည်းထန်စွာအဆက်မပြတ်ရွာသွန်းပြီး မြို့နယ်အချို့တွင် မြစ်ရေဝင်ရောက်မှု ဖြစ်ပွားခဲ့သည့်အပြင် ထားဝယ်-လောင်းလုံး - ကျောက်နီမော် - ရှင်မော် လမ်းမကြီးပေါ်ရှိ နေရာအချို့တွင် ရေကျော်ခြင်း၊ မြေပြိုကျ၍ လမ်းပိတ်ခြင်းနှင့် လမ်းပေါ်ရှိ တံတားများတွင် အမှိုက် ပိတ်ဆို့ခြင်းများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါထားဝယ်-လောင်းလုံး-ကျောက်နီမော်-ရှင်မော်လမ်းမကြီးပေါ်ရှိ ပြိုကျ၍ လမ်းပိတ်ဆို့မှုများ ဖြစ်ပွားခဲ့သည့်နေရာများနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ကျေးရွာ၊ ရပ်ကွက်များတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုကူညီရေးအသင်းအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများပါဝင်သော ကူညီကယ်ဆယ်ရေးများက လူအင်အား၊ စက်ယန္တရားများအသုံးပြု၍ အပျက်အစီးများဖယ်ရှားရှင်းလင်းခြင်း၊ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းကို ဆက်လက်ဆောင်ရွက်ကာ သောက်သုံးရေများ ဖြန့်ဝေပေးသည်။

ထို့ပြင် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များက လောင်းလုံးမြို့နယ်ရှိ သဗျာ၊ ပညွှင်း၊ညွှင်းမော်၊ ပြင်းထိန်၊ ပိန်းရှောင်နှင့် စန်းလှမ်းကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ တနင်္သာရီမြို့ ချောင်းငယ်ရပ်ကွက်နှင့် ဘုရားကြီးကျောင်းတိုက်တို့၌လည်း နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်း၍ မြစ်ရေပြန်လည်ကျဆင်းသွားပြီးနောက် တင်ကျန်ခဲ့သည့် နုန်းမြေများနှင့် အမှိုက်များ ဖယ်ရှားရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေပြန်လည်ကျဆင်းသည့် မြို့၊ရွာ၊ ရပ်ကွက်များ၌ နုန်းများ၊ အမှိုက်များ ဖယ်ရှားရှင်းလင်း

နေပြည်တော် အောက်တိုဘာ ၇

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ဇူလိုင် ၃၀ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှုဖြစ်ပွားခဲ့ပြီး ရေဝင်ရောက်မှုကြောင့် လေးမျက်နှာမြို့ပေါ် ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရပ်ကွက်ငါးခုနှင့် ကျေးရွာအချို့တို့တွင် ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့သည်။

အဆိုပါ ငဝန်မြစ်ရေသည် အောက်တိုဘာ ၁ ရက်တွင် လေးမျက်နှာမြို့နယ်၌ လည်းကောင်း၊ အောက်တိုဘာ ၂ ရက်တွင် ကျောင်းကုန်းမြို့နယ်၌ လည်းကောင်း၊ အောက်တိုဘာ ၅ ရက်တွင် ကျုံပျော်မြို့နယ်၌လည်းကောင်း၊ အောက်တိုဘာ ၇ ရက်တွင် ငါးသိုင်းချောင်းမြို့နယ်၌လည်းကောင်း ရေများပြန်လည်ကျဆင်းသွားခဲ့ပြီး ရေကြည်မြို့နယ်အတွင်း အနည်းငယ်သာကျန်ရှိကြောင်း သိရှိရသည်။

ထိုသို့ ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့၊ရွာ၊ ရပ်ကွက်များရှိ ဘုန်းကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များအား အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ တပ်နယ်အသီးသီးမှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ ပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း စသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၈-၁၀-၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၄၅၄၀	၄၆၉၅	၄၆၅၀	၄၅၅၅	၄၇၀၀	၄၇၁၅	၄၇၅၀	၄၆၂၅	၄၉၉၅	၅၀၂၅	၄၆၅၀	၄၈၀၀	၄၇၄၀	၄၆၉၅	၄၇၁၅	၄၉၃၅
95 Ron	၄၇၃၀	၄၈၈၅	၄၈၃၅	၄၇၆၅	၄၈၉၀	၄၉၀၅	၄၉၃၅	၄၈၁၅	၅၁၈၅	၅၂၁၅	၄၈၃၅	၄၉၈၅	၄၉၂၅	၄၈၈၅	၄၈၉၅	၅၁၂၅
HSD (500 ppm)	၄၈၁၅	၄၉၆၅	၄၉၁၅	၄၈၃၀	၄၉၇၀	၄၉၈၀	၅၀၁၅	၄၉၀၀	-	၅၂၈၀	၄၉၁၅	၅၄၆၀	၅၀၀၅	၄၉၆၅	၄၉၇၅	၅၁၉၅
HSD (50 ppm)	၅၇၉၅	၅၉၅၀	၅၉၀၅	၅၈၁၅	၅၉၅၅	၅၉၇၀	၆၀၀၅	၅၈၈၅	၆၂၅၀	၆၂၈၀	၅၉၀၅	၆၀၅၀	၅၉၉၅	၅၉၅၀	၅၉၆၅	၆၁၉၀
HSD (10 ppm)	၅၇၉၅	၅၉၅၀	၅၉၀၅	၅၈၁၅	၅၉၅၅	၅၉၇၀	၆၀၀၅	၅၈၈၅		၆၂၈၀	၅၉၀၅	၆၀၅၀	၅၉၉၅	၅၉၅၀	၅၉၆၅	၆၁၉၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၃၁၈	၄၄၃၈
95 Ron	၄၄၉၉	၄၆၂၃
HSD (500 ppm)	၄၅၉၈	၄၇၂၀
HSD (50 ppm)	၅၅၃၃	၅၆၇၄
HSD (10 ppm)	၅၅၃၃	၅၆၇၄

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

ဝ၆၇- ၄၁၁၃၇၃၊ ဝ၉-၂၅၄၆၂၅၄၇၇
ဝ၆၇- ၄၁၁၂၈၂၊ ဝ၉-၆၈ဝ၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ဧရာဝတီတိုင်းဒေသကြီး သန့်ရှင်း၍စိမ်းလန်းစိုပြည်သောကျောင်း ဆုစိစစ်ရွေးချယ်ရေးအဖွဲ့ ကွင်းဆင်းစစ်ဆေး

ပုသိမ် အောက်တိုဘာ ၇

ဧရာဝတီတိုင်းဒေသကြီး သန့်ရှင်း၍စိမ်းလန်းစိုပြည်သောကျောင်းဆုစိစစ်ရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါ်မေသန်းဦး ဦးဆောင်၍ တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ သစ်တောဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့ပါဝင်သော ဆုစိစစ်ရွေးချယ်ရေးအဖွဲ့သည် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းဆု ဝင်ရောက်ယှဉ်ပြိုင်ထားသည့်ကျောင်းများအား သန့်ရှင်း၍စိမ်းလန်းစိုပြည်သောကျောင်းဆု စိစစ်ရွေးချယ်ခြင်းဆိုင်ရာအခြေခံစံနှုန်း၊ အညွှန်းကိန်းများနှင့်အညီ အောက်တိုဘာ ၆ ရက်တွင် ပထမအကြိမ် ကွင်းဆင်းစစ်ဆေးခြင်းဆောင်ရွက်သည်။

အဆိုပါကျောင်းများသို့ စစ်ဆေးရာတွင် ဧရာဝတီတိုင်းဒေသကြီး သန့်ရှင်း၍စိမ်းလန်းစိုပြည်သောကျောင်းဆု စိစစ်ရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါ်မေသန်းဦးက ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ၍ သန့်ရှင်း၍စိမ်းလန်းစိုပြည်သောကျောင်းများဖြစ်လာစေရေး ပူးပေါင်းအကောင်ထည်ဖော်ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

ကျော်ဟိန်း(ပြန်/ဆက်)

သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန် ဟားခါးတက္ကသိုလ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြား

ဟားခါး အောက်တိုဘာ ၇

ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ဝုန်ဆွန်းထန်သည် ယနေ့နံနက်ပိုင်းတွင် ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဟားခါးတက္ကသိုလ်တွင် တာဝန်ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများအား ၎င်းတို့၏ အခက်အခဲနှင့် ပြည်နယ်အစိုးရထံ တင်ပြလိုသည့်အချက်များ ဆွေးနွေးတင်ပြနိုင်ရေး တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် ပြည်နယ်လူမှုရေးရာဝန်ကြီးက ချင်းပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများရှိ ဆရာ ဆရာမများအတွက် မွမ်းမံသင်တန်းများ သင်ကြားပို့ချပေးရန် လိုအပ်မှုအခြေအနေကိုလည်းကောင်း၊ ဟားခါးတက္ကသိုလ်ပါမောက္ခချုပ်က ဟားခါးတက္ကသိုလ်၏ မျှော်မှန်းချက်နှင့် လုပ်ငန်းတာဝန်များ၊ ပညာရပ်ပိုင်းဆိုင်ရာနှင့် စီမံခန့်ခွဲမှုပိုင်းဆိုင်ရာများကို လည်းကောင်း၊ ဟားခါးတက္ကသိုလ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများက နိုင်ငံတော်အစိုးရမှ ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်မှုအခြေအနေကိုလည်းကောင်း ဆွေးနွေးတင်ပြကြပြီး စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး၊ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးတို့က ဖြည့်စွက်ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး၍ ဟားခါးတက္ကသိုလ်ဆရာ ဆရာမ ၅၃ ဦးနှင့် တက္ကသိုလ်ပါမောက္ခချုပ်တို့အတွက် ချီးမြှင့်ငွေကျပ် ၆၃ သိန်း ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

လှည်းကူးမြို့နယ်၌ ဈေးမီးဘေးလုံခြုံရေး ကွင်းဆင်းဆောင်ရွက်

လှည်းကူး အောက်တိုဘာ ၇

ရန်ကုန်တိုင်းဒေသကြီးလှည်းကူးမြို့နယ် မြို့မဈေးအတွင်း ယမန်နေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက မီးဘေးလုံခြုံရေး သွားရောက်စစ်ဆေးသည်။

ထိုသို့ ဆောင်ရွက်ရာတွင် လှည်းကူးမြို့နယ် ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး၊ စည်ပင်အမှုဆောင်အရာရှိနှင့် စည်ပင်ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးဆောင်သော သန္ဓေ/အရန် မီးသတ်တပ်ဖွဲ့ဝင်များက ဈေးဆိုင်ခန်းများရှိ လျှပ်စစ်ကြိုးသွယ်တန်းထားရှိမှုများ၊ ဈေးဆိုင်ပစ္စည်း သိုလှောင်ထားရှိမှုများ၊ လေဝင်လေထွက်စနစ်များ၊ မီးသတ်ဆေးဘူးဆောင်ရွက်ထားရှိမှုများ၊ အပေါ့စားမီးသတ်စက်နှင့် မီးငြိမ်းသတ်ရေးပစ္စည်း စီမံဆောင်ရွက်ထားရှိမှု၊ ရေရရှိရေးအခြေအနေနှင့် မီးသတ်ယာဉ်ဝင်လမ်း/ထွက်လမ်း စီမံ ဆောင်ရွက်ထားရှိမှုတို့ကို အသိပညာပေး ပူးပေါင်းစစ်ဆေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အိရွှေစင်လတ်

ဖလမ်းမြို့ ပြည်သူ့ဆေးရုံကြီး အမြန်ဆုံးပြန်လည် လည်ပတ်နိုင်ရေးနှင့် သူနာပြုသိပ္ပံကျောင်း အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်

ဖလမ်း အောက်တိုဘာ ၇

ချင်းပြည်နယ် ဖလမ်းမြို့ ပြည်သူ့ဆေးရုံဝန်ထမ်းအိမ်ရာ ခြောက်ခန်းတွဲ နှစ်ထပ် ပြုပြင်ခြင်းလုပ်ငန်း၊ သူနာပြုအိမ်ရာ ရှစ်ခန်းတွဲ RC နှစ်ထပ်ဆောင်ပြုပြင်ခြင်းလုပ်ငန်း၊ ဆရာဝန်အိမ်ရာ လေးခန်းတွဲ RC နှစ်ထပ်ဆောင်ပြုပြင်ခြင်းလုပ်ငန်း၊ ဖလမ်းမြို့ သူနာပြုသိပ္ပံ ဘွဲ့နှင်းသဘင်ခန်းမဆောင် RC တစ်ထပ်အဆောက်အအုံ၊ သင်တန်းသူ အိပ်ဆောင်၊ စာသင်ဆောင်နှင့် ကျောင်းအုပ်ကြီးရုံးခန်း အဆောက်အအုံများ ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်နေမှုများကို ယနေ့နံနက်ပိုင်းတွင် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် ရောက်ရှိနေသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ သောင်းနိုင်သည် ချင်းပြည်နယ် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေလင်းအောင်၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးပြီး အဆောက်အအုံများ အမြန်ဆုံးပြန်လည်အသုံးပြုနိုင်ရေးနှင့် သူနာပြုသိပ္ပံသင်တန်းများ အမြန်ဆုံးဖွင့်လှစ်နိုင်ရေး အထူးကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ဆေးရုံအုပ်ကြီးက ဝန်ထမ်းအိမ်ရာ ခြောက်ခန်းတွဲ RC နှစ်ထပ်တစ်လုံးအား ယာယီဆေးရုံအဖြစ် ပြောင်းလဲဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်တင်ပြရာ တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက သတ်မှတ်ကာလအတွင်း ပြုပြင်ခြင်းလုပ်ငန်းများပြီးစီးရေးအတွက် လုပ်ငန်းစီမံချက်အတိုင်း စနစ်တကျဆောင်ရွက်ရန်၊ ဒေသခံပြည်သူများအား ပြည့်စုံလုံလောက်သည့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် အရေးကြီးသော အခြေခံအဆောက်အအုံများဖြစ်သည့်အတွက် လုပ်ငန်းများပြီးစီးသည်နှင့် တစ်ပြိုင်နက် ကျန်မာရေးဝန်ဆောင်မှုလုပ်ငန်းများ အမြန်လည်ပတ်နိုင်ရေးဆောင်ရွက်ရန်နှင့် အဆောက်အအုံပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက သက်ဆိုင်ရာဌာနများက သေချာစိစစ်ပြီးလွှဲပြောင်းလက်ခံဆောင်ရွက်ကြရန် မှာကြားသည်။

ထို့ပြင် တီးတိန်မြို့ ပြည်သူ့ဆေးရုံနှင့် တွန်းဇံမြို့ ပြည်သူ့ဆေးရုံအတွက် ဆေးဝါးများနှင့် ဆေးရုံသုံးပစ္စည်းများသည် ယမန်နေ့ညနေပိုင်းက တီးတိန်မြို့သို့ ရောက်ရှိပြီဖြစ်ပြီး တီးတိန်မြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံတွင် အသုံးပြုမည့် 100MA ixed Type Digital ဓာတ်မှန်စက် အသုံးပြုနိုင်ရေး နေရာချဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်းနှင့် ဆေးဝါးများနှင့် ဆေးရုံသုံးပစ္စည်းများကို တီးတိန်မြို့မှတစ်ဆင့် တွန်းဇံမြို့သို့ ဆက်လက်ပေးပို့ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

မြဝတီမြို့၌ ဥပဒေဆိုင်ရာ အသိပညာပေးဟောပြော

မြဝတီ အောက်တိုဘာ ၇

ကရင်ပြည်နယ် မြဝတီမြို့နယ်ရှိ ကျောင်းသားလူငယ်များ လူကုန်ကူးမှုအန္တရာယ်မှ ရှောင်ရှားနိုင်စေရန်နှင့် ကင်းဝေးနိုင်ကြစေရန် ရည်ရွယ်၍ ယနေ့နံနက် ၁၀ နာရီတွင် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၌ လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် စပ်လျဉ်း၍ ဥပဒေဆိုင်ရာအသိပညာပေး ဟောပြောပွဲကို ပြုလုပ်သည်။

ဦးစွာ ခရိုင်ဥပဒေအရာရှိဒုတိယညွှန်ကြားရေးမှူး ဦးအေးကိုက လူမှုပတ်ဝန်းကျင်၌ မြင်တွေ့နေရသည့် လူကုန်ကူးမှုဖြစ်စဉ်များ၊ လူကုန်ကူးမှု၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေ၏ ရည်ရွယ်ချက် (၅)ချက်နှင့် ပြစ်မှု၊ ပြစ်ဒဏ်ဆိုင်ရာ သိကောင်းစရာများ၊ ခေါင်းပုံဖြတ်မှုနှင့် စပ်လျဉ်း၍ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ခေါင်းပုံဖြတ်ခိုင်းစေမှုအပေါ် အရေးယူအပြစ်ပေးနိုင်သည့် ဥပဒေ၊ ပုဒ်မများနှင့် နိုင်ငံဖြတ်ကျော် မှုခင်းဆိုင်ရာများနှင့် ထိန်းချုပ်ဖော်ထုတ်ခြင်းဆိုင်ရာများ၊ ကလေးသူငယ်များအပေါ် လူကုန်ကူးခြင်းနှင့် စပ်လျဉ်း၍ အရေးယူအပြစ်ပေးလျက်ရှိသည့် ပြစ်မှု၊ ပြစ်ဒဏ်များ၊ ဥပဒေ၊ ပုဒ်မများနှင့် ဆောင်ရန်၊ ရှောင်ရန် နည်းလမ်းများကို ဟောပြောသည်။

ဆက်လက်ပြီး ကျောင်းသားကျောင်းသူများက လူကုန်ကူးမှုနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းရာ ခရိုင်ဥပဒေအရာရှိက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

ဆောင်းနှင်းဖြူ(ပြန်/ဆက်)

ဘားအံမြို့နယ်၌ မိုးစပါးစိုက်ပျိုးနေမှု ကွင်းဆင်းကြည့်ရှု

ဘားအံ အောက်တိုဘာ ၇

ကရင်ပြည်နယ် ဘားအံမြို့နယ် ကော့မကယ်ကျေးရွာတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာန၏ လူမှုစီးပွားမြှင့်တင်ရေး သက်တန့်ရောင်စီမံကိန်း မတည်ငွေရယူ၍ ဆောင်ရွက်လျက်ရှိသော မိသားစုစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းသားတောင်သူများ မိုးစပါးများ စိုက်ပျိုးလျက်ရှိရာ ယမန်နေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုကြသည်။

ထိုသို့ကွင်းဆင်းကြည့်ရှုရာတွင် ပြည်နယ်ဦးစီးမှူးနှင့်တာဝန်ရှိသူများက အသင်းသားတောင်သူများနှင့် တွေ့ဆုံ၍ သမဝါယမစနစ်ကို အခြေခံပြီး စုပေါင်းဆောင်ရွက်သည့်စနစ်ကြောင့်ရရှိလာမည့်အကျိုးကျေးဇူးများ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာမည့်အခြေအနေများအပေါ် ကြိုတင်စီမံပြင်ဆင်ထားနိုင်ရေး၊ ပြည်နယ်စားရေရိက္ခာဖူလုံရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ

လှိုင်ကော် အောက်တိုဘာ ၇

အယ်လ်နီညို ဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာမည့် အခြေအနေများ အပေါ် လိုအပ်သည်များ ကြိုတင် စီမံပြင်ဆင်ထားနိုင်ရေး လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ပြည်နယ်အစိုးရ အဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအုံ့မော်၊ ပြည်နယ် တရားသူကြီးချုပ်၊ ပြည်နယ် ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်နယ် ဝန်ကြီးချုပ်က ကယားပြည်နယ် အတွင်း အယ်လ်နီညိုဖြစ်စဉ်နှင့် ရာသီဥတုပြောင်းလဲမှုများကြောင့် ရှေ့ကာလတွင် ဖြစ်ပေါ်လာနိုင် သည့် အပူချိန်မြင့်တက်မှု၊ မိုးရွာ သွန်းမှု မမှန်ကန်မှု၊ ရေရှားပါးမှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ များ ထိခိုက်နိုင်မှုတို့ကို ကြိုတင် ခန့်မှန်းသုံးသပ်၍ ထိခိုက်ဆုံးရှုံးမှု များ လျော့နည်းစေရန် ဆောင်ရွက် သွားကြရန် ပြောကြားပြီး အယ်လ်နီညိုဖြစ်စဉ်နှင့် ပတ်သက် သည့် အသိပညာပေး Video Clip ကို ပြသသည်။

ထို့နောက် တက်ရောက်လာသူ များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်မည့် လုပ်ငန်းအစီအမံ များ၊ လိုအပ်ချက်များနှင့် ဖြည့်ဆည်းပေးရန် အချက်များကို တင်ပြကြပြီး ပြည်နယ်ဝန်ကြီးများ က ဖြည့်စွက်ဆွေးနွေးကြရာ ပြည်နယ်ဝန်ကြီးချုပ်က တင်ပြမှု များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်အစိုးရ အဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြည်နယ်စားရေရိက္ခာ ဖူလုံရေးနှင့် စိုက်ပျိုးမွေးမြူရေး ကဏ္ဍ မြှင့်တင်ရေးအတွက် အကောင်အထည် ဖော်ရေး ကော်မတီ (၂/၂၀၂၄) ညှိနှိုင်း အစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ် စိုက်ပျိုး ရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးက စားရေရိက္ခာ မူဝါဒ ကော်မရှင်၏ (၁/၂၀၂၄)မှတ်တမ်း ပါ ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက် ပြီးစီးမှုကို ရှင်းလင်းတင်ပြပြီး တက်ရောက် လာသူများက သက်ဆိုင်ရာကဏ္ဍ အလိုက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်း အစီအမံများကို တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ် သည်များကို ပေါင်းစပ်ညှိနှိုင်းပေး ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

ရေကြည်မြို့နယ်၌ ကျေးလက်လမ်း၊ တံတားလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရေကြည် အောက်တိုဘာ ၇

ဧရာဝတီ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကျော်မျိုး တင်သည် ကျေးလက်လမ်းဖွံ့ဖြိုး ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် အတူ ကညင်ငူ – နွားရေတိုက်– ငါးတဲစုလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးသည် ကျုံပျော် ခရိုင် ရေကြည်မြို့နယ် ကျေးလက် လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန် ယူဆောင်ရွက်သော ကညင်ငူ– နွားရေတိုက် – ငါးတဲစုလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းကို ကွင်းဆင်းကြည့်ရှု စစ်ဆေးပြီး လုပ်ငန်းများ အချိန်မီပြီးစီးရန်နှင့် အရည်အသွေး ပြည့်မီအောင် ဆောင်ရွက်ရန် မှာကြားသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက် ပြီးစီးပါက ကျေးရွာ ၂၇ ရွာရှိ ဒေသခံပြည်သူများ ရာသီမရွေး သွားလာနိုင်မည်ဖြစ်ကြောင်း သိရ သည်။

ကိုကိုဇော်

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲသို့ မွန်ပြည်နယ်ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်များ လေ့ကျင့်မှုများဆောင်ရွက်လျက်ရှိ

မော်လမြိုင် အောက်တိုဘာ ၇

(၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲသို့ မွန်ပြည်နယ်ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်များသည် မော်လမြိုင်မြို့ရှိ သတ်မှတ်နေရာ များတွင် လေ့ကျင့်မှုများ ဆောင်ရွက်လျက်ရှိသည်။

အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း တွင် အကဘာသာရပ်ပြိုင်ပွဲဝင်များ၊ လူငယ်စင်တာ တွင် အဆိုဘာသာရပ်ပြိုင်ပွဲဝင်များ၊ အတီးပြိုင်ပွဲဝင် များနှင့် အရေးပြိုင်ပွဲဝင်များက သတ်မှတ်ထားသည့် ပြိုင်ပွဲဝင်အမျိုးအစားအလိုက် လေ့ကျင့်ပြင်ဆင်နေမှုကို ယမန်နေ့ ညနေပိုင်းက မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ကြည့်ရှုအားပေးပြီး ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့အတူ မော်လမြိုင်ပညာရေးဒီဂရီကောလိပ် တွင် ကချင်တိုင်းရင်းသားရိုးရာအကအဖွဲ့ ပြိုင်ပွဲဝင် များ၏ လေ့ကျင့်ပြင်ဆင်နေမှုကို ကြည့်ရှုအားပေးပြီး မွန်ပြည်နယ်ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ကြမည် ဖြစ်သည့်အတွက် ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများနှင့် အညီ အကောင်းဆုံးယှဉ်ပြိုင်နိုင်ရေး မှာကြားကာ ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

လှိုင်လင်မြို့၌ ကြက်ခြေနီအသိပညာပြန့်ပွားရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

လှိုင်လင် အောက်တိုဘာ ၇

ရှမ်းပြည်နယ် (တောင်ပိုင်း) လှိုင်လင်မြို့၌ လှိုင်လင်ခရိုင် ကြက်ခြေနီကြီးကြပ်မှု ကော်မတီ က ကြီးမှူး၍ ကြက်ခြေနီ အသိပညာပြန့်ပွားရေး အလုပ်ရုံ ဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်း က ဟောမာန်ဦးခန်းမ၌ ကျင်းပ သည်။

ဦးစွာ လှိုင်လင်ခရိုင် အုပ်ချုပ် ရေးမှူး ဦးကြည်မြင့်က အမှာ စကားပြောကြားပြီး ကြက်ခြေနီ အသိပညာပြန့်ပွားရေး အလုပ်ရုံ ဆွေးနွေးပွဲ ကျင်းပရခြင်းကို လှိုင်လင်ခရိုင် ကြက်ခြေနီကြီးကြပ် မှုကော်မတီဥက္ကဋ္ဌက ရှင်းလင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ကြက်ခြေနီအကြောင်း၊ ကြက်ခြေ နီ / လခြမ်းနီ လှုပ်ရှားမှုနှင့် အခြေခံမူ ခုနစ်ချက်ကို မြန်မာ နိုင်ငံ ကြက်ခြေနီအသင်းဌာနချုပ် မှ ဒေါ်တိုးတိုးအေး၊ ကြက်ခြေနီ အမှတ်တံဆိပ် လူသားချင်းစာနာ ထောက်ထားမှုလုပ်ငန်းနှင့် ဒေသ တွင်း ကြက်ခြေနီလုပ်ငန်းများကို ဌာနချုပ်မှ ကိုယ်စားလှယ်တစ်ဦး နှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံ ခန့်ခွဲမှုဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် လူမှုဝန်ထမ်းဦးစီးဌာနမှ ခရိုင် ဦးစီးမှူးတို့က ဦးစီးဌာန၏လုပ်ငန်း ဆောင်ရွက်မှုများ ဆွေးနွေးပြော ကြားကြသည်။ ယင်းနောက် အသိ ပညာပြန့်ပွားရေး အလုပ်ရုံ ဆွေးနွေးပွဲသို့ တက်ရောက်လာကြ သူများ၊ ဌာနဆိုင်ရာများက အထွေထွေဆွေးနွေးခဲ့ကြကြောင်း သိရသည်။

လှိုင်လင်မိုး

ရေတာရှည်မြို့နယ်၌ အယ်လ်နီညိုနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာဟောပြောပွဲ ပြုလုပ်

ရေတာရှည် အောက်တိုဘာ ၇

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် မြို့တော်ခန်းမတွင် ယမန်နေ့နံနက်ပိုင်းက အယ်လ်နီညိုဖြစ်စဉ်နှင့် ရာသီဥတုပြောင်းလဲမှု ကြောင့်ဖြစ်ပေါ်နိုင်သည့် သဘာဝဘေးအန္တရာယ်များအား ကြိုတင် ကာကွယ်တားဆီးရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဟောပြောပွဲအခမ်း အနားကျင်းပသည်။

ပြောကြား

အဆိုပါအခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးကျော်မျိုးနန္ဒက အယ်လ်နီညိုဖြစ်စဉ်နှင့် ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်များကြောင့် အပူချိန်များမြင့်တက်လာပြီး မိုးရွာသွန်းမှု လျော့နည်းလာမည်ဖြစ်ကြောင်း၊ မိုးခေါင်ရေရှားပါးမှုများ ဖြစ်လာမည် ဖြစ်ကြောင်းနှင့် အပူချိန်လွန်ကဲမှုကြောင့် မီးဘေးအန္တရာယ်များ မဖြစ် ပေါ်စေရေး၊ တောမီးလောင်ခြင်းမှ ကာကွယ်ရန် မီးတားလမ်းများ ထားရှိကာ အထူးဂရုပြုကြရန်လိုအပ်ကြောင်း၊ မိမိတို့ မြို့နယ်အတွင်း သက်ကြီးရွယ်အိုများနှင့် ကလေးငယ်များအတွက် အပူရှောင်စခန်း ကိုးခု ဖွင့်လှစ်သွားရန် စီမံဆောင်ရွက်ထားကြောင်း၊ စူပါအယ်လ်နီညို ကြောင့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ ဖြစ်ပွားလာပါက ဌာနဆိုင်ရာ များ၊ NGO၊ INGO အဖွဲ့များ၊ ရပ်ကွက်/ကျေးရွာပြည်သူများ ပူးပေါင်း ဆောင်ရွက်သွားကြရန် ပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာသည့် DPLA နှင့် KNPP အမည်ခံ အဖွဲ့ဝင် ၄၈ ဦးတို့အား မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးအပ်

နေပြည်တော် အောက်တိုဘာ ၇

တပ်မတော်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို အစဉ်တစိုက် အလေးထားဆောင်ရွက်လျက်ရှိသည်နှင့်အညီ အကြမ်းဖက် ချေမှုန်းမှုစစ်ဆင်ရေး (Counter – Terrorism Operation) များတွင် အောင်မြင်မှုများရရှိကာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီ ထိန်းချုပ်ထားသည့် နယ်မြေများအား အပြီးတိုင် ပြန်လည် ထိန်းချုပ်နိုင်ခဲ့မှုများအပေါ် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် ဝမ်းသာအားရ ကြိုဆိုထောက်ခံလျက်ရှိကြပြီး စိတ်အားထက်သန်စွာ အားပေးထောက်ခံမှုများ၊ ယုံကြည်အားကိုးမှုများဖြင့် တပ်မတော်နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်လာခဲ့ခြင်းများကြောင့် လက်နက်ကိုင် အကြမ်းဖက်အဖွဲ့ဝင်များအနေဖြင့်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် နားလည်သဘောပေါက်လာကြကာ နီးစပ်ရာ နယ်မြေခံတပ်စခန်းများနှင့် လုံခြုံရေးတပ်ဖွဲ့များထံ လာရောက်သတင်းပို့ပြီး ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လျက်ရှိကြသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လျက်ရှိရာ DPLA အမည်ခံအဖွဲ့ဝင် အမျိုးသား ၄၃ ဦးနှင့် အမျိုးသမီး လေးဦး၊ KNPP အမည်ခံအဖွဲ့ဝင်အမျိုးသား တစ်ဦး စုစုပေါင်း ၄၈ ဦးတို့သည် လက်နက်/ ခဲယမ်းများနှင့် အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်ခဲ့သဖြင့် မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံခြင်းကို ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် သံလွင်ခန်းမ၌ ပြုလုပ်ရာ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ ပအိုဝ်း/ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဥပဒေဘောင် အတွင်းသို့ ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်
နိုင်ငံတော်၏သဘောထား ကိုသိရှိပြီးလက်နက်ချအလင်းဝင်
မိဘမ ပြန်လည်အပ် ခမ်းအနား
တောင်ကြီး

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားပြီး တိုင်းမှူးက အလင်းဝင်ရောက်လာသူ လူငယ်များအား အသိပညာပေး ရှင်းလင်းပြောကြားသည်။ ထို့နောက် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်က ဥပဒေအကြောင်းအရာများအား ဆွေးနွေးပြောကြားသည်။ ယင်းနောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူပါရှိလာသည့် MA–1 သေနတ် နှစ်လက်၊ AK–47 သေနတ်တစ်လက်၊ ကျည်အိမ်မျိုးစုံ ခြောက်ခု၊ လက်ပစ်ဗုံး နှစ်လုံး၊ ကျည်မျိုးစုံ ၂၅၁ တောင့်တို့ကို လွှဲပြောင်းအပ်နှံရာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူသည်။ ၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က မောင်းပြန်ရိုင်ဖယ်သုံးလက်အတွက် ငွေကျပ်သိန်း ၁၅၀၊ လက်ပစ်ဗုံး နှစ်လုံးအတွက် ငွေကျပ် ခြောက်သိန်း၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူ ၄၈ ဦးအတွက် တစ်ဦးလျှင် တစ်သိန်းနှုန်းဖြင့် ငွေကျပ် ၄၈ သိန်း စုစုပေါင်းဆုကြေးငွေကျပ် ၂၀၄ သိန်းနှင့် လက်ဆောင်ပစ္စည်းများအား ပေးအပ်ရာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများက လက်ခံရယူကြသည်။ ယင်းနောက် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူ တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက် လာကြသူများအား ခံဝန်ကတိ လက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ စနစ်တကျ ပြန်လည်လွှဲပြောင်းအပ်နှံပေးသည်။

ယနေ့ အခမ်းအနားတွင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို လက်ခံယုံကြည်လျက် ဒေသတည်ငြိမ်အေးချမ်းရေးကို အမှန်တကယ်လိုလားကြသည့် ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာကြသူများအား မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းအပ်နှံခဲ့မှု အနေဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်မှ အမျိုးသား ၂၄ ဦး၊ အမျိုးသမီး လေးဦး၊ ပင်းတယမြို့နယ်မှ အမျိုးသား ၁၂ ဦး၊ ရွာငံမြို့နယ်မှ အမျိုးသား တစ်ဦး၊ ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်မှ အမျိုးသားတစ်ဦး၊ မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်မှ အမျိုးသား တစ်ဦး၊ မကွေးတိုင်းဒေသကြီး မကွေးမြို့မှ အမျိုးသား တစ်ဦး၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်မှ အမျိုးသား တစ်ဦး၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်မှ အမျိုးသားတစ်ဦး၊ ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်မှ အမျိုးသားတစ်ဦး၊ ကယားပြည်နယ် မယ်စဲ့မြို့နယ်မှ အမျိုးသားတစ်ဦးတို့ဖြစ်ကြောင်း သိရသည်။

အဆိုပါဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် DPLA နှင့် KNPP အဖွဲ့များသည် မိသားစုဝင်ဆွေမျိုးများနှင့် အကျပ်ကိုင်၍ အတင်းအဓမ္မ စုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ် မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင် ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များ အတွင်း၌ပင် အထက်အောက် အဆင့်အတန်း ခွဲခြား၍ အချင်းချင်းဗိုလ်ကျ နှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှု ကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့ အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင် အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည် အကျိုးပြုလိုခြင်း တို့ကြောင့် လက်နက်ကိုင် လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်ခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးပြီး မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိသဖြင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည် ဝင်ရောက်ရန် ဆန္ဒရှိသူများ များစွာ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လိုသူများ အနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆို လက်ခံကာ လိုအပ်သည့် ကူညီ ထောက်ပံ့မှုများ ပေးအပ်သွားမည် ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်း များအတွက် ဆုကြေးငွေများ ထိုက်တန်စွာ ပေးအပ်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်–

င်းပြီးတော့ နောင်ချိုဒေသမှာ တာဝန်ထမ်

အမျိုးသား

၂၀၂၄ ခုနှစ် မတ်လမှာ ပင်းတယမြို့နယ် သိမ်ကုန်းကျေးရွာမှာ မိဘနဲ့အတူ နေထိုင်စဉ် DPLA အကြမ်းဖက်အဖွဲ့ရဲ့ စည်းရုံးမှုကြောင့် ကျောက်မဲမြို့နယ်ထဲမှာ သင်တန်းအမှတ်စဉ် (C–4) တက်ရောက်ခဲ့ရပါတယ်။ သင်တန်းဆင်းပြီးတော့ နောင်ချိုဒေသမှာ တာဝန်ထမ်းဆောင်ခဲ့ပြီး ကျွန်တော်တို့အနေနဲ့ DPLA အကြမ်းဖက်အဖွဲ့မှာ ဆက်နေရင် အသက်သေဆုံးနိုင်သလို မသေရင်လည်း အဖမ်းခံရနိုင်တာကြောင့် ၂၀၂၆ စက်တင်ဘာလမှာတော့ အလင်းဝင်ရောက်ခဲ့ပါတယ်။ အလင်းဝင်ရောက်တော့လည်း တပ်မတော်မှ တာဝန်ရှိသူတွေက သားသမီးလို၊ ညီအစ်ကိုလို နွေးထွေးစွာ ပြောဆိုဆက်ဆံတယ်။ ကောင်းမွန်စွာထားပြီး မိသားစုသဖွယ် စောင့်ရှောက်တဲ့အတွက် လွန်စွာဝမ်းသာကျေးဇူးတင်မိပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ အခုလို အလင်းဝင်တဲ့ လမ်းကြောင်းကို ရွေးချယ်ခဲ့တာ မှန်ကန်တယ်လို့ မြင်မိပါတယ်။ တောထဲမှာ ကျန်ရှိခဲ့တဲ့လူငယ်တွေကိုလည်း တောထဲမှာနေပြီး အကြောင်းမဲ့ အသက်သေဆုံးမယ့်အစား မိသားစုနဲ့အတူ ဘဝကို အေးချမ်းစွာ ဖြတ်သန်းနိုင်ဖို့ တပ်မတော်နဲ့ လက်တွဲကာ အလင်းဝင်ရောက်ဖို့ ဖိတ်ခေါ်ချင်ပါတယ်။

တန်းဆင်းပြီးတော့ DPLA အကြမ်းဖက်အ

အမျိုးသမီး

၂၀၂၅ ခုနှစ် ဇန်နဝါရီလမှာ အကြမ်းဖက်အဖွဲ့သို့ ဝင်ရောက်ခဲ့ပြီး ကျောက်မဲမြို့နယ်ထဲမှာ သင်တန်းအမှတ်စဉ် (A–6)အား တက်ရောက်ခဲ့ပါတယ်။ သင်တန်းဆင်းပြီးတော့ DPLA အကြမ်းဖက်အဖွဲ့ထဲမှာ အမျိုးသမီးတပ်ရင်းမှာ ထမင်းချက်လိုက် ဟင်းချက်လိုက် လုပ်ပေးခဲ့ရပါတယ်။ DPLA အကြမ်းဖက်အဖွဲ့မှာ နေရတာ ပင်ပန်းတယ်၊ ဆင်းရဲတယ်၊ မိသားစုနဲ့ ခွဲခွာနေထိုင်ရတယ်၊ လူငယ်ဘဝ အခွင့်အလမ်းတွေလည်း ဆုံးရှုံးတယ်၊ ဘယ်အချိန်သေမယ်မှန်းမသိ၊ အဲဒါကြောင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှာ ထွက်ပြေးခဲ့ပါတယ်။ အဲဒီနောက်တော့ ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၂၂ ရက်မှာ အလင်းဝင်ရောက်ခဲ့ပါတယ်။ အလင်းဝင်ရောက်တော့လည်း တပ်မတော်မှ တာဝန်ရှိသူတွေက ညီအစ်ကိုမောင်နှမလို၊ သားသမီးလို နွေးထွေးစွာပြောဆိုဆက်ဆံတယ်၊ မိသားစုသဖွယ် ဆက်ဆံတဲ့အတွက် ကျွန်မ ဝမ်းသာကျေနပ်ခဲ့ရပါတယ်။ အဲဒါကြောင့် ကျွန်မအနေနဲ့ အခုလို အလင်းဝင်ရောက်တဲ့လမ်းကြောင်းကို ရွေးချယ်ခဲ့တာ မှန်ကန်တယ်လို့ မြင်မိပါတယ်။ တောထဲမှာ ကျန်ရှိခဲ့တဲ့ လူငယ်တွေကို တောထဲမှာ နေပြီး အကြောင်းမဲ့အသက်သေဆုံးမယ့်အစား မိသားစုနဲ့အတူ ပြန်လည်နေထိုင်ပြီး ဘဝကို အေးချမ်းစွာ ဖြတ်သန်းနိုင်ဖို့ တပ်မတော်နဲ့ အတူလက်တွဲပြီး အလင်းဝင်ရောက်ခဲ့ဖို့ ဖိတ်ခေါ်ပါတယ်ရှင့်။

၁၀၀

ပြည်မြို့ပြည်သူ့ဆေးရုံကြီး၌ သန့်ရှင်းသာယာလှပရေး မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းရှင်းလင်း

ပြည် အောက်တိုဘာ ၇

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ပြည်သူ့ဆေးရုံကြီး၌ သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်နိုင်ရေးနှင့် ဆေးရုံကြီးဝင်းအတွင်း သန့်ရှင်းသပ်ရပ်သာယာလှပစေရေးအတွက် အန္တရာယ်ရှိ သစ်ပင် သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းကို ယနေ့နံနက်ပိုင်းက အစုအဖွဲ့ဖြင့် စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

ပြည်ခရိုင်နှင့် ပြည်မြို့နယ် မီးသတ်စခန်းတို့မှ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၂၀ နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၆၀ စုစုပေါင်းအင်အား ၈၀ တို့ဖြင့် ဆေးရုံဝင်းအတွင်းရှိ လူနာဆောင်များ၊ လျှပ်စစ်ဓာတ်တိုင်များနှင့် မီးကြိုးများနှင့် မလွတ်ကင်းသော သစ်ပင်အကိုင်းအခက်များ၊ လေပြင်းတိုက်ခတ်ပါက ကျိုးကျနိုင်သည့် အန္တရာယ်ရှိသော သစ်ပင်၊ သစ်ကိုင်းများကို စနစ်တကျခုတ်ထွင်ရှင်းလင်းခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆို

နေပြည်တော် အောက်တိုဘာ ၇

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေ အေးချမ်းသာယာရေး အတွက် နယ်မြေလုံခြုံရေး တာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့ရှိ နယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အေးမင်းဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံ တိုင်းရင်းသား ပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော် တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေး တာဝန်များကို မိဝေး ဖဝေး၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန် ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဂုဏ်ပြုပန်းကုံးများ၊ အောင်သပြေခက်များ ကမ်း၍လည်းကောင်း၊ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။

ယင်းနောက် တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကား ပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ ဂုဏ်ပြုနေ့လယ်စာ အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ

နေပြည်တော် အောက်တိုဘာ ၇

မြန်မာ့သမိုင်းစဉ်ကာလ တစ်လျှောက်တွင် အစဉ်အလာကြီးမားခဲ့သည့် ရှေးခေတ် မြန်မာ့တပ်မတော်၏ ဆောင်ရွက်ချက်နှင့် အထွေထွေ ဗဟုသုတများကို လေ့လာနိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲ လေ့လာနိုင်စေရန်၊ ကျောင်းပြင်ပဗဟုသုတများ ရရှိစေရန်နှင့် ကျောင်းသား ကျောင်းသူ လူငယ်များ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်လာစေရန်ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား ကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း (ကျည်တောင်ကန်)မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ရောက်ရှိကြပြီး ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများ၊ စစ်ရေယာဉ်များနှင့် တပ်မတော်လေယာဉ်များကို လေ့လာခဲ့ကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် မြန်မာ့တပ်မတော်သမိုင်း မှတ်တမ်းရုပ်ရှင်ကို စိတ်ပါဝင်စားစွာ ကြည့်ရှုကြသည်။ ယင်းနောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား မုန့်များ ပေးဝေကြသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ပြတိုက်တာဝန်ရှိသူက ပြတိုက်၏ သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ယင်းနောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ပြတိုက်အတွင်းရှိ တပ်မတော် (ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းများအလိုက် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများ အတွက် ယနေ့လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏ မေးမြန်းချက်များကို မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ကျိုက်ထိုမြို့နယ်၌ ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်

ကျိုက်ထို အောက်တိုဘာ ၇

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်အတွင်း ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် စုပေါင်းရှင်းလင်းရေးလုပ်ငန်းများကို ယမန်နေ့မွန်းလွဲပိုင်းက ကော့ထင်းကျေးရွာအုပ်စု ကံနီသီးသန့်ကွင်းရှိ ချောင်း/မြောင်းများ၌ ပြုလုပ်သည်။

ကျိုက်ထိုခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကံစောလှိုင်နှင့်အဖွဲ့ဝင်များ၊ နယ်မြေခံတပ်မှ ဗိုလ်မှူး သန့်ဇော်အောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ ပူးပေါင်းကာ မြို့နယ်အတွင်းရှိ အဓိက ရေနုတ်မြောင်းများ၊ လမ်းဘေးရေမြောင်းများအတွင်း ပိတ်ဆို့နေသည့် ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ နုန်းများဆယ်ယူခြင်း၊ အမှိုက်သရိုက်များ ရှင်းလင်းဖယ်ရှားခြင်းကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **ပြည့်ဖြိုး(ပြန်/ဆက်)**

စပါးဆယ်မျိုး နှိုင်းယှဉ်လေ့လာခြင်း ကွင်းသရုပ်ပြ

ကျုံပျော် အောက်တိုဘာ ၇

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ကျောင်းစုကျေးရွာ၌ တောင်သူများအား စပါးဆယ်မျိုး နှိုင်းယှဉ်လေ့လာခြင်း ကွင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

ဦးစွာ ကျုံပျော်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဝင်းက တောင်သူများအား အထွက်ကောင်းမျိုးနှင့် ဈေးကွက်ကောင်းသောမျိုးများ ရွေးချယ်စိုက်ပျိုးရန် ပြောကြားပြီး စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းဇော်ထိုက်က ကွင်းသရုပ်ပြပွဲ ပြုလုပ်ရခြင်းနှင့်ပတ်သက်၍ ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက တောင်သူများနှင့်အတူ ခင်းကျင်းပြသထားသော စပါးမျိုးများ၏ ဆန်ရည်ဆန်သွေးများအား စမ်းသပ်စားသုံးကြည့်ကာ မျိုး ၁၀ မျိုး ယှဉ်ပြိုင်စမ်းသပ်ကွက်သို့ ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။ **နေဝင်းမြင့်(ပြန်/ဆက်)**

လေးမျက်နှာမြို့နယ်၌ စပါးပြန်လည်စိုက်ပျိုးမည့် တောင်သူများအား ထွန်ယက်ရေးဆီ ထောက်ပံ့

လေးမျက်နှာ အောက်တိုဘာ ၇

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်၌ ငဝန်တာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ မိုးစပါးရေကြီးနစ်မြုပ်ပျက်စီးခဲ့သော ဧကများမှ ၈၁ ဒသမ ၉၂ ဧကကို ယနေ့နံနက်ပိုင်းတွင် အမှတ်(၁၅)စက်မှုလယ်ယာစခန်း၌ ထွန်ယက်ရေးဆီ ထောက်ပံ့ခဲ့သည်။

မိုးစပါးရေကြီးနစ်မြုပ်ပျက်စီးခဲ့သည့် လဟာကြီးကျေးရွာအုပ်စုရှိ တောင်သူများ ထွန်ယက်စိုက်ပျိုးရန် လိုအပ်သော ထွန်ယက်ရေးဆီများကို ဟင်္သာတခရိုင် စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးငြိမ်းသောင်းက တောင်သူများထံ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

စားအုန်းဆီအရောင်းဆိုင်များ ကြည့်ရှုစစ်ဆေး

ပေါက်ခေါင်း အောက်တိုဘာ ၇

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်၌ စားအုန်းဆီ လက်လီ/လက်ကားဖြန့်ဖြူးရောင်းချသည့် အရောင်းဆိုင်များအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခြင်းကို မြို့နယ်စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးရာတွင် ဈေးနှုန်းတည်ငြိမ်စွာဖြင့် ဝယ်ယူစားသုံးနိုင်ရေးတို့အတွက် ရည်ညွှန်းဈေးနှုန်းအတိုင်း နေ့စဉ်ဗီနိုင်းချိတ်ဆွဲရောင်းချစေရေး၊ အလေးချိန် ပြည့်မီရေးနှင့် ရည်ညွှန်းဈေးပေါ်မူတည်၍ ဈေးနှုန်းမြှင့်ရောင်းချမှုမပြုရန်နှင့် ဆီထုတ်ကိုယ်စားလှယ်က သတ်မှတ်ဈေးနှုန်းအပေါ်တွင်သာ ရောင်းချရန် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **လောမင်းကို(ပြန်/ဆက်)**

တတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၁/၂၀၂၆) အောင်မြင်စွာ ကျင်းပပြီးစီး

ပုသိမ် အောက်တိုဘာ ၇

တတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး(၁/၂၀၂၆) တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးအစိုးရအဖွဲ့မှတင်သွင်းသည့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး၏ ဘဏ္ဍာငွေ အရအသုံးခန့်မှန်းခြေငွေစာရင်း လျာထားချက်အပေါ် ဘဏ္ဍာငွေဆိုင်ရာ စိစစ်ရေးအဖွဲ့ (၁၁) ဖွဲ့နှင့် ကြံခင်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂)တို့က ဆွေးနွေးကြသည်။

ထို့နောက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေငွေစာရင်း လျာထားချက်အပေါ် တိုင်းဒေသကြီးလွှတ်တော် ပြည်သူ့ငွေစာရင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေး၊ စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာကော်မတီ၏ စိစစ်တွေ့ရှိချက် အစီရင်ခံစာကို တင်သွင်းရာ တိုင်းဒေသကြီး အစိုးရအဖွဲ့ ကိုယ်စား စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးက ပြန်လည်ရှင်းလင်းသည်။

ယင်းနောက် ကော်မတီ၏ အစီရင်ခံစာပါ ဌာန ၂၆ ခု၏ ဌာနတစ်ခုချင်းအလိုက် အရအသုံး ခန့်မှန်းခြေငွေစာရင်း လျာထားချက်များကို ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး ဝန်ကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များက သဘောတူသဖြင့် လွှတ်တော်က အတည်ပြုကြောင်းနှင့် လွှတ်တော်၏ အကြံပြုချက်များအတိုင်း တိုင်းဒေသကြီး အစိုးရအဖွဲ့က ဆက်လက် ဆောင်ရွက်ရန်ဖြစ်ကြောင်း ကြေညာသည်။

ဆက်လက်၍ တတိယအကြိမ် ဧရာဝတီ တိုင်းဒေသကြီး လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၂၆) ပထမနေ့တွင် ပြောကြားခဲ့သည့် လွှတ်တော်ဥက္ကဋ္ဌ၏ အဖွင့်အမှာစကားကို မှတ်တမ်းတင်ကြောင်းကြေညာပြီး တတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၂၆)တွင် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆောင်ရွက်ချက်များကို လွှတ်တော် ဒုတိယဥက္ကဋ္ဌက ဖတ်ကြားတင်ပြကာ တတိယအကြိမ် အထူးအစည်းအဝေး (၁/၂၀၂၆)တတိယနေ့ကို ရပ်နားလိုက်ကြောင်းနှင့် အထူးအစည်းအဝေး(၁/၂၀၂၆) အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

ရွှေဆံတော်စေတီတော်မြတ်ကြီး၏ လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ရေး အလှူငွေပေးအပ်

တွံတေး အောက်တိုဘာ ၇

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်တွင် ရေးဟောင်းသမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီး၏ လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူပူဇော်ရေး(ပထမအကြိမ်) အလှူတော်ငွေ ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရွှေဆံတော်ရင်ပြင်ရှိ ဒေါ်ပု၊ ချစ်တီး တန်ဆောင်း၌ ကျင်းပသည်။

ထို့နောက် အလှူငွေများအား ရွှေဆံတော်စေတီ ဂေါပကအဖွဲ့ထံသို့ ...

ထို့နောက် အလှူငွေများအား ရွှေဆံတော်စေတီ ဂုဏ်ထူးဆောင်နာယက ပြည်ထောင်စုဝန်ကြီး(ငြိမ်း)ဦးစိုးသာ၊လွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်နှင့် တာဝန်ရှိသူများက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီး အလှူရှင် ၂၀၀ ကျော်က အလှူတော်ငွေကျပ်သိန်းပေါင်း ၇၀၀၀ ကျော် လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

မျိုးလှိုင်(တွံတေး)

❖ ၂၀၂၆ ခုနှစ်မှ

လူရွေးပွဲ၊ အမျိုးသား(၁၀)မျိုးစုံ (၁)မီတာ-၁၀၀ အပြေးပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား/အမျိုးသမီး မီတာ-၈၀၀ အပြေးပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား (၁၀)မျိုးစုံ(၂)အလျားခုန်ပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား/ အမျိုးသမီး မီတာ-၂၀၀ အပြေးပြိုင်ပွဲ လူရွေးပွဲ၊ အမျိုးသား(၁၀)မျိုးစုံ(၄)တန်းမြင့်ခုန်ပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား/အမျိုးသမီး မီတာ-၄၀၀ တန်းကျော်ပြေးပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား (၁၀)မျိုးစုံ (၅)မီတာ-၄၀၀ အပြေးပြိုင်ပွဲ ဗိုလ်လုပွဲကိုလည်းကောင်း၊ ဇေယျာသီရိ လေ့ကျင့်ရေးကွင်းအမှတ်(၁)၌ အမျိုးသား (၁၀)မျိုးစုံ(၃)သံလုံးပစ်ပြိုင်ပွဲ ဗိုလ်လုပွဲကိုလည်းကောင်း အသီးသီးယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲများအပြီးတွင် အောက်တိုဘာ ၅ ရက်နှင့် ၆ ရက် ပြိုင်ပွဲများတွင်ဆုရရှိခဲ့သည့် အားကစားသမားများကို တာဝန်ရှိသူများက တစ်ဦးချင်း ဆုတံဆိပ်၊ ငွေသားဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

၂၀၂၆ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ပြေးခုန်ပစ်ပြိုင်ပွဲတွင် ယခင်နှစ်စံချိန်များထက် အမျိုးသမီး(၇)မျိုးစုံ(၂)တန်းမြင့်ခုန်ပြိုင်ပွဲ၌ ကာကွယ်ရေး ဦးစီးချုပ်ရုံး(လေ)ကိုယ်စားပြုအသင်းမှ ယဉ်ယဉ်စိုးသည် ၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ)ပြေးခုန်ပစ် ပြိုင်ပွဲတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းမှ နန်းဖြူပြာမြင့်၏ စံချိန် ၁ ဒသမ ၅၈ မီတာကို ကျော်လွန်ပြီး ၁ ဒသမ ၆၀ မီတာဖြင့် စံချိန်သစ်တင်နိုင်ခဲ့သည့်အပြင် ၁၉၈၅ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ)ပြေးခုန်ပစ်ပြိုင်ပွဲ အမျိုးသမီး(၇)မျိုးစုံ ပြိုင်ပွဲတွင်လည်း ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) အသင်းမှ ရာဒါဒေဝီ စံချိန်တင် ရရှိခဲ့သည့် အမှတ်ပေါင်း ၃၉၃၉ မှတ်အားကျော်လွန်၍ ယဉ်ယဉ်စိုးက ရမှတ်ပေါင်း ၄၀၈၇ မှတ်ဖြင့် စံချိန်သစ်တင်နိုင်ခဲ့သည်။ အလားတူ အမျိုးသမီး ကြိုးတပ် သံလုံးပစ်ပြိုင်ပွဲတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းမှ သွယ်သွယ်မိုးသည် ၂၀၂၄ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ)ပြေးခုန်ပစ်ပြိုင်ပွဲတွင် ၎င်းစံချိန်တင်ထားသည့် ၄၇ ဒသမ ၄၈ မီတာအား ကျော်လွန်၍ ၅၀ ဒသမ ၀၃ မီတာဖြင့် စံချိန်သစ်အားတင်နိုင်ခဲ့ကြောင်း သိရသည်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂျူဒိုပြိုင်ပွဲကို ဇေယျာသီရိတပ်မတော် အားကစားရုံ(A)၌ အမျိုးသား/ အမျိုးသမီး ကီလိုတန်းအလိုက် အတိုက်ပြိုင်ပွဲများ အသီးသီး ယှဉ်ပြိုင်ကစားကြပြီး ပြိုင်ပွဲများတွင်ဆုရရှိခဲ့သည့် အားကစားသမားများကို တာဝန်ရှိသူများက တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသား/အမျိုးသမီးဘော်လီဘောပြိုင်ပွဲကို ဇေယျာသီရိ တပ်မတော် အားကစားရုံ(B)၌ အမျိုးသား / အမျိုးသမီးကွာတားအဆင့် ပတ်လည်ပြိုင်ပွဲများကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ (၃၃)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မြန်မာ့သိုင်းပြိုင်ပွဲကို ဇေယျာသီရိတပ်မတော်အားကစားရုံ(C)၌ အမျိုးသားဗန်တိုအတိုက်(က)တန်း၊ အမျိုးသား ဗန်တိုအတိုက်(ခ)တန်း၊ ၅၅-၆၀ ကီလိုတန်း အမျိုးသမီးပန်ကြပ်ဆီလပ် အတိုက်ပြိုင်ပွဲ၊ ၄၅-၅၀ ကီလိုတန်း အမျိုးသမီးပန်ကြပ်ဆီလပ် အတိုက်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်များ၊ အမျိုးသားဓားနှစ်လက် အတိုက်(က)တန်း အကြိုဗိုလ်လုပွဲစဉ်များ၊ အမျိုးသားဓားနှစ်လက် အတိုက်(ခ)တန်း အကြိုဗိုလ်လုပွဲစဉ်များ၊ အမျိုးသား ဓားတစ်လက် အတိုက်(က)တန်းအတိုက်ပြိုင်ပွဲအကြိုဗိုလ်လုပွဲစဉ်များ၊ အမျိုးသားဓားတစ်လက် အတိုက် (ခ)တန်းအတိုက်ပြိုင်ပွဲအကြိုဗိုလ်လုပွဲစဉ်များ၊ အမျိုးသမီး ဓားတစ်လက်အတိုက်ပြိုင်ပွဲများ၊ အမျိုးသားတစ်ကိုယ်တော် တုတ်ရှည်သိုင်းစွမ်းရည်ပြပြိုင်ပွဲများ၊ အမျိုးသမီးနှစ်ယောက် အတွဲတိုက်စွမ်းရည်ပြပြိုင်ပွဲများကိုလည်းကောင်း အသီးသီးယှဉ်ပြိုင်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ပိုက်ကျော်ခြင်းပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ စံပယ်အားကစားရုံ၌ အလွတ်တန်း (၄)ယောက်တွဲ အဖွဲ့လိုက် အုပ်စုပွဲစဉ်များကိုလည်းကောင်း၊ (၅၆)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်းတပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ဝှေ့ပြိုင်ပွဲကို နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၊ တပ်နယ်အားကစားခန်းမ၌ ကီလိုတန်းအလိုက် လူသစ်တန်း၊ အလွတ်တန်းနှင့် (က)အဆင့်အကြိုဗိုလ်လုပွဲစဉ်များကိုလည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားကြသည်။

ထို့အတူ ၂၀၂၆ ခုနှစ် (၆၃)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အလွတ်တန်းအဆင့် ဘောလုံးပြိုင်ပွဲကို ညနေပိုင်းတွင် ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်အဖြစ် ဇေယျာသီရိ တပ်မတော်အားကစားကွင်း၌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းနှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက် နှစ်ဂိုးစီ သရေရလဒ်ဖြင့်လည်းကောင်း၊ ဇေယျာသီရိ လေ့ကျင့်ရေးကွင်းအမှတ်(၁)၌ နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြုအသင်းကို သုံးဂိုး- တစ်ဂိုးဖြင့် လည်းကောင်း အနိုင်ရရှိခဲ့ပြီး အောက်တိုဘာ ၁၀ ရက်နေ့တွင် ပထမအကြိုဗိုလ်လုပွဲအဖြစ် နေပြည်တော်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး အောက်တိုဘာ ၁၁ ရက်တွင် ဒုတိယအကြိုဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းတို့သည် ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အားကစားပြိုင်ပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

ဟုမ္မလင်းမြို့၌ လူထုကျန်းမာရေးလုပ်သား သင်တန်းဖွင့်

ဟုမ္မလင်း အောက်တိုဘာ ၇

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက လူထုကျန်းမာရေးလုပ်သား (အကျဉ်းချုံး)သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်ပြည်သူ့ကျန်းမာရေး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဟိန်းကျော်က အမှာစကားပြောကြားပြီး ဟုမ္မလင်းမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံအုပ် ဒေါက်တာနေဝင်းထွန်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ပြောကြားသည်။

သင်တန်းကို ဟုမ္မလင်းမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံအုပ် ဒေါက်တာနေဝင်းထွန်းနှင့် ကျန်းမာရေးဝန်ထမ်းသင်တန်းနည်းပြကိုးဦးနှင့် ကျေးရွာများမှ လူထုကျန်းမာရေးလုပ်သား သင်တန်းသားသင်တန်းသူ ၂၅၈ ဦး တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

ဟုမ္မလင်း(ပြန်/ဆက်)



✻ အိန္ဒိယမှ

မြန်မာအသင်းသည် အိန္ဒိယအသင်းနှင့် ပထမခြေစမ်းပွဲတွင် တစ်ဂိုးစီ သရေကျခဲ့သော်လည်း ယခုဒုတိယခြေစမ်းပွဲတွင် ကစားပုံလိုအပ်ချက်များနှင့်အတူ အမှားများခဲ့ပြီး ဂိုးပြတ်အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ အိန္ဒိယအသင်းက ပွဲစကတည်းက ဖိကစားနိုင်ခဲ့ပြီး ဂိုးပြတ်ရလဒ် ဖော်ဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာ ယူ-၁၇ အသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ ပြုလုပ်ခဲ့သော်လည်း အမာခံကစားသမားအများစုဖြင့် ပွဲထွက်ခဲ့သည်။ ပွဲစကတည်းက အိန္ဒိယအသင်းက ပိုဖိအားပေးနိုင်ခဲ့ပြီး မြန်မာအသင်းက မိနစ် ၂၀ နောက်ပိုင်းမှသာ အပြန်အလှန်ကစားနိုင်ခဲ့သည်။ နှစ်သင်းစလုံး အဆုံးသတ်အားနည်းသဖြင့် ဂိုးမရဘဲ မိနစ် ၄၀ တွင် ဂန်တီက အိန္ဒိယအသင်းအတွက် အဖွင့်ဂိုးသွင်းယူကာ ပထမပိုင်းအပြီးတွင် တစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။ ၅၃ မိနစ်တွင် မြန်မာနောက်ခံလူ ကြည်သာ အိန္ဒိယ တိုက်စစ်ကို ဖျက်ထုတ်ရာမှ ကိုယ့်ဂိုးကိုယ်သွင်းမိသဖြင့် အိန္ဒိယအသင်း ဒုတိယဂိုးရခဲ့ပြီး ခြောက်မိနစ်အကြာတွင် ဒိုနာဂျယ်က အဝေးကန်ချက်ဖြင့် တတိယဂိုးသွင်းယူခဲ့သည်။ အိန္ဒိယအသင်းအတွက် နောက်ဆုံးဂိုးကို ၇၂ မိနစ်တွင် ဟီရီရှိကက်ရှ်က သွင်းယူခဲ့သည်။ ပွဲပြီးခါနီးတွင် မြန်မာဂိုးသမား စောအောင်ကျော်ဖြိုး ပင်နယ်တီဧရိယာစည်းအပြင် ထွက်ပြီး ဖျက်ထုတ်ပုံ ကြမ်းသဖြင့် အနီကတ်ဖြင့် ထုတ်ပယ်ခံရသည်။

မြန်မာအသင်းနှင့် အိန္ဒိယအသင်းသည် ခြေစမ်းပွဲနှစ်ပွဲကစားရာ အိန္ဒိယအသင်းက တစ်ပွဲနိုင်၊ တစ်ပွဲသရေကျခဲ့သည်။ မြန်မာအသင်းသည် ယခုခြေစမ်းပွဲများတွင် ကစားပုံမကောင်းဘဲ လိုအပ်ချက်များရှိနေသဖြင့် ခြေစစ်ပွဲမတိုင်မီပြင်ဆင်နိုင်ရန် လိုအပ်နေသည်။ **သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF**

❍ စပိန်အသင်းမှ

အင်္ဂလန်အသင်းကတော့ ချက်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရပြီး အင်္ဂလန်အသင်းက သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အင်္ဂလန်အသင်းဟာ ယူအီးအက်ဖ်အေနေးရှင်းလိဂ်အုပ်စုအဆင့်ပွဲစဉ်လေးပွဲယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ်ကိုးမှတ်စုဆောင်းနိုင်ခဲ့လို့ ကွာတားဖိုင်နယ်တက်လှမ်းဖို့ နီးစပ်လာခဲ့ပြီလည်းဖြစ်ပါတယ်။

အခုပွဲစဉ်မှာ အင်္ဂလန်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူးဟယ်ရီကိန်းဟာ အင်္ဂလန်အသင်းနဲ့အတူ ပါဝင်ကစားခဲ့တဲ့ နိုင်ငံတကာပွဲစဉ်စုစုပေါင်း ၁၂၅ ပွဲအထိရှိသွားပြီလည်း ဖြစ်ပါတယ်။ **ငွေကြယ်**

ထာဝရကုသိုလ်ရယူဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ သုနန္ဒာလမ်း၊ မြေကွက်အမှတ်(၁၁၂၅)၊ မြေအကျယ်အဝန်း(၄၀ပေ × ၆၀ပေ)၊ ဧရိယာ(၂၄၀၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု မြေယာဌာနတွင် ဒေါ်မြမြ(၁၂/စခန(နိုင်)၀၃၆၂၈၉)အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန်စကားကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက်အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။သို့ဖြစ်ပါ၍ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက် အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးတိုးဝေနိုင် (LL.B) — အထက်တန်းရှေ့နေ (စဉ်-၅၅၉၁၃)

ဒေါ်ဥဩခင်(ခ)ဥမ္မာသိန်း(LL.B) — အထက်တန်းရှေ့နေ (စဉ်-၅၃၈၇၈)

အမှတ်(၁၃၁)၊ မြရတနာ(၇)လမ်း၊ (ခ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၉-၄၂၈၀၂၂၃၈၄၊ ၀၉-၄၂၆၈၇၆၆၆၀၊ ၀၉-၇၆၉၈၂၃၄၁၇၊ ၀၉-၄၄၅၆၅၉၀၁၇

ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ မြေကွက်အမှတ်(၁၃၅)၊ ဟုခေါ်တွင်သော အမှတ်(၁၃၅)၊ မင်းမဟော်လမ်း၊ လမုတန်းရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့တွင်တည်ရှိသော မြေအကျယ်အဝန်း(၂၅ပေ × ၅၀ပေ)ရှိနှစ်(၆၀)မြေငှားဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ (၃)ထပ်ခွဲတိုက်အဆောက်အဦမှ တိုက်ကိုမျက်နှာမူလျှင်(ညာဘက်ခြမ်း)၊ (ခေါင်းရင်းခြမ်း)၊ ပထမထပ်၊ အကျယ်အဝန်း(၁၂ပေ × ၅၀ပေ)ရှိ တိုက်ခန်း(၁)ခန်းနှင့်ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကန်ထရိုက်တာထံမှ ဒေါ်တင်တင်စိန်(၁၂/ရကန(နိုင်)၀၅၅၀၆၅)သည် နှစ်ဦးသဘောတူတိုက်ခန်းအဆင့်ဆင့်အရောင်းအဝယ်ကတိစာချုပ် များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့်လွှတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်တို့၏မိတ်ဆွေထံသို့အပြီးအပိုင်လွှဲပြောင်း ရောင်းချရန်စကားကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူကအပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကိုစရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။သို့ဖြစ်ပါ၍ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်စုမြတ်မောင် (LL.B) — တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၅၅၄)

ဒေါ်ကေကေနိုင် (LL.B) — အထက်တန်းရှေ့နေ (စဉ်-၅၃၃၄၄)

အမှတ်(၁၃၁)၊ မြရတနာ(၇)လမ်း၊ (ခ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၉-၄၂၈၀၂၂၃၈၄၊ ၀၉-၄၂၆၈၇၆၆၆၀၊ ၀၉-၇၆၉၈၂၃၄၁၇၊ ၀၉-၄၄၅၆၅၉၀၁၇

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၊ 73W/24042 အမျိုးအမည်၊ Honda Click-150 အမျိုးအစား၊ M/C ယာဉ်လက်ဝယ်ရှိသူအမည် ဦးစိန်မင်း မှတ်ပုံတင်အမှတ် [၅/ဘတလ(နိုင်)၀၆၄၈၃၈]မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည် -

က.ည.န၊ တိုင်းဒေသကြီး
ဦးစီးမှူးရုံး၊ မုံရွာ

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၊ 72W/86455 အမျိုးအမည်၊ Zong Shen-110 အမျိုးအစား၊ M/C ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်ညဏ်ညွှန့်ကြည် မှတ်ပုံတင်အမှတ် [၅/မရန(နိုင်)၂၀၈၈၂၅]မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်-

က.ည.န၊ တိုင်းဒေသကြီး
ဦးစီးမှူးရုံး၊ မုံရွာ

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၊ 67W/44917 အမျိုးအမည်၊ Honda Scoopyi အမျိုးအစား၊ M/C ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်ခင်မျိုးမျိုးအောင် မှတ်ပုံတင်အမှတ် [၅/မရန(နိုင်)၃၂၅၉၉၃]မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်-

က.ည.န၊ တိုင်းဒေသကြီး
ဦးစီးမှူးရုံး၊ မုံရွာ။

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်း ဒေသကြီး၊ မုံရွာမြို့၊ ရုံးကြီးရပ်ကွက်၊ နယ်မြေ(၁၃)နေ မောင်တင့်ဝေနိုင် [၇/ကဝန(နိုင်)၂၂၅၂၈၇]၏ ဖခင်အမည်မှန်မှာ ဦးဆန်းဦး [၇/ကဝန(နိုင်)၀၃၅၅၇၈] ဖြစ်ပါကြောင်း။

ဦးဆန်းဦး

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး ၊မြောက်ဥက္ကလာပမြို့နယ်၊ (ဂ)ရပ်ကွက်၊ နီလာ(၂)လမ်း၊ အမှတ်-၃၅၈ မြေဧရိယာ (၄၀ပေ x ၆၀ပေ)ပေါ်ရှိ နှစ်(၆၀)ဂရန်မြေပေါ်တွင် ဆောက်လုပ်ထားသည့် နှစ်ခန်းတွဲ (၆)ထပ်အဆောက်အဦ၏ ၅-လွှာ (ယာဘက်ခြမ်း)၊ အကျယ်အဝန်း (၁၇ပေx၅၄ပေ)ရှိတိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဝယ်ယူပိုင်ဆိုင်ထားသည့် ဒေါ်အိအိမွန် [၁၂/ကမရ(နိုင်) ၀၅၂၅၉]က တရားဝင်အကျိုးခံစားခွင့်ရှိကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံ၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ခင်အေးအေးကျော် [၁၂/မရက(နိုင်)၁၃၀၂၄၀]မှ အပြီးအပိုင်ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုး၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါတိုက်ခန်းအား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှ (၁၀)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများယူဆောင်လာပြီး ကျွန်ုပ်ထံသို့လာ ရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်အိမွန်သော် (LL.B, LL.M) — **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၃၇၀)**

ဒေါ်ဖြူစံပယ်သင်း (LL.B, LL.M) — **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၃၂၉)**

အမှတ်-၁၂၉၊ ရွှေယင်းမာလမ်း၊ ၁၃-ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ၀၉-၇၉၉၂၉၈၂၈၇၊ ၀၉-၅၀၂၁၃၂၃

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၊ ၇၇ယ/၆၉၅၅၁ အမျိုးအမည်၊ Honda Scoopyi-110 အမျိုးအစား၊ M/C ယာဉ်လက်ဝယ်ရှိသူအမည် ဦးချမ်းသာ မှတ်ပုံတင်အမှတ် [၅/ခဥတ(နိုင်)၀၇၂၇၁၆]မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်-

က.ည.န၊ တိုင်းဒေသကြီး
ဦးစီးမှူးရုံး၊ မုံရွာ။

ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးလျှောက်ထားခြင်း

ယာဉ်အမှတ်၊ 1L/8909 အမျိုးအမည်၊ Mazda Bongo SKF 2T အမျိုးအစား၊ P/U (4x2)(R) ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်ကြွယ်ကြွယ်လင်း မှတ်ပုံတင်အမှတ် [၅/ခဥတ(နိုင်)၀၇၃၅၂၇]မှ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်-

က.ည.န၊ တိုင်းဒေသကြီး
ဦးစီးမှူးရုံး၊ မုံရွာ။

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၅၆)၊ မင်းရဲကျော်စွာ(၃)လမ်း၊ မြေကွက်အမှတ်(၇၇၆/ခ)ဟုခေါ်တွင်သော အကျယ်အဝန်း (၂၀ ပေ x ၆၀ ပေ)အနက်မှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်အမှတ်(၇၇၅)နှင့် ကပ်လျက်အခြမ်း အကျယ်အဝန်း (၁၀ ပေ x ၆၀ပေ) ခြေရင်းခြမ်းရှိ ပါမစ်မိတ္တူ အိမ်ခြံမြေနှင့်ပတ်သက်၍ အရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာချက်

အထက်ဖော်ပြပါလိပ်စာရှိ အိမ်ခြံမြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့မြေစာရင်းတွင် ဦးစိန်ဦး [၇/ကဝန(နိုင်)၀၅၈၉၆၃]အမည်ဖြင့်တည်ရှိသော ပါမစ်မြေအမျိုးအစားဖြစ်ပြီး ဒေါ်ခင်ငြိမ်းထွေး[၅/ပလန(နိုင်)၀၈၁၂၆၄]မှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ပိုင်ဆိုင်ခွင့်ရှိသူမှာ လည်းမိမိတစ်ဦးတည်းဖြစ်ကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကြောင်း မည်သူ့ကိုမျှ ကြိုတင်လွှဲပြောင်းရောင်းချထားခြင်းတို့ မရှိပါကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စုစုပိုင် [၁၂/ဥကတ(နိုင်)၁၆၁၈၇၄]မှ (၆-၁၀-၂၀၂၆)ရက်စွဲဖြင့် အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှ စ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်စုစုပိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ**

ဒေါ်ခင်ဝါဝါလွင် တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၃၈၉)
အမှတ်(၄၀)၊ မာလာမြိုင်(၇)လမ်း၊ ၁၆-ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း - ၀၉-၄၅၂၄၂၄၈၂၂

ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်၊ အကွက်အမှတ်(၃၅၁)၊ ဦးပိုင်အမှတ်(၃-စ)၊ စိတ္တသုခလမ်း၊ စိန်ပန်းလမ်းမကြီးx မဟာစည်ရိပ်သာလမ်းကြားရှိ ဒေါ်ဂျမ်း၊ ဒေါ်အေး အမည်ပေါက် ဘိုးဘ မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၃၈၀၁/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သူ ဒေါ်အမာ၏ (GP ရရှိသူ ဒေါ်ထက်ထက်ရီ)ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၂၁၁/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးသော်လွင်ကျော် [၉/ခအဇ(နိုင်) ၀၁၇၃၉၇]က အမှုတွဲအမှတ်(၀၁၈၂/ဘ(ပြောင်း)/၂၀၂၆-၂၀၂၇)ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၉၊ မြေကွက်အမှတ်-၁၁၉၇၊ မြေကွက်တည်နေရာအမှတ်(၁၁၉၇)၊ စိန်ချယ်လမ်း၊ (၄၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) ဦးသင်းအောင်(RGN-၀၂၀၈၃၈) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးသင်းအောင် (ခင်ပွန်း)ကွယ်လွန်သဖြင့် ဒေါ်ချိုချိုဝင်း [၁၂/ သဃက(နိုင်)၀၀၆၈၆၁]မှ တရားဝင်ဇနီးမယားတော်စပ်ကြောင်း၊ ၎င်းမှလွဲ၍ အခြားသော ဇနီးမယား တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ခင်ပွန်းကွယ်လွန်ပြီးနောက် အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကျန်ရစ်သူ တစ်ဦးတည်းသောဇနီးဖြစ်သူ မိမိကသာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းနှင့် ၎င်းမှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဦးသင်းအောင်သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်၊ နိုင်ကတ်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းမြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပြည်လမ်းနှင့် ကျွန်းတောလမ်းကြား၊ မြေတိုင်းရပ်ကွက် အမှတ်(၃၇-G)၊ မြေကွက်အမှတ်(၁F(က)/၁A+၁G(ခ)A+၁D(၃)A+(၁F(က)/B+၁G(ခ)B)+၁D(၃)B)၊ Crystal Residence ဟုခေါ်တွင်သော မြေကွက်ပေါ်ရှိ (၁၉)လွှာ၊ အခန်းအမှတ်(၁၉-၀၇)၊ အကျယ်အဝန်း(၉၅၉)စတုရန်းပေရှိသော ကွန်ဒိုတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူ ဦးကျော်မိုးနိုင်[၁၂/အလန(နိုင်)၀၀၁၀၁၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဇေယျာလင်း[၉/ပဥလ(နိုင်)၀၁၇၄၁၀]က ဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်မိုးခင်အိ(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၁၅၁)
အမှတ်(၃၇)၊ ပွဲစားလမ်း၊ အိုးဘိုရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၄၄၃၀၇၁၁၄၈

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ ကင်းဝန်လမ်း၊ အမှတ်(၁၁၄၄)မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၆)ထပ်တိုက်၏ စတုတ္ထထပ် (၅-လွှာ) ခြေရင်းခန်း [ကင်းဝန်(၂)လမ်းဘက်]၊ အကျယ်အဝန်း(၁၇x၅၄)ပေရှိ တိုက်ခန်း(၁)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မူလပိုင်ဆိုင်သူ ကန်ထရိုက်တာထံမှ အရောင်းအဝယ် စာချုပ်စာတမ်းဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးသက်ဝင်းနိုင် [၁၂/တမန(နိုင်)၀၉၂၅၀၀]က မိမိသာလျှင်ပိုင်ဆိုင်၍ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ စီမံခန့်ခွဲလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် ကျွန်မ ဒေါ်တင်တင်လှ [၁၂/ဥကတ(နိုင်)၀၄၁၇၇၅]က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်မထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်တင်တင်လှ [၁၂/ဥကတ(နိုင်)၀၄၁၇၇၅]
အမှတ်(၆၉၅)၊ ရွှေဥဒေါင်း(၂)လမ်း၊ (၄၂)ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၇၉၂၅၆၃၉၀၀

ကန့်ကွက်နိုင်ပါကြောင်း အများသိရှိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဇာနည်(၁၁)လမ်း၊ အမှတ်(၅၉၃) ပေါ်တွင်ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ (၆)ထပ်တိုက်မှ (၆)လွှာ A5၊ ခန့်မှန်းဧရိယာ (၁၇ ပေx၅၄ ပေ)ခန့်ရှိ ရေမီးအပြည့်အစုံအပါအဝင် တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည့် ဒေါ်အိသဥ္ဇာကျော် [၁၂/ဥကတ(နိုင်)၁၇၅၇၁၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အိသက်နှင်း [၁၂/အလန(နိုင်)၀၃၈၇၉၅]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသည့် မူရင်းစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်ဝါဝါနွယ် (LL.B, DBL) တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၇၆၈၁)
အမှတ် (၁၃၈)၊ သုမင်္ဂလာလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၀၀၄၀၆၈၈၆

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်၊ (၂၀) ရပ်ကွက်၊ အောင်သိဒ္ဓိ-၁ လမ်း၊ အမှတ်(၂၄၈/ခ) နေ ဦးခင်ဝင်း မှတ်ပုံတင်အမှတ် [၁၂/အလန(နိုင်)၀၁၄၂၈၅]၏သား မောင်မြတ်ဝင်းခန့် မှတ်ပုံတင်အမှတ် [၁၂/ဒဂတ(နိုင်) ၁၀၅၈၂၂]အား ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်း ကြေညာအပ်ပါသည်။ **ဖခင်-ဦးခင်ဝင်း**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်မြို့မဈေး၊ RC ဆိုင်ခန်းအမှတ်(န-၅၃) ဆိုင်ခန်း(၁)ခန်းအား နေပြည်တော်၊ မင်္ဂလာသိဒ္ဓိရပ်ကွက်၊ တိုက်(၂၀၁)၊ အခန်း(၃၂)နေ ဦးမင်းမောင်[၁၂/ကမရ(နိုင်)၀၃၃၃၈၃]အမည်ပေါက်ပိုင်ဆိုင်ပြီး နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ အမှတ်(၂၃၁၇)နေ ဦးကျောင်တယ်(ခ)ဦးအောင်ဝင်း [၁၃/လရန(နိုင်)၂၁၇၂၉၅] အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်နေ့မှ (၁၄)ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဈေးများဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ရန်ကုန်ပညာရေးတက္ကသိုလ် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန ဘွဲ့လွန်အင်္ဂလိပ်စာဒီပလိုမာသင်တန်း [Postgraduate Diploma in English (PGDip.Eng)] သင်တန်းအပတ်စဉ်(၁၁) ဖွင့်လှစ်မည့်အစီအစဉ် ကြေညာချက်

ရန်ကုန်ပညာရေးတက္ကသိုလ် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအစီအစဉ်ဖြင့် အင်္ဂလိပ်စာဌာနမှ ဦးစီးဖွင့်လှစ်မည့် ဘွဲ့လွန်အင်္ဂလိပ်စာဒီပလိုမာ [Postgraduate Diploma in English (PGDip.Eng)] သင်တန်းအပတ်စဉ်(၁၁)ကို အောက်ပါအစီအစဉ်အတိုင်း ဖွင့်လှစ်မည်ဖြစ်ပါသဖြင့် စိတ်ဝင်စားသူများ Online မှ သင်တန်းလျှောက်လွှာတင်နိုင်ပါသည်-

သင်တန်းအမည်
- ဘွဲ့လွန်အင်္ဂလိပ်စာဒီပလိုမာ [Postgraduate Diploma in English (PGDip.Eng)]

အရည်အချင်းသတ်မှတ်ချက်
- အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။ အစိုးရဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာန အကြီးအကဲ/ဌာနမှူး/ကျောင်းအုပ်ကြီး၏ခွင့်ပြုချက် ပါရှိရမည်။ (ပညာရေးဝန်ကြီးဌာနရှိ ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများ ဦးစားပေးမည်။)

အသက်ကန့်သတ်ချက်
- (၆၀)နှစ်အောက်

သင်ကြားမည့်နေရာ
- ရန်ကုန်ပညာရေးတက္ကသိုလ်

သင်ကြားပို့ချမည့်အချိန်
- တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ [နံနက်(၇:၀၀)နာရီမှ (၉:၀၀) နာရီထိ] (သို့မဟုတ်) စနေ၊ တနင်္ဂနွေ [နံနက်(၉:၀၀) နာရီမှ (၁၂:၀၀)နာရီထိ]
  စနေ၊ တနင်္ဂနွေ [မွန်းလွဲ(၁:၀၀)နာရီမှ (၄:၀၀)နာရီထိ]

သင်တန်းကာလ
- သင်တန်းကာလကို Level (၅)ခု သတ်မှတ်ထားပါသည်။
  1. Elementary Level
  2. Pre-Intermediate Level
  3. Intermediate Level
  4. Upper Intermediate Level
  5. Advanced Level

  (Level တစ်ခုလျှင် 10 weeks ကြာမည်ဖြစ်ပါသည်။)

ပေးအပ်မည့်ဘွဲ့
- ဘွဲ့လွန်အင်္ဂလိပ်စာဒီပလိုမာ [Postgraduate Diploma in English (PGDip.Eng)]

Online ဖြင့် သင်တန်းလျှောက်လွှာတင်ရမည့် link နှင့် နေ့၊ ရက်၊ အချိန်
- lms.yuoe.edu.mm (၁၂-၁၀-၂၀၂၆)ရက် (တနင်္လာနေ့) [နံနက်(၉:၀၀)နာရီမှ သတ်မှတ်ဦးရေပြည့်သည်အထိ]

လျှောက်လွှာပုံစံစစ်ဆေးရန်နှင့် သင်တန်းကြေးလက်ခံမည့် နေ့၊ ရက်နှင့်နေရာ
- (၁၄-၁၀-၂၀၂၆) ရက် (ဗုဒ္ဓဟူးနေ့) သင်တန်းရေးရာဌာန၊ ရန်ကုန်ပညာရေးတက္ကသိုလ်

သင်တန်းစတင်ဖွင့်လှစ်မည့်ရက်
- (၁၇-၁၀-၂၀၂၆)ရက် (စနေနေ့)

စုံစမ်းရန်
- ရန်ကုန်ပညာရေးတက္ကသိုလ် Website: www.yuoe.edu.mm နှင့် သင်တန်းရေးရာဌာန၊ ရန်ကုန်ပညာရေးတက္ကသိုလ်

ဌာနမှူး(သင်တန်းရေးရာ)
ရန်ကုန်ပညာရေးတက္ကသိုလ်

အမည်ပြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ အားမာန်ကိုယ်ပိုင်အထက်တန်းကျောင်း Grade(2) မှ (ဘ)ဦးတင်မိုးဝင်း[၈/ရစက(နိုင်)၁၈၅၄၁၂]၏ သား မောင်ဘုန်းမြတ်သော်ဇင်မိုးအား မောင်သတိုးသန့်ဟု အမည်ပြောင်းလဲခေါ်ပါရန်။

မောင်သတိုးသန့်

တစ်ဦးတည်း ဖြစ်ပါကြောင်း

လားရှိုးမြို့၊ ရက်ကွက်(၉)၊ နယ်မြေ(၇)နေ မဆုလာဘ်မောင်၏ ဖခင် ဦးမောင်အောင်(ခ)ဦးမောင်မောင်အောင်[၉/အမရ(နိုင်)၀၀၁၆၃၄]မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးမောင်အောင်(ခ)
ဦးမောင်မောင်အောင်

ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာမြောက်ရပ်ကွက်၊ အကွက်အမှတ်(၆၄၄)၊ ဦးပိုင်အမှတ်(၇+၈)အတွင်းမှ (၈)ခဲစင်း၊ ၃၅လမ်း၊ ၇၈x၇၉လမ်းကြားရှိ ဦးချို၊ ဒေါ်သက်ရှေ့(ခ)သက်ရှိတို့ အမည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၁၄၇၆/၂၀၀၅)ဖြင့် အမွေဆက်ခံခဲ့သော ဦးကျော်ကျော်၊ ဦးဝင်းတို့ (၂)ဦးအနက် ဦးကျော်ကျော်ထံမှ စွန့်လွှတ်စာချုပ်အမှတ်(၁၇၇၆/၂၀၁၀)ဖြင့် လက်ခံခဲ့သူ ဦးဝင်းထံမှ အမွေဆက်ခံစာချုပ်အမှတ်(၁၃၉၅/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သော ဦးသစ်လွင်၊ ဒေါ်သီဂီဝင်း၊ ဒေါ်သန္တာဝင်းတို့ (၃)ဦးအနက် ဦးသစ်လွင်ပါ (၂)ဦးထံမှ စွန့်လွှတ်စာချုပ်အမှတ်(၂၃၆၉/၂၀၂၅)ဖြင့် လက်ခံခဲ့သူ ဒေါ်သီဂီဝင်း[၉/မရတ(နိုင်)၀၅၈၀၉၈]က အမှုတွဲအမှတ်(၀၁၇၈/ဘ(ခွဲ)ပြောင်း/၂၀၂၆-၂၀၂၇)ဖြင့် ဘိုးဘ၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

"ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (၂၉)ရပ်ကွက်၊ ပိတောက်ဝါလမ်း၊ အမှတ်(၄၇-၂)၊ အကျယ်အဝန်း(၁၂ ½ ပေx၄၀ပေ)ရှိ မြေကွက်နှင့် ထိုမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နန္ဒာအောင်[၉/မလန(နိုင်)၁၆၉၃၉၁]က ဝယ်ယူရန် ရောင်းဖိုးငွေ၏ တချို့တစ်ဝက်ကို ပေးချေပြီးဖြစ်ရာ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ကေသီထိုက်
အထက်တန်းရှေ့နေ (စဉ်-၄၅၀၈၈)
အမှတ်(၂၇/၂၉)၊ ဒုတိယထပ်၊ ၃၅-လမ်းအောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၉-၇၉၅၄၁၄၁၄၈

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ ဆန်စက်လမ်းနှင့် ဖန်ချက်လမ်းကြား၊ အမှတ်(၈၉၅)၊ မုဒိတာအိမ်ရာ(၂)၊ တိုက်အမှတ်(2A)၊အခန်းအမှတ်(2A-166)၊ မြေညီထပ်၊ (၆၀၀)စတုရန်းပေရှိတိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်၍ တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဒေါ်သီတာဝင်း[၈/ပခက(နိုင်)၃၀၂၂၄၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝတ်ရည်ဖူး[၁၂/ဥကမ(နိုင်)၂၁၂၅၀၅]၊ ဦးညီဖြိုးဝေ[၁၂/ဥကမ(နိုင်)၂၆၀၅၄၂]တို့က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် တိုက်ခန်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော တရားဝင်စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့သတင်းစာကြေညာသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးဉာဏ်မင်းထက်(LL.B,DIPL,DBL,PGDB) ဒေါ်ယုဇန်ကို(LL.B,DBL,PGDB)
အထက်တန်းရှေ့နေ(စဉ်-၅၂၃၁၂) အထက်တန်းရှေ့နေ(စဉ်-၅၂၇၄၆)
အမှတ်(၂၈၀/က)၊ ညီညွတ်ရေးလမ်း၊ (၃၈)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။
ဖုန်း-၀၉-၉၇၇၁၂၈၁၃၈၊ ၀၉-၄၂၀၀၉၉၄၆၄

ကန့်ကွက်နိုင်ပါကြောင်းနှင့်အများသိစေရန်ကြေညာခြင်း

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ပလိုင်ဝမ်းကျေးရွာ၊ (၆)လမ်း၊ အကွက်အမှတ်(၄)ရှိ မျက်နှာဝ(၄၃ပေx၄၆ပေ)အနောက် (၅၇ပေx၅၀ပေ)နှင့် ကြားလမ်း(၁၅)ပေ အပါအဝင် အကျယ်အဝန်းရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အား ရောင်းချသူ မြေရှင်ဖြစ်သော ဒေါ်နီနီအေး[၁၀/မလမ(နိုင်)၂၃၉၇၈]က လက်ရှိပိုင်ဆိုင်ကာအရှုပ်အရှင်းကင်းကြောင်း ဝန်ခံသဖြင့် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေက စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဇင်မင်းနောင်နောင်[၁၀/မလမ(နိုင်)၂၀၃၇၈၅]၏
လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်မြတ်သူ (LL.B, LL.M, PhD)
အထက်တန်းရှေ့နေ(စဉ်-၄၆၃၈၈)
အမှတ်(၉၁၃)၊ ဟင်သာမွန်(၄)လမ်း၊ မြို့မ(၁)၊ လမိုင်းမြို့၊ ရေးခရိုင်၊ မွန်ပြည်နယ်။
ဖုန်း-၀၉-၈၈၉၀၀၃၅၀၀

(၄-၁၀-၂၀၂၆) ရက်နေ့ ကြေးမုံသတင်းစာပါ ဦးခင်မောင်ချို၏ ကန့်ကွက်ကြောင်း ကြေညာချက် အပေါ် ဦးခင်မောင်ချိုနှင့် အများသိစေရန် ပြန်လည် ရှင်းလင်းကြေညာခြင်း

ဦးခင်မောင်ချို၏ (၄-၁၀-၂၀၂၆)ရက်နေ့ ကြေးမုံသတင်းစာ စာမျက်နှာ-၂၆တွင် ပါရှိသည့် ကြေညာချက်ပါ အချက်အလက်များအားလုံးသည် လုံးဝမှန်ကန်မှုမရှိပါ။ ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်၊ ဥဿာသီရိ(၄)လမ်း၊ အမှတ်(၁၂၉၃)ဟုခေါ်တွင်သော မြေကွက်နှင့် မြေပေါ်ရှိ အဆောက်အဦတို့သည် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်သီတာလှိုင် (ဘ)ဦးစိန်လှိုင်[၇/ပခန(နိုင်)၃၅၆၁၁၃] နှင့်သာသက်ဆိုင်သော ပစ္စည်းများဖြစ်ပြီး ဦးခင်မောင်ချိုနှင့် လုံးဝ သက်ဆိုင်ခြင်း မရှိကြောင်းကို ဦးခင်မောင်ချို အသိပင် ဖြစ်ပါသည်။ ထိုသို့ ဦးခင်မောင်ချိုနှင့် သက်ဆိုင်ခြင်းမရှိကြောင်း၊ ဦးခင်မောင်ချိုမှ တောင်းဆိုခွင့်မရှိကြောင်းကို (၂-၁-၂၀၁၀)ရက်စွဲပါစာချုပ်နှင့် (၁၅-၁၁-၂၀၂၂)ရက်စွဲပါ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ချုပ်ဆိုသည့် ဝန်ခံကတိပြုစာချုပ်တို့တွင် ဦးခင်မောင်ချို ကိုယ်တိုင် လက်မှတ်ရေးထိုး လက်ဗွေနှိပ်ခဲ့ပြီးဖြစ်ပါသည်။ ဦးခင်မောင်ချိုနှင့် သက်ဆိုင်ခြင်းမရှိ၍သာ ကြေညာစာပါ အိမ်မြေသည်လည်းကောင်း၊ အိမ်မြေနှင့် ပတ်သက်သည့် စာချုပ်စာတမ်းများသည်လည်းကောင်း ဒေါ်သီတာလှိုင်၏ လက်ဝယ်တွင် ရှိနေခြင်းဖြစ်ပါသည်။

ထို့ကြောင့် ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်၊ ဥဿာသီရိ(၄)လမ်း၊ အမှတ်(၁၂၉၃)ဟုခေါ်တွင်သော မြေကွက်သည်လည်းကောင်း၊ မြေပေါ်ရှိ အဆောက်အဦသည်လည်းကောင်း ဦးခင်မောင်ချိုနှင့် သက်ဆိုင်ခြင်းမရှိ၍ ပိုင်ရှင်ဖြစ်သူ ဒေါ်သီတာလှိုင်၏ စိတ်တိုင်းကျ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ဦးခင်မောင်ချိုနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သီတာလှိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်သက်သက်မာ (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၁၅၉/ ၃-၄-၂၀၁၂)
အမှတ်(၁၅၉၈)၊ ဆံတော်တွင်းလမ်း၊ နန်းတော်ရာရပ်ကွက်၊ ပဲခူးမြို့။
ဖုန်း-၀၉-၅၃၀၂၃၉၁

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အရှေ့ရပ်ကွက်၊ အကွက်အမှတ်(၂၅၇)၊ ဦးပိုင်အမှတ်(၂၃-ဃ+၂၃-စ+၂၄+၂၅)၊ ၈၆လမ်း၊ ၃၀x၃၁လမ်းကြားရှိ ဒေါ်သန်းနွဲ့ အမည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၇၆၈/၂၀၂၆)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်အေးအေးချို[၉/မနတ(နိုင်)၀၄၇၈၈၂]၊ ဒေါ်မာမာအေး[၉/မနတ(နိုင်)၀၄၇၈၈၄]၊ ဦးခင်မောင်သန်း[၉/မနတ(နိုင်)၀၄၇၈၈၅]တို့က အမှုတွဲအမှတ်(၀၁၈၁/ဘ(ပြောင်း)/၂၀၂၆-၂၀၂၇)ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

မွေးသက္ကရာဇ်အမှန်

ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ်၊ မြောက်မြို့ကြက်အုပ်စု၊ မြောက်မြို့ကြက်(အနောက်)ရွာနေ ဦးမောင်ရီ၏ သမီးဖြစ်သူ ဒေါ်ခင်တိုးတိုးရီ[၉/တကန(နိုင်)၁၂၅၁၂၈] ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၃-၁၁-၁၉၈၂ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ တက်နေထွန်းသစ်ကိုယ်ပိုင်အထက်တန်းကျောင်း Grade - 11 မှ မဝသန်မိုး၏ ဖခင်အမည်မှန်မှာ ဦးဇော်[၇/မညန(နိုင်)၁၅၆၁၆၀]ဖြစ်ပါကြောင်း။

အမည်မှန်

စစ်ကိုင်းတိုင်း ဒေသကြီး၊ ရေဦးမြို့၊ သံသည်အုပ်စု၊ ကျောက်စာကုန်းကျေးရွာနေ (ဘ) ဦးဝင်းနိုင်စိုး၏သား အထက(၁) Grade(5)မှ မောင်နေဝန်းသစ်၏ အမည်မှန်မှာ မောင်နေဝင်းသစ် ဖြစ်ပါကြောင်း။

မောင်နေဝင်းသစ်

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာ အနောက်ရပ်ကွက်၊ အကွက်အမှတ်(၅၇၅)၊ ဦးပိုင်အမှတ်(၃-က)၊ ၈၆လမ်း၊ ၃၁x၃၂လမ်းကြားရှိ ဦးဘသောင်း အမည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၂၇၁၈/၂၀၁၀)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်သန်းသန်းငွေ၊ ဦးမောင်မောင်(ခ)စိန်ဝင်း၊ ဦးမြင့်အောင်၊ ဦးစိုးဝင်းနိုင်တို့ (၄)ဦးအနက် ဦးမောင်မောင်(ခ)စိန်ဝင်းပါ (၃)ဦးထံမှ စွန့်လွှတ်စာချုပ်အမှတ်(၂၇၁၉/၂၀၁၀)ဖြင့် လက်ခံခဲ့သူ ဒေါ်သန်းသန်းငွေထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၁၅၈၆/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်ခင်အောင်(ခ)ကျင်ရွှေ[၅/ကသန(နိုင်)၀၀၀၅၇၇]က အမှုတွဲအမှတ်(၀၁၈၀/ဘ(ပြောင်း)/၂၀၂၆-၂၀၂၇)ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်
မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်
စည်ပင်သာယာရေးကော်မတီ

ငြင်းချက်ထုတ်ရန်ဆင့်စာ

(တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ - ၂၀)

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်

၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၆၈

ဒေါ်သန္တာအောင်	**နှင့်**	**ဦးအရိန်း**
(တရားလို)		**(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ ကင်းဝန်လမ်း၊ အမှတ်(၁၂၇၄)နေ ဦးအရိန်း(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌တရားလိုက **"ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက် (၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝင့်ဝါဖေဝင်း)
မြို့နယ်တရားသူကြီး
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်းနှင့်အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေ ဦးဉာဏ်ထွန်း မှတ်ပုံတင်အမှတ်[၁၀/လမန(နိုင်)၀၂၇၈၁၄] သည် လမိုင်းမြို့၊ မော့ကနင်ကျေးရွာအုပ်စု၊ ရပ်ကွက်(၄)၊ ဗိုလ်ချုပ်လမ်း၊ အိမ်အမှတ်(၅)နေ ဦးကျန်လင်း မှတ်ပုံတင်အမှတ်[၁၀/ရမန(နိုင်)၁၂၂၀၂၇]နှင့် ဒေါ်လှအင်း မှတ်ပုံတင်အမှတ်[၁၀/ရမန(နိုင်)၁၃၆၈၅၁]ပိုင်သည့်မြေ၏ တစ်စိတ်ဖြစ်သော အလျားxအနံ(၆၀ပေx၂၀ပေ)တည်နေရာအနေအထားအရ အရှေ့လားသော် ဦးကျန်လင်း+ဒေါ်လှအင်းပိုင်အိမ်မြေ၊ အနောက်လားသော် ဦးအောင်မျိုးဝင်း+ဒေါ်သူဇာလင်း အိမ်မြေ၊ တောင်လားသော် ဦးဇော်ဝမ်း+ဒေါ်ဝင်းကြည် အိမ်မြေနှင့် မြောက်လားသော် ဗိုလ်ချုပ်လမ်း အသီးသီးဖြစ်သော မြေအား ၂၂ ရက်နေ့ ဇန်နဝါရီလ ၂၀၂၂ ခုနှစ်တွင် ဝယ်ယူပိုင်ဆိုင်ပြီးအပြင် လမိုင်းမြို့၊ မော့ကနင်ကျေးရွာအုပ်စု၊ ကနင်ကမော့ရွာရှိတည်နေရာအနေအထားအရ အရှေ့လားသော် ဒေါ်သီတာဝင်းခြံမြေ၊ အနောက်လားသော် ဦးကျော်သူခြံမြေ၊ တောင်လားသော်ဒေါ်မိုးခြံမြေနှင့် မြောက်လားသော် ဒေါ်ညဦး ခြံမြေအသီးသီးဖြစ်ပြီး အကျယ်အဝန်း ဧရိယာ(၅ကေ)ကိုင်းဆက်မျိုးသန့် ရော်ဘာပင် ၁၂၀၀ ခန့်ရှိ ရော်ဘာခြံအား၂၀၂၅ ခုနှစ်တွင် တရားဝင် ငွေပေးချေဝယ်ယူ ပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါပစ္စည်းကို ဝယ်ယူရာတွင် သက်ဆိုင်ရာငွေပေးချေမှု အထောက်အထား၊ ဝယ်ယူမှုစာချုပ် သဘောတူညီချက်နှင့်အခြားသက်ဆိုင်ရာ အထောက်အထားများရှိပါသည်။ အဆိုပါပစ္စည်းနှင့် သက်ဆိုင်သည့် မူရင်းစာရွက်စာတမ်းများမှာလက်ရှိတွင် ဒေါ်လှအင်း(ယောက္ခမဖြစ်သူ) ထံ၌ ရှိနေပြီး ကျွန်ုပ်မိတ်ဆွေထံသို့ ပြန်လည်အပ်နှံပေးခြင်း မရှိသေးပါ။ သို့ဖြစ်ပါ၍ အဆိုပါပစ္စည်းသည် ကျွန်ုပ်မိတ်ဆွေမှ တရားဝင် ဝယ်ယူထားသောပစ္စည်းဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အဆိုပါပစ္စည်းနှင့်ပတ်သက်၍ မည်သူမဆို မိမိတို့တွင် တရားဝင်အခွင့်အရေး၊ ပိုင်ဆိုင်ခွင့်သို့မဟုတ်အကျိုးခံစားခွင့်ရှိသည်ဟုဆိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် ဤကြေညာချက်ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ကာလအတွင်း ခိုင်လုံသော အထောက်အထားဖြင့် ကန့်ကွက်တင်ပြခြင်းမရှိပါက အဆိုပါပစ္စည်းအား ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ အခြားသူထံ ပေးအပ်ခြင်း သို့မဟုတ် မည်သည့်နည်းလမ်းဖြင့်မဆို စီမံဆောင်ရွက်ခြင်းတို့ကို ကျွန်ုပ်မိတ်ဆွေ၏ တရားဝင် အခွင့်အရေးများအား ထိခိုက်စေသော ဆောင်ရွက်ချက်များအဖြစ် သတ်မှတ်၍ လိုအပ်သည့် ဥပဒေကြောင်းအရဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဉာဏ်ထွန်း မှတ်ပုံတင်အမှတ်[၁၀/လမန(နိုင်)၀၂၇၈၁၄]၏
လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမင်းဖြိုးပြည့်စုံ(LL.B, LL.M)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၈၁၅/၂၃)
အမှတ်(၁၉)၊ လှိုင်ရွှေဝါလမ်း၊ သာယာအေးရပ်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။
ဖုန်း-၀၉-၇၉၉၈၅၅၈၀၃

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ (၈)ရပ်ကွက်၊ အမှတ်-၃/ခ ဟုခေါ်တွင်သော အိမ်မြေအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

အထက်ဖော်ပြပါလိပ်စာရှိ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၊ မြေကွက်အမှတ်-၃/ခ၊ (အလျား၂၀ပေxအနံ ၆၀ပေ)အကျယ်ရှိ ဒေါ်သန်းရွှေ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအမျိုးအစားမြေကွက်(ခေါင်းရင်းဘက်ခြမ်း)ဖြစ်သော မြေကွက်အနက်မှ တရားဝင်ခွဲစိတ်ခြင်းမပြုရသေးသော အကျယ်(အလျား ၁၁ပေxအနံ ၆၀ပေ)မြေကွက်ပေါ်ရှိ အုတ်ညှပ် (၂)ထပ်အိမ် (၁)လုံးအပါအဝင် ယင်းအိမ်မြေနှင့် ပတ်သက်ဆက်နွယ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိ ပိုင်ဆိုင်သူ ဒေါ်လောကူး[၁၀/ပမန(နိုင်)၁၄၁၆၅၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သည့် စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက် ကန့်ကွက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးနေလင်းအောင်
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၂၁၄)
အမှတ်-၅၈၇၊ မြို့ပတ်လမ်း၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းအောင်[၁၂/စခန(နိုင်)၀၂၅၁၇၈]နှင့် ဒေါ်နှင်းပွင့်ဦး[၁၂/မဂဒ(နိုင်)၁၄၈၁၁၂]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

